အောင်ဆန်းတပ်ဦးဆရာတော်

# ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ

(မဟာကမ္မဋ္ဌာနာစရိယ)

## ဓမ္မရေစင် ရွှေသံလွင်

# ဗုဒ္ဓဘာသာမြင်ကွင်း

(ဒုတိယအကြိမ်)

ချစ်ဘုန်းလူ

စီစဉ်ပူဇော်သည်



သာသနာ ၂၅၅၇ ကောဇာ ၁၃၇၅

အောင်ဆန်းမြို့

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၇၇)

ပဓာန နာယက

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ

အောင်ဆန်းတပ်ဦးဆရာတော်

ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ

ဓမ္မရေစဉ် ရွှေသံလွင်

# ဗုဒ္ဓဘာသာမြင်ကွင်း

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ✦ ဦးသန်းထွန်း
မှတ်ပုံတင်အမှတ် – ၂၅၂ (ယာယီ)
(ဓေတ္တသည္တန်ကြားရေးမှူး/ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး
ဦးစီးဌာနက ထုတ်ဝေပါသည်။

အကြိမ် ✦ ဒုတိယ အကြိမ်၊ ၂၀၀၃ – ခုနှစ်၊
ဩဂုတ်လ။

အုပ်ရေ ✦ ၄၀၀၀

အဖုံးဒီဇိုင်း ✦ နေဝင်းအောင်

ဓာတ်ပုံ ✦ ကိုမြင့်(ဒဂုဏ်ဓာတ်ပုံတိုက်)၊ အင်းစိန်

ဖလင် ✦ မြိုး

ပုံနှိပ် ✦ စွယ်တော်ပုံနှိပ်တိုက်

တန်ဖိုး ✦ ၄၀၀ ကျပ်

ဖြန့်ချိရေး ✦ “မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ”
အဖွဲ့ခွဲ(၇၇)၊ အောင်ဆန်းမြို့၊ ရန်ကုန်။
✆ း ၆၄၁၉၆၆, ၀၉–၅၀–၂၁၄၅၈

ဖြန့်ချိရေး ✦ “မျိုးဆက်သစ်စာပေ”
အမှတ် (၂၁၂) (ခ/၂)၊ (၃၆) လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
✆ း ၂၄၉၉၄၁

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးတင်လွှာ | |
| ၂။ | ဓမ္မဒါန အလှူရှင် | ၁ |
| ၃။ | သံသရာဆွေမျိုးများ | ၃ |
| ၄။ | မြတ်သောတစ်ရက်တာ | ၄ |
| ၅။ | အပါယ်လေးပါး ကိုယ်ပိုင်အိမ် | ၅ |
| ၆။ | တရားမိုး ရွာတဲ့ခေတ် | ၉ |
| ၇။ | လူဖြစ်ကျိုးမနပ် | ၁၁ |
| ၈။ | ဗုဒ္ဓဘာသာသုံးမျိုး | ၁၂ |
| ၉။ | မူလတန်းဗုဒ္ဓဘာသာ | ၁၃ |
| ၁၀။ | အလယ်တန်းဗုဒ္ဓဘာသာ | ၁၉ |
| ၁၁။ | ပဋိစ္စသမုပ္ပါဒ်ဆိုတာ | ၂၃ |
| ၁၂။ | အတောင်ကျွတ်သောကြိုးကြာလို | ၂၄ |
| ၁၃။ | သတ္တဝါတွေရဲ့သဘာဝ | ၂၆ |
| ၁၄။ | အယူမှန်ဖို့အရေးကြီး | ၂၉ |
| ၁၅။ | ပဋ္ဌာန်းနန္ဒိယကံထက်ကြောက်စရာကောင်း | ၃၁ |
| ၁၆။ | သံသရာသစ်ဝုတ် | ၃၃ |
| ၁၇။ | လောကဓံအားကိုးရာ | ၃၇ |
| ၁၈။ | ကိုးကွယ်ရာတခြားမရှိ | ၄၀ |

| | | |
|---|---|---|
| ၁၉။ | ကိုးကွယ်ရာသရဏဂုံတွေဖောင်းပွ | ၄၁ |
| ၂၀။ | ငြိမ်းချမ်းရေးတာရား | ၄၈ |
| ၂၁။ | အရှုံးနဲ့ရင်ဆိုင်တဲ့ပုဂ္ဂိုလ်တွေ | ၅၀ |
| ၂၂။ | ဘိုးတော် 'မ' လို့ ဖြစ်တာလား | ၅၅ |
| ၂၃။ | ရင်နာစရာတွေ | ၅၈ |
| ၂၄။ | ဝိဇ္ဇာသီလ စိတ်မချ | ၅၉ |
| ၂၅။ | ငရဲလက်မှတ်ယူနေ | ၆၆ |
| ၂၆။ | ဒေါသငြိမ်းတဲ့နည်း | ၆၇ |
| ၂၇။ | အထက်တန်းဗုဒ္ဓဘာသာ | ၇၀ |
| ၂၈။ | ဘဝဖြစ်စဉ် | ၇၃ |
| ၂၉။ | ကိုယ်ပိုင်နှင့် ဘုံပိုင်ပစ္စည်း | ၇၅ |
| ၃၀။ | အသိနဲ့ပြုတ်ရင် | ၈၁ |
| ၃၁။ | မနက်အားထုတ် ညနေရ | ၈၃ |
| ၃၂။ | ဝိပါကဝဋ် ရုပ်နာမ် | ၉၀ |
| ၃၃။ | သစ္စာမသိတဲ့စိတ် | ၉၂ |
| ၃၄။ | ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ် | ၉၄ |
| ၃၅။ | ငရဲမျိုးစေ့ | ၁၀၃ |
| ၂၆။ | ဘဝအောမခံချက် | ၁၀၅ |
| ၂၇။ | တာဝန်ကြီးသုံးရပ် | ၁၀၉ |
| ၂၈။ | ဒိဋ္ဌိပြုတ်ဝါဒ | ၁၁၀ |
| ၂၉။ | စည်းပျက်ကမ်းပျက်ဘုန်းကြီး | ၁၁၁ |

# ကျေးဇူးတင်လွှာ

ဗိုလ်တစ်ထောင်မြို့နယ် အမှတ် (၁၄) တပ်မတော် ထောက်လှမ်းရေးတပ်၊ တပ်မှူး ဗိုလ်မှူးမျိုးအောင်၊ ဇနီး ဒေါ်သီတာဝင်းတို့ ဦးဆောင်၍ တပ်မတော် မိသားစုများ ပဋိစ္စ သမုပ္ပါဒ်ကို နားလည်အဝါးဝ အခြေပါဒ ရစေခြင်းငှာ နှစ်စဉ် တစ်ဝါတွင်းလျှင် (၁၀) ရက်စခန်း (၂) ကြိမ်ကျဖြင့် ယခုထိ (၃)နှစ်၊ (၃) ဝါတိုင်တိုင် ပဋိစ္စသမုပ္ပါဒ် အခြေခံတရားကို ဟောပြော ပို့ချခွင့် ရခဲ့ပါသည်။

ယခုနှစ် (၁၃၆၁) ခုနှစ်တွင် ဗိုလ်မှူးမျိုးအောင်၏ စီစဉ် ဆက်သွယ်ပေးမှုအရ ရွှေသံလွင်ဝင်းကြီးတွင် သီဟသုခမ္မ မဏ်ဖောတခရ ဦးသိန်းဝင်းနှင့် ဇနီး သီဟသုခမ္မသိင်္ဂီ ဒေါ်နီနီ တို့ ဦးဆောင်၍ ရွှေသံလွင် ကုမ္ပဏီဝန်ထမ်းများ၊ ဝန်းကျင် ရပ်ကွက်ရှိ ဒကာ ဒကာမများနှင့် တပ်မိသားစုများအား (၂၀-၃-၂၀၀၀) နေ့တွင် တရားပွဲကြီး ဆင်ယင်ကျင်းပ၍ ဗုဒ္ဓဘာသာအခြေခံနှင့် ပဋိစ္စသမုပ္ပါဒ်တရားများ ဟောကြား ခွင့် ရခဲ့ပြန်သည်။

ဤ စာအုပ်ငယ်သည် ယင်း ရွှေသံလွင်ကုမ္ပဏီတွင် ဟောကြားသည့် တရားကို စာပေမှတ်တမ်းအနေအဖြစ် စီစဉ် ထားခြင်း ဖြစ်သည်။

- အမှတ် (၁၄) တပ်မတော်ထောက်လှမ်းရေးတပ် တပ်မှူး ဗိုလ်မှူးမျိုးအောင်နှင့် ဇနီးဒေါ်သီတာဝင်း

- အမှတ် (၁၄) တပ်မတော်ထောက်လှမ်းရေးအကူတပ် မိသားစုများ

- သိဟသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း ဇနီး သိဟသုဓမ္မသိင်္ဂီ ဒေါ်နီနီ ( ရွှေသံလွင်မိသားစု )

- ဦးသိန်းထွန်း ၊ ဒေါ်ဖြူဖြူလွင်မိသားစု

- ဒေါက်တာလူမော်၊ ဒေါက်တာအေးကျော်

- ဗိုလ်တထောင်မြို့နယ်၊ အမှတ် ( ၂ ) ရပ်ကွက်၊ အေးချမ်းဖြိုးကောင်စီ ဦးလွင်ဦး၊ ဦးတွတ် အစရှိသော ဘုန်းကြီးကျောင်းသားအဖွဲ့

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ

- မီးသတ်နှင့် ကြက်ခြေနီအဖွဲ့ဝင်များအား ကျေးဇူး ဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ပါသည်။

အရှင်သန္တမဟိတ္တိသာရ

(မဟာကမ္မဋ္ဌာနာစရိယ)

# အမတဒါန တရားအလှူ ပေးဝေသူများ

**အရှင်နန္ဒိယ** (ဇေယျာနရိန်မြောင်းမြ)

မိုးရာသီရဲ့တစ်ခုသော နေ့လည်ခင်းအချိန်။ စာရေးဆရာကိုရွှေသောင်းဝင်း (ချစ်ဘုန်းလှူ)နဲ့ ဆရာမြေလတ်မင်းလွင်တို့ စာရေးသူရှိရာ ကမ္ဘာအေးသို့ ရောက်ရှိလာပါတယ်။ ခရီးရောက်မဆိုက် အောင်ဆန်းတောရ တပ်ဦးကျောင်းဆရာတော်ရဲ့ ဟောတရားများထဲမှ တစ်အုပ်ဖြစ်တဲ့ "ဗုဒ္ဓဘာသာ မြင်ကွင်း" စာအုပ်ကို ဆက်ကပ်ပြီး သီးသန့်စာအုပ်မှာ ထင်မြင်ချက်အမှာတစ်ပုဒ် ရေးသားချီးမြှင့်ပါလို့ လျှောက်ထားလာပါတယ်။

စာအုပ်ကို ကြည့်လိုက်တော့ တပ်ဦးကျောင်းဆရာတော်ရဲ့ ရွှေသံလွင်ကုမ္ပဏီဝင်းမှာ မေ့ဒါန ဟောကြားခဲ့တဲ့ ဗုဒ္ဓဘာသာမြင်ကွင်း စာအုပ်ပါ။ ပထမကြိမ် အမှာမပါလို့ ဒုတိယအကြိမ်ရိုက်မှာမို့ အရှင်ဘုရားရဲ့ အမှာ စာကိုလိုချင်လို့ လာရောက်တောင်းခံရတာဖြစ်ကြောင်း ထပ်ဆင့် လျှောက်ထားလာပါတယ်။

ရေးသားပေးပါ့မယ်လို့ ဝန်ခံလိုက်ပေမဲ့ ဆရာတော်ကြီးရဲ့ တရားတော်များကို စာရေးသူအနေနဲ့ ကိုယ်တိုင်ကိုယ်ကျ နာကြားခဲ့ရမှုမရှိခဲ့တာကြောင့် အမှာရေးဖို့စဉ်းစားရပြန်ပါတယ်။ ဒါပေမဲ့ ဆရာတော်ကြီးရဲ့ ဟောစဉ်တရားများကိုတော့ ဘာသာရေးမဂ္

စာစောင်တွေမှာ မကြာခဏ ဖတ်ရှုကြည့်ညိုရဖူးပါ တယ်။ အထူးအားဖြင့် ဟသ်ာတ အကျဉ်းထောင် မှာ ဟောကြားတဲ့ တရားတစ်ပုဒ်ကိုတော့ ကာလဒေသ ပုဂ္ဂလနဲ့လျော်အောင် ရိုးရှင်းစွာ ထိထိမိမိဟော ကြားခဲ့တဲ့တရားဖြစ်တာမို့ စာရေးသူရင်ထဲ အခုထက် ထိစွဲကျန်နေဆဲပါ။

အဲဒီတရားကို ဖတ်ရှုကြည့်ညိုပြီးတဲ့နောက် ပိုင်း ဆရာတော်ကို ကိုယ်တိုင်ဖူးမြော်လိုစိတ် ဖြစ်ခဲ့ ပါတယ်။ ဒီအတောအတွင်း ပုသိမ်က စာပေမိတ်ဆွေ အရှင်ထေရ ဝံသ (ပုသိမ်) ကလည်း ဆရာတော်ကြီးကို သွားရောက် ဖူးမြော်ဖို့ မကြာမကြာ ဖိတ်ခေါ်ပါတယ်။ ဒါပေမဲ့ အခွင့်မကြုံခဲ့လို့ မသွားဖြစ်ခဲ့ပါဘူး။

မနှစ်က တန်ဆောင်မုန်းလကတော့ တိုက်တိုက် ဆိုင်ဆိုင် အပ္ပမာဒမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာ မြသန်းစံက သူ့ရဲ့ (ဒဂုံမြောက်ပိုင်း) နေအိမ်မှာ အောင်ဆန်းတောရ ဆရာတော်ကြီး ဦးဆောင်ပြီး အသံမစဲမဟာပဌာန်းပူဇော်ပွဲ (၃) ရက်တိုင်တိုင် ကျင်းပမယ်။ အရှင်ဘုရားလဲ ကြွခဲ့ပါဆိုလို့ အဲဒီပွဲမှာ ဆရာတော်ကို ပထမဦးဆုံး အနီးကပ် ဖူးမြော်ခွင့် ရခဲ့ပါတယ်။ အဲဒီပဌာန်းပွဲမှာ ဆရာတော်ကြီးရဲ့ တရားဟောပုံ အသံသြဇာပြည့်ဝပုံ၊ စေတနာသဒ္ဓါ ထက်သန်ပုံ၊ မေတ္တာတရားကြီးမားပုံတို့ကို အနီးကပ် ဖူးမြင်ရကာ ဖော်ရွေစွာနဲ့ တရားစကားများလည်း ဆွေးနွေးခဲ့ပါ တယ်။ အဲဒီနောက်ပိုင်း ဆရာတော်ကြီး

က သူဟောတရား စာအုပ်များထွက်တိုင်း စာပေ စိတ်ဓါတ်အပြည့်အဝနဲ့ စာရေးသူတို့ကို ဓမ္မလက်ဆောင် အဖြစ် ပေးပို့လှူ ဒါန်းပြီး အကဲဖြတ်ဝေဖန်စေခဲ့ပါတယ်။ အဲဒီအချက် ကို ကြည့်ခြင်းအားဖြင့် ဆရာတော်ကြီးရဲ့ မာန်မာနမရှိ ပကတိ ဖြူစင်ရိုးသားစွာနဲ့ တရားဟော တတ်တဲ့ ဓမ္မကထိက ဆရာတော်တစ်ပါးဖြစ်ကြောင်း စာရေးသူ လေ့လာအကဲခပ် ကြည့်မိပါတယ်။

အခု "ဓမ္မရေစင် ရွှေသံလွင် ဗုဒ္ဓဘာသာ မြင်ကွင်း" စာအုပ်ဟာလဲ ဆရာတော်ဘုရားရဲ့ ဟောစဉ်တရားတစ်ပုဒ်ပါ၊ စာအုပ်အမည်ကို စီစဉ်သူ ဆရာချစ်ဘုန်းလူက ဗုဒ္ဓဘာသာမြင်ကွင်း အမည်ထက် ရွှေသံလွင်ကုမ္ပဏီဝင်းကြီးမှာ ဟောကြားတဲ့တရား ဖြစ်တာမို့ ရွှေသံလွင်ကုမ္ပဏီကို ဂုဏ်ပြုတဲ့အနေနဲ့ ဓမ္မရေစင် ရွှေသံလွင် ဗုဒ္ဓဘာသာ မြင်ကွင်းလို့ အမည်ပေးထားခြင်း ဖြစ်ပါတယ်။

တရားတော်ကိုဖတ်ရှုလိုက်တယ်ဆိုရင်ပဲ တရား အဖွင့် စာမျက်နှာ၏ စကားချီကိုကြည့် ခြင်းအားဖြင့် မိမိတို့ သာသနာ့ဝန်ထမ်းရှင်ရဟန်းများရဲ့ တာဝန်အတိုင်း ပစ္စည်းလေးပါးနဲ့ အစဉ်ချိမြောက် ထောက်ပံ့နေကြတဲ့ ဒကာဒကာမတွေကို တရားတော်နဲ့ တာဝန်ကျေပွန် စွာ ကျေးဇူးဆပ်လိုကြောင်း ထင်ရှားနေပါတယ်။

မှန်ပါတယ်၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်း မှန်လျှင် "ဓုရနှစ်ပြင်၊ အလုပ်ခွင်၊ နေ့စဉ်မှန်မှ သမဏ" ဆိုစကားအတိုင်း ဂန္ထဓုရ ဝိပဿနာဓုရ

တစ်ခုခုကို လုပ်ဆောင်နေမှသာ ရဟန်းစစ် ရဟန်းမှန် သာသနာ့ တာဝန်ကျေပွန်တယ်လို့ ဆို နိုင်ပါတယ်။ ဒါကြောင့် ဘုရားရှင်က ဣတိဝုတ်ပါဠိ တော်မှာ ရဟန်းတော်များကို –

၁။ ဓမ္မံ ဒေသေထ = မိမိတို့အား အာမိသဒါန ပစ္စည်းလေးပါးအမြဲကျေးဇူးပြုနေကြတဲ့ ဒကာ၊ ဒကာမ တွေကို တရားဟောပြောခြင်း ဓမ္မဒါနနဲ့ အစဉ်တုန့်ပြန် ကျေးဇူးပြုကြရမယ်။

၂။ ဗြဟ္မစရိယံ ပကာသေထ = သူတစ်ပါးကို ဟောပြောသကဲ့သို့ မိမိကိုယ်တိုင်ကလည်း မြတ်သော ကျင့်ဝတ်သီလများကို စံပြအဖြစ် ကျင့်သုံးနေထိုင် ပြရမယ်လို့ ဟောကြားတိုက်တွန်းတော်မူခဲ့ပါတယ်။

အခုအောင်ဆန်းတောရ တပ်ဦးကျောင်း ဆရာ တော်ကတော့ ကိုယ်တိုင်လဲပဲ သမထ ဝိပဿနာတရား များကို ကျင့်ကြံအားထုတ်နေသလို သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့နေကြတဲ့ ဒကာ၊ ဒကာမ တွေကိုလည်း ''**ဝိပဿနာ မြင်ကွင်း၊ ဗုဒ္ဓဘာသာ မြင်ကွင်း။ ဗုဒ္ဓဟောကြား မသေဆေးတရား**'' စသည့် တရားတော်များနဲ့ပြန်လည် ဓမ္မဒါနပြု ကျေးဇူးဆပ် နေတယ်ဆိုတာ ထင်ရှားလှပါတယ်။

ဘုရားရှင်ကိုယ်တော်တိုင်က သံယုတ်ပါဠိ တော်မှာ ''အမတံ ဒဒေါစ သော ဟောတိ၊ ယောဓမ္မ မနုသာသတိ (သံ၊ ၁၊ ၂၉၂) စာပေရေးသား၊ တရား ဟောစာချ၊ ဓမ္မသဘင်၊ ပြုဆင်ယင်၍၊ စာစဉ်ဓမ္မ၊ ဖြန့်ဝေငှလျှင်၊ အမတအလှူ၊ ပေးသူမည်၏လို့ ဆိုထား ပါတယ်။

သာဂါရော အနာဂါရာစ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမ မနုတ္တရံ။

(ဣတိဝုတ်ပါဠိ)

ဆရာဒကာ၊ ဤနှစ်ဖြာလျှင်၊ သာသနာကျိုး၊ စည်ပင်ဖြိုးဖို့၊ သယ်ပိုးရွက်ချီ၊ ချင်းချင်းမှီလျက်၊ ကိုယ်စီကြိုးပမ်း၊ တာဝန်ထမ်း၍၊ ရှင်လန်းကြည်ဖြူ အားသစ်ထူမည်၊ နိဗ္ဗူရွှေပြည်တိုင်အောင်တည်း။ ဆိုတဲ့စကားအတိုင်း ဆရာ ဒကာရေနဲ့ကြာပမာ အစဉ်ထာဝရလက်တွဲပြီး မြတ်ဗုဒ္ဓ၏ ပရိယတ္တိ ပဋိပတ္တိ သာသနာတော်ကို စွမ်းအားရှိသရွေ့ လက်တွဲ ဆောင်ရွက်ကြလျက် ပဋိဝေဓ သာသနာဆိုတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို လှမ်းကိုင်နိုင်ပါစေလို့ ဆန္ဒပြုရင်း ဤအမှာ စာလွှာကို နိဂုံးချုပ်လိုက်ရပါတယ်။

အရှင်နရိန္ဒ (ဓေယျာနရိန်-မြောင်းမြ)
သာသနတက္ကသီလ မဟာဓမ္မာစရိယ
M.A (Buddhism)
ဌာနစုမှူး၊ မော်ကွန်းထိန်းဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

# ဗုဒ္ဓဘာသာမြင်ကွင်း ရင်တွင်းသို့စီးဆင်းစေ

စာအုပ်တစ်အုပ်တွင် အမှာစာရေးသားရ မည်ကို စာရေးသူသည် အထိုက်အလျောက် ရွံ့ကြောက်မိသည်မှာ အမှန်ပင်။ အဘယ်ကြောင့် ဆိုသော် မိမိအမှာစာရေးသားပေးရမည့် စာအုပ်၏ ဆိုလိုချက် အနက်အဓိပ္ပါယ် အကျွယ်အဝှက်၊ အနက်အတိမ်၊ အလိမ်အဖြောင့်၊ အနှောင့်အသွား၊ အပါးအထူ၊ အပူအအေး၊ အနှေးအလျှင်တို့ကို တွေးဆင်ခြင်သည့်အခါတွင် ခြုံမိငုံမိအောင် သုံးသပ်မိပါက တော်သေး၏။ ယင်းသို့မဟုတ်ဘဲ အမှာစာရေးသားရမည့် စာအုပ်၏ အဓိပ္ပါယ်ကတစ်ခြား၊ ရေးသားထားသည့် အမှာစာကတစ်သွယ်ဆိုလျှင် အလွန်ပင် ရှယ်ဖွယ်ကောင်းလှပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်သည် အမှာစာရေးသားရမည့်အလုပ်ကို အဟုတ်ပင် ရင်လေးမိခဲ့သည်။

မလွဲသာ၍ အမှာစာရေးသားရမည်ဆိုပါကလည်း မိမိအမှာစာရေးသားရမည့် စာအုပ်ကို ဂ–နု သေချာလေ့လာမှတ်သားပြီးမှ စွမ်းနိုင်သမျှကို ကြိုးစား၍ ရေးသားရတော့သည်။

အခုလည်း ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ အောင်ဆန်းဆရာတော်၏ ဗုဒ္ဓဘာသာမြင်ကွင်း ဒုတိယအကြိမ်ရိုက်နှိပ်ထုတ်ဝေရန်အတွက် အမှာစာရေးသားပေး ပါရန် စီစဉ်သူ ''ချစ်ဘုန်းလူ'' က တောင်းဆိုလာ ပါသည်။

ထိုအခါငြင်းမရ၍ အင်းချလိုက်ရသော ယင်းအမှာစာအတွက် ကျွန်ုပ်သည် ''ဗုဒ္ဓဘာသာ မြင်ကွင်း''

ကိုထပ်မံဖတ်ရှုရန်အားထုတ် ရပြန်သည်။ ယင်း "ဗုဒ္ဓဘာသာမြင်ကွင်း" စာအုပ်ကား အောင်ဆန်း ဆရာတော်ချီးမြှင့်ထား၍ ကျွန်ုပ်လက်ထဲတွင် ရောက်ရှိ နေတာကြာခဲ့ပါပြီ။ အခေါက်ခေါက်အခါခါလည်း ဖတ်ဖြစ် ခဲ့ပါသည်။ စာပေ၏ အရသာကို ခံစားလို၍ ဖတ်ခြင်းမျိုး ဖြင့်သာ ဖတ်ဖြစ်နေခဲ့သည်။ အမှာစာရေးသားရန် အတွက် အားမထုတ်ခဲ့။

ယခုမူ အမှာစာရေးသားရန်အတွက် ဇွဲစပ် သေချာစွာ ပြန်၍ဖတ်ဖြစ်ခဲ့ပါသည်။ စူးစိုက်သည်။ ခံစားသည်။ မှတ်သားသည်။ တစ်ခေါက်။ နှစ်ခေါက်။ သုံးခေါက်။ ယင်းသို့အကြိမ်ကြိမ်ဖတ်ရှု ခံစားမှတ် သားရင်းဖြင့် လူများအပေါ် ဤသို့ထင်မြင်ယူဆ ကောက်ချက်ချမိသည်။

- လူတို့သည် ဗုဒ္ဓဘာသာကို မိဘကိုးကွယ် ၍သာ ကိုးကွယ်ကြသည်။ အနှစ်သာရ ကိုသိ၍ ကိုးကွယ်သူကားနည်းပါး လှသည်။
- လူတို့သည် ကိုးကွယ်ရာအစစ်အမှန်ကို မျက်ကွယ်ပြု၍ အတုအယောင်များကိုသာ ကျေနပ်နေကြသည်။
- လူတို့သည် အုတ်အရောရော၊ ကျောက် အရောရောဖြင့် ဘာသာ့ယိမ်းလိုက် ရေယိမ်း လိုက်ဖြင့် အမှန်တရားကို မေ့ထားကြသည်။
- လူတို့သည် ဝစီကံက "နိဗ္ဗာန် နိဗ္ဗာန်" ပြောကြတောင်းကြသော်လည်း မနောကံ၊ ကာယကံတို့ကား နိဗ္ဗာန်နှင့် ဖီလာဆန့်ကျင် ခရီးနှင်နေကြသည် --- စသည် စသည် ---

- ထို့အတူ ''ဗုဒ္ဓဘာသာမြင်ကွင်း'' အပေါ်လည်း ဤသို့ခံစားရသည်။
- ''ဗုဒ္ဓဘာသာမြင်ကွင်း'' သည် မိရိုးဖလာဗုဒ္ဓဘာသာမှ လေးနက်ခိုင်မာသော ဗုဒ္ဓဘာသာသို့ တွန်းပို့ပေးနိုင်သည်။
- အယောင်အတုတို့ဖြင့် မှောင်ထုထဲကျရောက်နေသည့်သူများအား အလင်းကမ္ဘာဖြင့် အချင်းသာစေနိုင်သည်။
- ဤကား ကုသိုလ် အကုသိုလ်,ဟု အပိုအလိုမရှိ တိကျစွာ ညွှန်ပြ၍ ကမ္ဘာ့သကတာ သမ္မာဒိဋ္ဌိဉာဏ်ကို ပေးစွမ်းနိုင်သည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဗုဒ္ဓဘာသာတို့ကို ကွဲပြားခြားနားအောင် ညွှန်ပြပေးသည့်အပြင် အယူအမြင်စင် ကြယ်အောင် လျှော်ဖွပ်၍ တည့်မတ်ဖြောင့်မှန်သော လူနေမှုဘဝကို လှပအောင် ဖန်တီးပေးနိုင်သည် စသည် --- စသည်။

ခြုံ၍ ဆိုရသော် ''ဗုဒ္ဓဘာသာမြင်ကွင်း'' ဟူသော စမ်းရေ အလျဉ်သည် လူသားတိုင်း၏ ရင်တွင်းသို့ စီးဆင်းခွင့်သာခဲ့ပါမူ အေးချမ်းသောဘဝ၊ လှပသောအသွင်၊ ဖြူစင်သောမေတ္တာ၊ ကြင်နာသောစရိုက်တို့ဖြင့် သိုက်မြိုက်ဖွံ့ဖြိုးကာ ကောင်းကျိုးအနန္တ ရရှိခံစားကြရလိမ့်မည်, ဟု တွေးထင်ခံစားရမိတော့သည်။ ။

မြေလတ်မင်းလွင်
၇.၇.၂၀၀၃

# မျက်နှာစာပုံရိပ်ခံစားမှု

ကျမ်းဂန်များတွင် ဗုဒ္ဓဘုရားရှင်များပွင့်တော်မူခြင်းကို ကြာပန်းဖြင့် နိမိတ်ပုံပြုကြောင်း သိရပါ၏။ သို့ဆိုလျှင် ကြာပန်းသည် ဗုဒ္ဓ (သို့မဟုတ်) ဉာဏ်ပညာ၏ ကိုယ်စားပြု သင်္ကေတဖြစ်ပါသည်။

ဤစာစုငယ်တွင် ဗုဒ္ဓဘာသာကို အသိဉာဏ်အဆင့်အလိုက် အနုအရင့် (၃) မျိုးခွဲခြားဖော်ပြထားသည်ဖြစ်ရာ ဤစာစုကို ဖတ်ရှုခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များကိုယ်တိုင် မိမိ၏ အဆင့်အတန်းကို သိနိုင်သကဲ့သို့ အခြားဘာသာဝင်များကလည်း ဗုဒ္ဓဘာသာကို မြင်ကွင်းတစ်ရပ်သဖွယ် ရှုမြင်သုံး သပ်နိုင်ပါသည်။

သို့ဖြစ်ရာ ကြာပန်းတို့၏ ဖူးရာမှငုံ၊ ငုံရာမှပွင့် အဆင့်ဆင့်သော သင်္ကေတ နိမိတ်၏ ခံစားမှုပုံရိပ်ကို ဖော်ကြူးထားပါကြောင်း။

2003

( ပန်းချီနေဝင်းအောင် )

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံး

### အောင်ဆန်းဆရာတော်၏ ထုတ်ဝေခဲ့ပြီးသောစာအုပ်များ

၁။ ဝိပဿနာမြင်ကွင်း (တတိယအကြိမ်)

၂။ ဗုဒ္ဓညွှန်ကြား မသေဆေးတရား (တတိယအကြိမ်)

၃။ **BUDDHA'S WAY OF IMMORTAL MEDICINE**

၄။ သစ္စာအလင်း ဓမ္မမြင်ကွင်း

၅။ ငြိမ်းချမ်းရေးဓမ္မဒေသနာ (ဒုတိယအကြိမ်)


၆။ ဓမ္မရေစင် ရွှေသံလွင် ဗုဒ္ဓဘာသာမြင်ကွင်း (ဒုတိယအကြိမ်)

၇။ မေ့ခံထိုက်စေ လှူမျှဝေ၍

၈။ ရင့်ကျက်စိတ်ထား ဉာဏ်စွမ်းအားဖြင့် (သမထ၊ ဝိပဿနာအားထုတ်ကြသူယောဂီသူတော်စင်များသို့)

၉။ ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း

အထူးသင်တန်း ဆယ်ရက်စခန်း (စီစဉ်ဆဲ)



အောင်ဆန်းတပ်ဦးဆရာတော်

# ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ

(မဟာကမ္မဋ္ဌာနာစရိယ)

# ၁ ဗုဒ္ဓဘာသာမြင်ကွင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ဓမ္မဒါနအလှူရှင်

ဒီနေ့ တရားပွဲကြီးဟာ ဗိုလ်တထောင်မြို့နယ်၊ ရွှေသံလွင် ကုမ္ပဏီဝင်းကြီးမှာ ကျင်းပတဲ့ ဓမ္မဒါန တရားအလှူရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနဲ့ ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နီနီ သားသမီး မြေးမြစ်တစ်စု "ရွှေသံလွင် မိသားစု" များရဲ့ ဓမ္မဒါနတရားအလှူပွဲကြီး ဖြစ်ပါတယ်။

ဒီတရားပွဲကြီးသို့ ကြွရောက်ကြပြီး တရားနာကြတဲ့ အားလုံးသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ –

အနမတဂ္ဂ သံသရာမှာ သတ္တဝါတွေ ကျင်လည်လာခဲ့ကြရာမှာ တစ်ဦးနှင့်တစ်ဦး မတွေ့မကြုံမဆုံတဲ့ ဘဝရယ်လို့မရှိပါဘူး။ အားလုံးသော မိဟောင်း ဖဟောင်း ဆွေဟောင်း မျိုးဟောင်းများ ယနေ့ ဤနေရာ ဤဌာန သံသရာတစ်ကွေ့ ပြန်လည် ဆုံတွေ့ ကြတဲ့အခါ ယနေ့ည မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း တရားဓမ္မဖြင့် ဆွေတော် မျိုးတော်များကို ကျွေးမွေးဆပ်မှာဖြစ်ပါတယ်။

## ဓမ္မဒါနအလှူများ

အလှူရှင်များရဲ့ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဆိုတဲ့ တရားနဲ့ ဆက်စပ်တဲ့ အလှူတွေဟာ အားလုံးသောအလှူ ထက် မြင့်မြတ်တယ်။ အမြင့်မြတ်ဆုံးပဲဆိုတာ ဘုရားရှင် ဟောခဲ့ပါ တယ်။ ယနေ့ တရားနဲ့ ဆက်စပ်တဲ့အလှူ တွေ–

- မော်တော်ယာဉ်အလှူ
- ငွေကျပ် ၄၀၀၀ဝိ/– (ကျပ်လေးသောင်း)တန် တရားပလ္လင် အလှူ ၊
- တရားပွဲ ဖြစ်မြောက်ရန် ထီးဖြူ ၊ ရာဇမတ် သာသနာ့အလံ အစရှိတဲ့အလှူ ၊
- ဓမ္မပူဇာ နဝကမ္မအလှူ ၊
- တရားနာပရိသတ်များ လွယ်ကူချမ်းသာစွာ တရားနာနိုင်ရန်အတွက် (100" TV )နှစ်လုံး
- တရားနာပရိသတ်များအား ညစဉ် ညတိုင်း အချိုရည် အစရှိသည်များ လှူဒါန်းတဲ့အလှူ
- ဦးသိန်းထွန်း – ဒေါ်ဖြူဖြူသွင် မိသားစု၊
- ဦးမောင်မောင်ထွေး (အေဝမ်းကုမ္ပဏီ) မိသားစု တို့ရဲ့မီးအလင်းအတွက် မီးစက်အလှူ ၊
- ဝေယျာဝစ္စ ကုသိုလ်ယူကြတဲ့ ဗိုလ်တထောင် မြို့နယ် အမှတ်(၂)ရပ်ကွက် အေးချမ်းဖြိုး

ကောင်စီ ဦးလွင်ဦးနဲ့ ဘုန်းကြီးကျောင်းသား
များအဖွဲ့ ၊ ပြည်နိုင်ဖြိုး အဖွဲ့ဝင်များ ၊ မီးသတ်
နဲ့ ကြက်ခြေနီအဖွဲ့ဝင်များ ၊ အမှတ် ( ၁၄ )
ထောက်လှမ်းရေးတပ်၏ တပ်မှူးနှင့်တကွ
အားလုံးသော မိသားစုများ အပါအဝင်
ဒါတွေဟာ ယနေ့ည တရားနဲ့ဆက်စပ်တဲ့
ကောင်းမှုရှင်များ ကောင်းမှုထူးကြီးများ ဖြစ်ပါတယ်။

## သံသရာ ဆွေမျိုးများ

တရားနဲ့ ဆက်စပ်တဲ့ ကုသိုလ်ထူးကြီးကို ပြုကြတော့ စောစောက တရားပွဲအဖွင့်မှာ ပြောသလို ယနေ့ တရားဒကာ တရားအမ ဝေယျာဝစ္စ အကျိုးဆောင်၊ တရားနဲ့ ဆက်စပ်တဲ့ အားလုံးသော ရ –ရက်သာသမီး၊ အားလုံးသော ဒကာ ဒကာမ အပေါင်းတို့ဟာ ဘုန်းကြီး များနဲ့ ယခုမှ တွေ့ကြရတာလို့ သဘောမထားဘဲနဲ့ ဘဝသံသရာက ငါတို့ တွေ့ကြုံ ဆုံလာခဲ့တဲ့ ဆွေမျိုးတွေပဲ ဆိုရင် တရားနာပရိသတ်ကြီး မမှန်ဘူးလား၊ (မှန်ပါ တယ်ဘုရား) ဆွေတော် မျိုးတော်တွေပါ။

အဲဒီ ဆွေတော်မျိုးတော်တွေကို ဘုန်းကြီးများက လည်းပဲ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့ ဒေသနာ များမှ မှတ်သားမိသမျှ ကြိုးစားပြီး ဟောကြားမှာ

ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးအနေနဲ့ ယခု တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ဟောဒီ တရားပွဲထဲမှာပင် မဂ်ဆိုက် ဖိုလ်ဝင် နိဗ္ဗာန်ကို သိမြင် နိုင်ကြပါစေဆိုတာ ဓမ္မကထိက ဆရာတော်များထားရှိတဲ့ မေတ္တာ စေတနာ အရင်းခံပါပဲ။

ဘုန်းကြီးများလည်း ဒီမေတ္တာ စေတနာအရင်းခံအတိုင်း ကြိုးစားပြီးတော့ ဟောပါ့မယ်လို့ ဝန်ခံကတိပြုပါတယ်နော်။

## မြတ်သော တစ်ရက်တာ

ဒါကြောင့် ယခုဟောတဲ့ တရားတွေဟာ မိုးကုတ်ဆရာတော်ဘုရားကြီး၊ ဘုရား ကိုယ်စားလှယ်အဖြစ် ဟောကြား သွားတဲ့ တရားတော်တွေကိုသာလျှင် ဘုန်းကြီး မှတ်မိသမျှ ဟောမှာဖြစ်ပါတယ်။

ဒီနေ့ည အများသမုတ်ထားတဲ့ အောင်ဆန်းဆရာတော် အနေနဲ့ ကိုယ့်ဉာဏ်နဲ့ကိုယ် ဟောမှာမဟုတ်ပါဘူး။ မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတဲ့ တရားတော်တွေထဲကသာ မှတ်ထားမိသမျှ ဟောမှာဖြစ်သည့်အတွက်ကြောင့် လူ့ဘဝ လူ့လောကကြီးမှာ လူရယ်လို့ ဖြစ်လာပြီဆိုရင် သစ္စာတရားတွေ မသိဘဲနဲ့ လူ့ဘဝအသက်ရှင်နေရတာဟာ မြတ်သော အသက်ရှင်ခြင်းမဟုတ်ဘူးလို့ ဘုရားရှင် ဟောကြားပါတယ်။

ဓမ္မပဒမှာ –

ယော စ ဝဿသတံ ဇီဝေ ၊
ဒုဿီလော အသမာဟိတော ။
ဧကာဟံ ဇီဝိတံ သေယျော ၊
သီလဝန္တဿ ဈာယိနော – လို့ဘုရားရှင် ဟောကြားထားပါတယ်။ သီလ သမာဓိ မရှိဘဲ အသက်တစ်ရာရှင်နေရခြင်းထက် သီလရှိသူ တစ်ဦးအဖြစ် တစ်ရက်တာ အသက်ရှင်နေရခြင်းဟာ ပိုမြတ်ပါတယ်တဲ့။ ဒါကြောင့် သီလဝန္တ အဖြစ်နဲ့ သစ္စာတရားတွေကို သိဖို့ တိုက်တွန်း ဟောကြားပါတယ်။

## အပါယ်လေးပါး ကိုယ်ပိုင်အိမ်

ဘာဖြစ်လို့ သစ္စာတရားတွေသိဖို့ တိုက်တွန်းရသလဲ ဆိုတော့ "စတ္တာရော အပါယာ သကဂေဟာ သဒိသာ" ဒေသနာအရ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ရဲ့ နေမြဲအိမ်ဟာ အပါယ်လေးပါး ဆိုတော့ သစ္စာမသိရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဒီလေးဘုံဟာ ကိုယ့်အိမ်နဲ့ အလားတူပါပဲ။ သစ္စာ မသိသူတွေ နေရမယ့်အိမ် ၊ သွားရမယ့် စခန်းပါပဲ။

ဘုန်းကြီးက ရှေ့က ဖြေကွက်ကလေးတွေ ပေးမယ်၊ ပရိသတ်က နောက်ကလိုက်ဖြေပါ၊ အမေးအဖြေ

နည်းလေးနဲ့ သွားတာက ပိုပြီးမှတ်မိတယ်၊ စိတ်ဝင်စား စရာလည်း ဖြစ်တယ်ပေါ့။

## နားထောင်ကောင်းအောင် မဟောပါ

မိုးကုတ်ဆရာတော် ဘုရားကြီးဟာ တရားဟော ပလ္လင်မှာ တစ်ပါးတည်း ဒီလို ဟောတဲ့အကျင့် မရှိပါဘူး။ ပရိသတ်ကို အကဲခတ်ပြီးမေး၊ မေးပြီးတော့မှ ပရိသတ်ရဲ့ ဖြေသံပေါ်မူတည်ပြီး နားထောင်ကောင်းအောင် မဟောဘဲ နားလည်အောင် ဟောတော်မူခဲ့ပါတယ်။ အဲဒီလို ဟောတော်မူခဲ့တဲ့ ဒေသနာအစဉ်အတိုင်း ဘုန်းကြီးက ဥပနိဿယခံပြီးတော့ ကျေးဇူးပြုမှာ ဖြစ်သည့်အတွက် ကြောင့် တရားနာ ပရိသတ်ကြီးကလည်း လိုက်ပြီးတော့ ဖြေကြပါလို့ မေတ္တာရပ်ခံပါတယ်။

သို့သော်လည်း ဘုန်းကြီးက ကနေ့ည တရားပွဲ အနေအထားဆိုတော့ သင်တန်းပေးသလို အေးအေး ဆေးဆေးဟောဖို့ အချိန်မရပါဘူး၊ ဘုန်းကြီးတို့ကတော့ ၁၀–ရက် စခန်းမျိုးမှာဆို သင်တန်းသဘောမျိုး ဟောတဲ့ အလေ့ရှိပါတယ်။ အခုလို ညတရားပွဲမှာတော့ အေးအေး ဆေးဆေးဟောဖို့ အချိန်မရပါဘူး ။

## နားဖူးထပ်မံ

ဒီတော့ ကိုယ့်ဒကာ ဒကာမတွေ သိသင့်သိထိုက်တာလေး မမွဒါန ကိုသိုလ်ထူးကြီး ဖြစ်ရလေအောင် နာဖူးထပ်မံ အနေနဲ့ ကနေ့ည အောင်ဆန်းဆရာတော် ကျေးဇူးပြုမယ်လို့ သဘောပေါက်ကြပါနော် ၊ မေးတိုင်း မေးတိုင်း လိုက်ဖြေ ကြပါ၊ ဘုန်းကြီးကလည်း နားမလည်တာမေးမှာ မဟုတ်ပါဘူး ၊ နာကြားပြီးသား ထပ်ပြီး ဖြေကွက်ကလေးတွေ ပေးပြီး မေးမှာဖြစ်တဲ့အတွက် ဖြေတာကို မှားချင်မှားပါစေ၊ ကြိုးစားပြီးတော့ ဖြေကြပါလို့ မေတ္တာရပ်ခံပါတယ်။

## ဗုဒ္ဓဘာသာ နိုင်ငံတော်

ကနေ့ည ဟောချင်တာက ဒီလိုတရားပွဲဆိုတာ အလွှာအသီးသီး လာရောက်တရားနာကြတယ်၊ ယောဂီတွေလည်းပါတယ်၊ ရိုးရိုးပရိသတ်တွေလည်းပါတယ်၊ အခုမှ ဘာသာရေးကို လေ့လာတဲ့ ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ မြေစမ်းခရမ်းပျိုးပေါ့၊ အဲ့ဒီလို လူစုံ ပါတော့ ဘုန်းကြီး ကိုယ့်ဉာဏ်မှီ သလောက်လေးနဲ့ တက်နိုင်သမျှ ကျေးဇူးပြုမယ်ပေါ့နော်၊ ယနေ့ တရားပွဲကြီးမှာ လာရောက်တရားနာကြတဲ့ ဒကာ ဒကာမ အပေါင်းတို့ကို အားလုံး ခြုံကြည့်လိုက်ရင် အားလုံးဟာ ဗုဒ္ဓဘာသာတွေပဲဖြစ်ပါတယ်၊ ဘယ်ဘာသာတွေလဲ (ဗုဒ္ဓဘာသာတွေ

ပါဘုရား) ကောင်းပြီ၊ မြန်မာနိုင်ငံဟာ ထေရဝါဒ ထွန်းကားတဲ့ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး ဖြစ်ပါတယ်နော်။

**မရမတော်သံ ကြားရချည်သေး**

အဲဒီတော့ ''ဝိမုတ္တိယုဂခေတ် တစ်ပတ်ပြန်၊ ပရတ်မတော်သံ ကြားရချည်သေး'' ဆိုသလို တစ်ကမ္ဘာလုံးမှာ ဝိမုတ္တိယုဂခေတ်က မြန်မာနိုင်ငံကို ဦးတည်ပြီး ရောက်နေတယ်ဆိုတာ သမိုင်း အဆိုအမိန့်များအရ သိရပါတယ်။

ဆရာတော် ဓာတုဝင်ကျမ်းများ အဆိုအရ မြတ်စွာဘုရား ဗျာဒိတ်တော်နဲ့တကွ ရဟန္တာအရှင်မြတ်များရဲ့ အနာဂတံသဉာဏ်နဲ့ ဟောတော်မူခဲ့တဲ့ ဒေသနာစကားတော်များအရ ခြုံကြည့်မယ်ဆိုရင် ''ငါဘုရားရဲ့ ဆံတော် ၆-ဆူနဲ့တကွ စေတီတော်လေးဆူတို့၏ တည်ရာအရပ်သည် သာသနာနှစ် ထောင့်ငါးရာကျော်တဲ့အခါမှာ ငါဘုရားပွင့်ဘိသကဲ့သို့ သစ္စာတရားတွေ ထွန်းကားမယ်လို့'' ဗျာဒိတ်တော်များ ရှိခဲ့တယ်ဆိုတာ ဗဟုသုတ အဖြစ် မှတ်ကြပါ ဒကာဒကာမတို့ ။

## တရားမိုး ရွာတဲ့ခေတ်

အဲဒီဗျာဒိတ်စကားက မြန်မာနိုင်ငံမှာ မြတ်စွာဘုရားရဲ့ ဆံတော်၆-ဆူနဲ့ စေတီလေးဆူရှိနေတာကတော့ လက်တွေ့ပါပဲ၊ စေတီလေးဆူ ဆိုတာကတော့-

(၁) ကျိုက်ပေါလော

(၂) ကျိုက္ခမီ

(၃) ထားဝယ် ရှင်မုဋ္ဌီး

(၄) ပုသိမ်ရှင်မုဋ္ဌော - တို့ဟာ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ကနေပြီးတော့ အဓိဋ္ဌာန်နဲ့ ပူဇော်လိုက်တဲ့ ရုပ်ပွား လေးဆူဟာ မြန်မာပြည်မှာ လက်တွေ့ရှိတယ်နော်။ ယခုသွာကြည့် ယခုတွေ့တယ် ၊ အဲဒါဟာ အလကားမဟုတ်ဘူး၊ ယခုမြန်မာနိုင်မှာ ဗုဒ္ဓသာသနာ ထွန်းကားမယ်ဆိုတဲ့ ဗျာဒိတ်စကားမှာပါတဲ့ စေတီလေးဆူပါပဲ ၊ နောက်တစ်ခါ ဆံတော် ၆-ဆူလည်း မြန်မာပြည်မှာရှိပြီးသား၊ ဆံတော်တွေကတော့ အများကြီးရှိပါတယ်၊ အဲဒီအထောက်အထား တွေကို ကြည့်ခြင်းအားဖြင့် သာသနာ နှစ်ထောင့်ငါးရာ ဒီဘက်ပိုင်း ပြန်ရောက်တဲ့အခါမှာ ဝိမုတ္တိယုဂခေတ် တစ်ပတ်ပြန်လည်ပြီး မြန်မာနိုင်ငံမှာ မြတ်စွာဘုရား ပွင့်ဘိသကဲ့သို့ တရားမိုးတွေ မရွာဘူးလား ( ရွာပါတယ် ဘုရား )။

ဒေါ်ကနေ့ညလည်း ကြည့်၊ ရွှေသံလွင်ကုမ္ပဏီကြီး

အတွင်းမှာ တရားပွဲတွေ ကျင်းပလာလိုက်တာ ခုဆို ၃–ညမြောက်ရှိပြီ၊ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်တော်မူတုန်းကလည်း ခုလိုပဲ တရားပွဲတွေ မရှိလား၊ (ရှိပါတယ်ဘုရား) အဲဒီ ဘုရားကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား မရှိသော်လည်း ဘုရားရဲ့ သားတော်များက လက်ဆင့်ကမ်း ဟောကြားခဲ့လို့ ညြော် ယနေ့တော့ဖြင့် တရားပွဲကြီးတွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) အဲဒါကို မြန်မာနိုင်ငံတော်ကြီးမှာ ဘုရားပွင့်ဘိသကဲ့သို့ တရားတွေ ပွင့်နေတယ်။ တရားမိုးတွေ ရွာနေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား) အဲဒါ တခြားခေတ်လား ၊ ဝိမုတ္တိယုဂခေတ်လား (ဝိမုတ္တိယုဂခေတ်ပါဘုရား)

## ကံထူးရှင်တွေ

ဝိမုတ္တိယုဂခေတ် မြန်မာနိုင်ငံ ရောက်နေတဲ့အချိန်အခါမှာ မြန်မာနိုင်ငံမှာ မွေးဖွားကြီးပြင်းပြီးတော့ ဗုဒ္ဓဘုရားကို ယုံကြည်ကိုးစားတဲ့ သူတွေဖြစ်တာဟာ အင်မတန် ကံထူးလို့ပဲလို့ ဒကာ ဒကာမတွေ ဝမ်းသာရမယ်နော်၊ ဒါကြောင့် ဒီတရားပွဲကို ရောက်လာတဲ့ တရားနာပရိသတ်ကြီးတွေ ကံထူးလို့လား၊ မထူးစိတ်နဲ့ ရောက်နေကြတာလား (ကံထူးလို့ပါ ဘုရား) အင်မတန်

ဘုန်းကံထူးလို့သာလျှင် ခုလိုရောက် လာကြတာပဲနော်၊ ဘာဖြစ်လို့ ဘုန်းကံထူးသလဲဆိုတော့ ဝိမုတ္တိယုဂခေတ် အရသာတွေကို ခံစားနိုင်ဖို့ တရားတွေနာကြ၊ တရား အလုပ်တွေ အားထုတ်ကြတဲ့ အတွက်ကြောင့်မို့ အင်မ တန် ကံထူးတယ်လို့ ဒီစကားကို ဆိုရခြင်းဖြစ်ပါတယ်။

## လူဖြစ်ကျိုးမနပ်

အဲဒီတော့ ကမ္ဘာမှာ ဘာသာကြီး ၄-ဘာသာနဲ့ ဘာသာငယ် ၁၁-ဘာသာရှိတယ်လို့ ဆိုပါတယ်၊ အဲဒီ ဘာသာတွေထဲမှာ နောက်ဆုံး သန္တိသုခဆိုတဲ့ သစ္စာနဲ့ လျော်ညီတဲ့ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာဟာ ဗုဒ္ဓဘုရားကိုယ် တော်မြတ်ကြီးရဲ့ တရားတော်မှလွဲ၍ တခြားဘာသာ တွေမှာမရှိပါဘူး။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ကြီးကလည်း ပရိနိဗ္ဗာန် ဝင်စံခါနီးမှာ **"သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတာ ငါဘုရား သာသနာမှ လွဲပြီး ဘယ်မှာမှမရှိပါဘူးကွာ"** ဆိုပြီး ဟောတော်မူသွားတာလည်း ရှိပါတယ်။ ဒီသောတပန် စတာတွေကလည်း သစ္စာသိမှုအဆင့် ခွဲထားတာတွေ မဟုတ်လား၊ သစ္စာသိမှ နိဗ္ဗာန်မြင်နိုင်တာ။ ဒီတော့ သစ္စာတရား၊ မဂ္ဂင်တရား တွေဆိုတာ ဒီဗုဒ္ဓဘာသာ တရားကလွဲပြီးဘယ်မှာမှ မရှာပါနဲ့ မတွေ့နိုင်ပါဘူး။

ဒါနဲ့ပတ်သက်လို့ လန်ဒန် ပါဠိပညာရှင်

ရီး(စ်)ဒေးဗစ်က ဘယ်လိုပြောလဲဆိုတော့- ''သူ့ကို ဗုဒ္ဓဘာသာဝင်လို့ ပြောပြော၊ မဟုတ်ဘူးဘဲဆိုဆို၊ ကမ္ဘာ့ဘာသာကြီးတွေရဲ့ နည်းစနစ်တွေကို လေ့လာဆန်းစစ်တဲ့အခါမှာ ဗုဒ္ဓရဲ့သစ္စာ ၄-ပါးနဲ့ မဂ္ဂင်၈ပါးလို လှလှပပချုံ့ထားတာမျိုး ဘယ်မှာမှမတွေ့ဖူးသေးပါဘူးတဲ့၊ သူ့အနေနဲ့တော့ အဲဒီလမ်းကြောင်းအတိုင်းပဲ ဘဝကို ကျေကျေနပ်နပ်ကြီး ပြုပြင်သွားမှာပါ''တဲ့ " **I am content to shape my life according to that path**''ဒါ ပါမောက္ခကြီးပြောတဲ့စကား။

ကနေ့ အဲဒီတရားတွေနဲ့ မြန်မာနိုင်ငံမှာ မွေးဖွားကြီးပြင်းပြီး ဗုဒ္ဓဘာသာတွေ ဖြစ်ပြီးတော့ ဒီတရားတွေရဲ့ အနှစ်သာရတွေကို မိမိတို့ မခံစားရဘူးဆိုရင်၊ အားမထုတ်ရဘူးဆိုရင် ဒကာ ဒကာမတွေ လူဖြစ်ရကျိုးနပ်ပါ့မလား။ (မနပ်ပါဘုရား)

**ဗုဒ္ဓဘာသာခံ့မျိုး**

ဒါကြောင့် လူဖြစ်ရကျိုးနပ်ဖို့ အခြေခံအားဖြင့် ကျေးဇူးပြုချင်တာက ဗုဒ္ဓဘာသာဆိုတာ ဘာလဲဆိုတာ ပါပဲ ။

ဗုဒ္ဓ ဆိုတာကတော့ စာလိုပေလို ပြောရရင် **'စတုသစ္စ မဗေ့ ဗုဇ္ဈ တီတိ ဗုဒ္ဓေါ'** – သစ္စာလေးပါး တရားတော်ကို သိပြီးတဲ့သူကို ဗုဒ္ဓ ၊ ကိုယ်တော်တိုင်

သိထားကို ပြောတာနော်၊ ဘာသာဆိုတာ အယူဝါဒ ၊ ဒီနှစ်မျိုးပေါင်းလိုက်တော့ ဗုဒ္ဓရဲ့အယူဝါဒ၊ ဗုဒ္ဓ အဆုံးအမတွေလို့ ဒီလို ဆိုပါတယ်၊ ဒီ အဆုံးအမတွေတိုင်းလိုက်နာ ကျင့်သုံးနေသူတွေကိုတော့ သာမန်အားဖြင့် ဗုဒ္ဓဘာသာဝင်တွေပဲလို့ မှတ်ထားလိုက်ပါ။

အေး ဒီတော့ ဗုဒ္ဓဘာသာကို အများနားလည်တဲ့ သဘောနဲ့ ပြောကြစို့ဆိုတော့ ဗုဒ္ဓဘာသာကို ၃ –မျိုး ၃ –စားခွဲခြားပြောရမယ်၊ ခေတ်စကားနဲ့ ပြောမယ်ဆိုရင် –

– မူလတန်း ဗုဒ္ဓဘာသာ

– အလယ်တန်း ဗုဒ္ဓဘာသာ

– အထက်တန်း ဗုဒ္ဓဘာသာ –ရယ်လို့ သုံးမျိုး သုံးစား မှတ်ထားလိုက်ပါ၊ ဘယ်နှစ်မျိုး ခွဲလို့ရလဲ၊ (သုံးမျိုးပါဘုရား)

## မူလတန်း ဗုဒ္ဓဘာသာ

အဲဒီတော့ မူလတန်းဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓဘာသာဆိုကတည်းက ဘုရား ၊ တရား ၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တယ်၊ ယုံကြည်ကိုးစားတယ်၊ အားထားတယ်၊ ဒါဆို သာမန်အားဖြင့် ဗုဒ္ဓဘာသာ ဖြစ်နေပါပြီ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အမိအဖက ဗုဒ္ဓဘာသာဆိုပြီး သားသမီးကလည်း

ဗုဒ္ဓဘာသာ၊ ရတနာသုံးပါးအကြောင်း ဘာမှမသိဘူး ၊ မိဘကလည်း ဘာသိဘာသာ၊ သားသမီးကလည်း ဘာသိဘာသာ၊ သူတို့ကိုကျ မိရိုးဖလာ ဗုဒ္ဓဘာသာလို့ခေါ်တယ်၊ ဘယ် အဆင့်မှ မဝင်ဘူး၊ မှတ်ပုံတင်နဲ့ အလုပ်လျှောက် တဲ့အခါမှာသာသုံးတဲ့ ဗုဒ္ဓဘာသာမျိုး ၊ အဲဒါမျိုး ဒီခေတ်မှာ အများကြီးရှိတယ်၊

နောက်ပြီး ဗုဒ္ဓဘာသာ အမည်ခံပြီး ဗေဒင်လေး ပြေးကြည့်လိုက်ရတာနဲ့ ၊ ယတြာလေး ချေလိုက်ရတာနဲ့ နတ်ကတော်ခေါ်ပြီး ပွဲပြင်ရတာနဲ့၊ အိမ်တွင်းတွေ အိမ်ပြင်တွေ ကိုးရတာနဲ့ ဒါတွေကလည်း သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာပါပဲ၊ ဒါပေမယ့် တန်းဝင်တဲ့ ဗုဒ္ဓဘာသာ မဟုတ်ပါဘူး၊ အမည်ခံ ဗုဒ္ဓဘာသာ၊ အဆင့်မရှိတဲ့ ဗုဒ္ဓဘာသာ၊ ဒါ ကြိုတုန်း ခွဲထားလိုက်ပါ၊

ခုပြောတဲ့ မူလတန်းဗုဒ္ဓဘာသာ ဆိုတော့က ဘုရား တရား သံဃာ ရတနာသုံးပါး ကိုးကွယ်အားထားတယ်၊ ဆွမ်းတော် ပန်းတော်လေးတင်လို့ ရေချမ်းလေးကပ်လို့ ဒါမျိုးပေါ့၊ ဒါဆိုရင် သာမန်အားဖြင့် ဗုဒ္ဓဘာသာ ဖြစ်နေပါပြီ၊ သို့သော်လည်း ဗုဒ္ဓဘာသာ ဖြစ်ပင်ဖြစ်ငြားသော်လည်း လောကမှာ သူ့အဆင့်နဲ့သူ မရှိဘူးလား (ရှိပါတယ်ဘုရား) ဥပမာ–မူလတန်းမှာ ဆိုလို့ရှိရင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း ပေါ့၊ အလယ်တန်း၊ အထက်တန်းလည်း အလားတူပဲ ပေါ့ အဲဒီလို သူ့အဆင့်နဲ့သူ ရှိနေသလို ဒါက ဥပမာ

ပေါ့နော် "ဥပမာယမိမေကာစ္စေ၊ အတ္ထေ ဇာနန္တိ ပဏ္ဍိတာ" တဲ့၊ ဥပမာပြောရရင် သိလွယ်သတဲ့၊ မူလတန်းဆိုတဲ့ စကားလုံးကို သုံးတဲ့အခါမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဆိုတာက ဘယ်ဘာသာကို ယုံကြည်ကိုးကွယ်လဲဆိုတော့ ဗုဒ္ဓဘာသာကို ကိုးကွယ်တယ်ဆိုတဲ့ ဒီစကားလုံးကိုတော့ သုံးပါတယ်၊ သို့သော်လည်း ဘုရားစတဲ့ ရတနာသုံးပါးကို ယုံတယ်ဆိုတဲ့ နေရာမှာ ဘယ်လို ပီပီပြင်ပြင်ယုံတယ်၊ ဘုရားဆိုတာ ဘယ်လို ကိုးကွယ်ရင် ဘယ်လိုအကျိုးရတယ်၊ ဘုရားဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုး၊ တရားဆိုတာ ဘယ်လိုသဘော၊ သံဃာ ဆိုတာ ဘယ်လို အကျင့်နဲ့ပြည့်စုံတယ် စသည်ပီပီပြင်ပြင် မသိဘဲနဲ့ သူများကိုးကွယ်လို့သာ ကိုးကွယ်တယ်ဆိုတဲ့ (အမည်ခံ) အနေအထားမျိုးဆိုရင် ဒါ ဒကာ ဒကာမတွေ သဘောတရားတွေ သိတယ်လို့ ခေါ်မလား၊ မသိဘူးလို့ ခေါ်မလား (မသိဘူးလို့ ခေါ်ပါတယ်ဘုရား) မသိဘဲနဲ့ ရမ်းပြီး ကိုးကွယ်နေကြတဲ့ သဘောကို ဆိုလိုတာပေါ့၊ ဆိုပါတော့ ဘုရားရှင်ရဲ့ "အရဟံ" စတဲ့ ဂုဏ်တော်တွေ၊ တရားတော်ရဲ့ 'သွာက္ခာတတာ' စတာတွေ၊ သံဃာတော်အရှင်မြတ်များရဲ့ 'သုပ္ပဋိပန္နတာ' စတာတွေမသိဘဲ မိရိုးဖလာ အနေနဲ့သာ ကိုးကွယ်နေရင် ဒါ မူလတန်းအဆင့်ပဲ၊ ဒီတော့ ဘုန်းကြီးတို့ မြန်မာစကားပုံနဲ့ ပြောရမယ်ဆိုရင်

"သူများယောင်လို့ယောင်၊ အမောင် တောင်မှန်း မြောက်မှန်းမသိ" ဆိုတဲ့ စကားပုံဟာ ဒီမှာ အတော် ခွင်ကျသွားတယ်နော် ၊

အဲဒီတော့ ကိုးတော့ကိုးကွယ်နေတာပဲ၊ ဗုဒ္ဓဘာသာ အနေနဲ့ ကိုးတော့ကိုးကွယ်နေတာပဲ၊ သို့သော် ဘုရားကို ကိုးကွယ်ရင် ဘယ်လိုအကျိုးများမယ်၊ တရားကို ကိုးကွယ်ရင် ဘယ်လိုအကျိုးရှိမယ်၊ သံဃာ ကိုးကွယ်ရင် ဘယ်လို အကျိုးကျေးဇူးတွေ ရမယ်ဆိုတဲ့ အကြောင်းနဲ့ အကျိုးကို ဆက်စပ်ပြီးတော့ မသိဘဲနဲ့ သူများကိုးကွယ် လို့သာ လိုက်ပြီးကိုးကွယ် နေရတယ်၊ သူများလှူလို့သာ လိုက်ပြီး လှူနေရတယ်၊ သူများ ဥပုသ်စောင့်လို့သာ လိုက်ပြီး စောင့်နေရတယ်၊ အဲဒီလို အလုပ်တွေ လိုက်ပြီး လုပ်နေရင် ဘယ်လိုကောင်းကျိုးချမ်းသာကို ရမယ်လို့ မသိဘဲနဲ့ ပြုလုပ်နေတဲ့ ဗုဒ္ဓဘာသာမျိုး ကိုဖြင့် ဒါ မူလတန်းဗုဒ္ဓဘာသာ စာရင်းထဲပဲ ထည့်ကြပါစို့ ယောဂီတို့ ...... ။

## နားက တရားနာ ၊ ဉာဏ်က ခန္ဓာလှည့်

အဲဒီတော့ ယနေ့ တရားနာပရိတ်သတ်ကြီးက ကျေးဇူးရှင် ဆရာတော်ကြီး ဟောကြားတော်မူခဲ့တဲ့ "နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်" ဆိုတဲ့ စကားတော်အတိုင်း အဲဒီဗုဒ္ဓဘာသာ အတန်းအစား

ခွဲခြားလိုက်တဲ့အခါမှာ 'တို့ ဘယ်အထဲ ပါနေလဲ' ဆိုတာ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ဖို့ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)

ဒါ မူလတန်းဗုဒ္ဓဘာသာနော်၊ အဲဒီတော့ ဥပမာ ဆိုကြပါစို့ လှူစရာရှိလည်း လှူလိုက်တာပေါ့ဗျာ၊ ဥပမာ အိမ်ရှေ့ အလှူခံလာရင်တော့ ကိုယ်တက်စွမ်းသမျှ တော့ လှူလိုက်တာပဲ၊ သူများ ဥပုသ်စောင့်တော့လည်း ရောပြီး ဥပုသ်စောင့်လိုက်သွားတာပဲ ၊ ဘာပဲဖြစ်ဖြစ် ရပ်ရေးရွာရေး ကိစ္စအဝဝလည်းပဲ ရောပြီး ဆောင်ရွက် လိုက်တာပဲ၊ မငြင်းပါဘူး၊ အဲဒီလို မငြင်းဘဲနဲ့ ဆောင်ရွက်ပင် ဆောင်ရွက်ငြားသော်လည်း တကယ့် တကယ်ကျတော့ မိမိပြုလုပ်ဆောင်ရွက်တဲ့ အကြောင်း အရာဟာ ဘယ်လောက်ထိအောင် အကျိုးတရားတွေ ရှိမယ်ဆိုတာကို နားမလည်ဘဲနဲ့ သူများလုပ်လို့သာ လိုက်လုပ်ရတဲ့ ဗုဒ္ဓဘာသာမျိုးကိုတော့ဖြင့် မူလတန်း ဗုဒ္ဓဘာသာလို့ပဲ သဘောပေါက်ပါနော်။

**အချည်းအနှီးမဖြစ်**

ခုန မူလတန်းဗုဒ္ဓဘာသာ အနေအထား နည်းနည်း လေး ပြောထားတယ်၊ သူများလှူတော့လည်း လှူလိုက် တာပဲ၊ ဘုရားတည် အုတ်သယ်ဆိုလည်း သယ်လိုက်တာ ပဲ၊ ကျောင်းဆောက်ဆိုတော့လည်း ကျောင်းဒကာအဖြစ်

ခံလိုက်တာပဲ၊ မသိဘဲလုပ်ရင် အကျိုးမရှိဘူးလားတဲ့ ရှိပါတယ်၊ ဘာမှအချည်း အနှီးမဖြစ်ပါဘူး၊ အခု ဘုန်းကြီးပြောနေတာ ဒီလိုလျှောက်ပြီးတော့ ကုသိုလ် ကောင်းမှုတွေ လုပ်နေတာ အချည်းအနှီးမဖြစ်ပါဘူး၊ အခု ဘုန်းကြီးပြောနေတာ ဒီလို လျှောက်ပြီးတော့ ကုသိုလ် ကောင်းမှုတွေ လုပ်နေတာ အချည်းအနှီးဖြစ် တယ်ဆိုတဲ့စကား တစ်လုံးမှမပါဘူး၊ အကျိုးများသင့် သလောက်မများလို့ ဒါလေးကို အခြေတည်ပြီးပြော နေရခြင်း ဖြစ်ပါတယ်။

ဒီတော့ လူတဲ့အတွက် ဒကာ ဒကာမတွေ ကုသိုလ် မရဘူးလား ( ရပါတယ်ဘုရား ) ဥပုသ်စောင့်လည်း ကုသိုလ်မရဘူးလား ( ရပါတယ်ဘုရား )

## ကောင်းတာမှန်ရင် လှူပ်ပါ

ကောင်းတဲ့ အလုပ်မှန်သမျှ ဘယ်အလုပ်မျိုးမဆို လုပ်သာလုပ်ပါ ၊ မရဘူးလား ၊ သို့သော် သိပြီးတော့ တကယ်လုပ်တဲ့ ကုသိုလ်နဲ့ မသိဘဲနဲ့ သောကော ရောကောလုပ်တဲ့ ကုသိုလ်ဟာ အကျိုးပေးခြင်း တူနိုင်ပါ့ မလား (မတူနိုင်ပါဘုရား) အေး အကျိုးပေးချင်း မတူ သည့်အတွက်ကြောင့် အကျိုးပေး နည်းမှာစိုးလို့ ဩဝါ ကိုယ့်ဆွေတော် မျိုးတော်များ အကျိုးပေးများ ပါစေဆိုတဲ့ အခြေခံမေတ္တာဖြင့် မူလတန်း ဗုဒ္ဓဘာသာဆိုတာ

ပေဟာပြီး ကျေးဇူးပြုနေရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒါနဲ့ ဆက်စပ်လိုက်ရင် အများကြီးပါပဲ တွေးခေါ်ကြည့်လိုက်ပါ၊ ဩော် -- မူလတန်းဗုဒ္ဓဘာသာ ဆိုတာ ဘုရားကိုလည်း ယုံကြည်ဆည်းကပ်ပါရဲ့၊ တရား သံဃာကိုလည်း ယုံကြည်ပါရဲ့၊ ဒါနလည်းပြုပါရဲ့၊ သီလလည်း ဆောက်တည်ပါရဲ့၊ ဝေယျာဝစ္စတွေ - ဗုဒ္ဓ - ဓမ္မ - သံဃာ့ ဝေယျာ ဝစ္စတွေ၊ ရပ်ရေးရွာရေး တွေ အားလုံးလုပ်ပါရဲ့။ သို့သော်လည်း ဒါတွေ လျှောက် လုပ်ပြီး ဘယ်လိုအကျိုးရှိပါလားဆိုတာ မသိရှာတော့ ကဲ - ဒါမျိုးကို မူလတန်းဗုဒ္ဓဘာသာလို့ပဲ မှတ်ပါ။

## အလယ်တန်း ဗုဒ္ဓဘာသာ

ပြီးတော့ အလယ်တန်းဗုဒ္ဓဘာသာ၊ သူ့မှာလည်း သူ့အဆင့်နဲ့သူပဲ။ ဆိုတော့ အလယ်တန်းဗုဒ္ဓဘာသာမှာ အခြေခံအားဖြင့် အနည်းဆုံး **''ကမ္မဿကတာ သမ္မာ ဒိဋ္ဌိဉာဏ်''** ကို နားလည်ရမယ်။ ကမ္မဿကတာ သမ္မာ ဒိဋ္ဌိဆိုတာက မြန်မာလိုဆိုတော့ ကံနဲ့အကျိုးပေးတာကို ယုံတဲ့ဉာဏ် ရှိရပါတယ်၊ ကမ္မ ဆိုတာက ကံ၊ သကတာဆိုတာက မိမိဥစ္စာ ရှိသည်၏အဖြစ်၊ မိမိဥစ္စာ ရှိတယ်လို့ သမ္မာဒိဋ္ဌိက ကောင်းစွာ သိမြင်တဲ့ဉာဏ်၊ ကမ္မယောနိ ၊ ကမ္မဗန္ဓု ကမ္မပဋိသရဏံ ၊ ကံသာအမိ၊ ကံသာအဖ ၊ ကံသာဆွေမျိုးလို့ သိတဲ့ဉာဏ် ၊ ဒါကို

ကမ္ဘာ့သာကတော့ သမ္မာဒိဋ္ဌိဉာဏ်လို့ခေါ်တယ်၊ ဘယ်သူဟာ ငါ့ဆရာ ငါ့ဆွေမျိုး၊ ငါနဲ့ ဘယ်လို ရင်းနှီးတာ စသဖြင့် ဘာမှဆွေမျိုး လိုက်စပ်မနေနဲ့၊ မိမိပြုခဲ့တဲ့ ပြုနေတဲ့ကံသာလျှင် ကိုယ့်ကို အကျိုးပြုမှာပဲဆိုတော့ အလယ်တန်းဗုဒ္ဓဘာသာတစ်ယောက်ဟာ ဘာနဲ့ ဘာကို ယုံကြည်ရမလဲ ( ကံနဲ့အကျိုးပေးကို ယုံကြည်ရပါမယ်) ဒါကို ပါဠိဘာသာနဲ့ ပြောတော့ ကမ္ဘာ့သာကတော့ သမ္မာဒိဋ္ဌိတဲ့၊ အလယ်တန်းဗုဒ္ဓဘာသာ ဒါကိုတော့ နားလည်ရတယ်၊

## ကံကောင်းလို့

အင်မတန် ကံကောင်းလို့ လူ့ဘဝ ရောက်လာတယ် ဆိုတာက ကံနဲ့ အကျိုးပေးတော့ ယုံရမှာပေါ့၊ လူ့ဘဝ ရောက်လာတာက ကံမကောင်းလို့လား၊ ကံကောင်းလို့လား (ကံ ကောင်းလို့ပါဘုရား ) ကျုပ်တို့ မြန်မာတွေ ဗုဒ္ဓဘာသာတွေ ကံကောင်းတာက ဒါလေးတော့ နားရည်ဝနေတယ်၊ **"အောင်မယ်၊ ကံကောင်းလို့ ချောက်ထဲမကျတယ်"** ဒီလိုမသုံးဘူးလား (သုံးပါတယ် ဘုရား)၊

ကံကောင်းလို့ မတိုက်မိတယ်၊ ကံကောင်းလို့ ရာထူး မကျတယ် စသည်မသုံးကြဘူးလား ( သုံးပါတယ်ဘုရား) အေး – ဒါလေးကိုပဲ အခြေခံကျကျ စဉ်းစားလိုက်တော့

ပြော် – ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ဒါကိုး၊ ဒီလိုဆုံးဖြတ်ချက် မချရဘူးလား ( ချရပါတယ်ဘုရား) အင်း – တယ်ကံကောင်းပါလား၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရနိုင်တဲ့ ဟောဒီလို မြန်မာနိုင်ငံကြီးမှာ လူဖြစ်ရတာ ကံကောင်းတယ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ကံကောင်းတယ်လို့ သိတာကရော တခြားလား၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိလား (ကမ္မဿကတာ သမ္မာဒိဋ္ဌိပါဘုရား)

ရှေးက ဟိုး အတိတ်ဘဝ သံသရာက ပြုလုပ်ခဲ့တဲ့ ဒါန သီလ ဘာဝနာ ကိုသိုလ်ကောင်းမှု ကံကောင်း ထောက်မလို့သာလျှင် လူ့ဘဝကို ရောက်ရှိလာတယ် နော်၊ လူ့ဘဝရောက်လာတာ ကံကောင်း၊ မကောင်း (ကောင်းပါတယ်ဘုရား) ကံကောင်းလို့ ရောက်လာတယ် နော်။ အတိတ်က ကံကောင်းလို့။ ဒီလိုဖြင့် "ပြော် – ငါတို့ ကံကောင်းလို့ လူဖြစ်တာ" လို့ ယုံကြည် ခြင်းဟာလည်းပဲ ကံအကြောင်းနဲ့ ကံအကျိုးကို ယုံကြည်မှုလို့ခေါ်တယ်၊ (မှန်ပါဘုရား)။

## အကြောင်းအကျိုးသိမှု

ကံအကြောင်းနဲ့ ကံအကျိုးကို ယုံကြည်ပြီဆိုတော့ ဒီနေရာမှာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မိန့်တော်မူတဲ့ စကားတစ်ရပ်ရှိတယ် "ယော ပဋိစ္စသမုပ္ပါဒံ

ပဿတိ၊ သော ဓမ္မံ ပဿတိ'' ဒီစကားတော်။ အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကိုသိ၏၊ ထိုသူသည် တရားသိ၏တဲ့။ ဒီစကားရဲ့ စကားကျ ဗျတိရိက်ကို ပြန်လိုက်ရင် ပဋိစ္စသမုပ္ပါဒ်သိရင် တရားသိတယ် ဆိုတော့ ပဋိစ္စသမုပ္ပါဒ်မသိရင် တရားမသိဘူး ဆိုတဲ့ စကားကျ ရတယ် ၊ အဲဒီလို အဓိပ္ပါယ်မပေါက်ဘူးလား ( ပေါက်ပါ တယ်ဘုရား )

ဒီလိုဖြစ်ရင် ဒကာ ဒကာမတွေ ပဋိစ္စသမုပ္ပါဒ် တရားက မသိလို့ဖြစ်ကိုမဖြစ်ဘူး ၊ ပဋိစ္စသမုပ္ပါဒ်မသိရင် တရားမသိဘူးဆိုတော့ ဟော ခု -အလယ်တန်း ဗုဒ္ဓဘာသာအကြောင်း ဘုန်းကြီးပြောနေပြီ၊ အလယ် တန်းဗုဒ္ဓဘာသာဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတော့ ကောင်းတဲ့အကြောင်းသည် ကောင်းတဲ့အကျိုး မဖြစ်ဘူး လား ( ဖြစ်ပါတယ်ဘုရား)

ဒါကြောင့် မြတ်စွာဘုရားက ဓမ္မသင်္ဂဏီ ပါဠိတော် ကြီးမှာ "ကုသလာ အနဝဇ္ဇ သုခဝိပါကလက္ခဏာ"၊ ကုသိုလ်ဆိုတာ-အနဝဇ္ဇ-အပြစ်မရှိဘူး၊ သုခဝိပါက - ကောင်းကျိုးလည်းပေးတဲ့ လက္ခဏာရှိတယ် - ဒီလို ဟောပါတယ်၊ အကုသိုလ်ကျတော့ကော "အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ" အပြစ်နဲ့တကွ ဖြစ်တယ်၊ မကောင်းကျိုးပေးတဲ့ သဘောရှိတယ်၊ အကု သိုလ်ဆိုတာ ။

## ပဋိစ္စသမုပ္ပါဒ်ဆိုတာ

အကြောင်းနဲ့ အကျိုးဆိုတော့ မြန်မာလို အသိလွယ်ပြီ၊ ပါဠိလိုကတော့ ပဋိစ္စသမုပ္ပါဒ်တဲ့၊ အကြောင်းဆိုတာက ပဋိစ္စ၊ အကျိုးဆိုတာက သမုပ္ပါဒ်၊ ပဋိစ္စ – ကြောင်းကို စွဲပြီးတော့၊ သမုပ္ပါဒ–ကောင်းစွာ (အကျိုး)ဖြစ်တာ။ သမုပ္ပါဒ–သမုပ္ပါဒ် ဒါပါဠိပျက် ဝေါဟာရ၊ သမုပ္ပန္န သမုပ္ပါဒ် အတူတူပဲ၊ ပါဠိလိုပြောတော့ ပဋိစ္စသမုပ္ပါဒ၊ မြန်မာလိုက အကြောင်းအကျိုး။ ပါဠိပျက်ဝေါဟာရနဲ့ တိုက်ရိုက်ပြောလိုက်တော့ ပဋိစ္စသမုပ္ပါဒ်၊ ဒီတော့ အကြောင်းက ပဋိစ္စ၊ အကျိုးက သမုပ္ပါဒ်။

အေး ဒီတော့ အကြောင်းနဲ့ အကျိုးကိုသိတဲ့ အလယ်တန်း ဗုဒ္ဓဘာသာတစ်ဦး အနေနဲ့ –

။ ကုသိုလ်ကံ အကြောင်း ၊ အကုသိုလ်ကံ အကျိုး ။

အကုသိုလ်ကံ အကြောင်း ၊ အကုသိုလ်ကံ အကျိုး၊

အဲဒီလို ပိုင်ပိုင်နိုင်နိုင် ခွဲခြားသိရင် ဒါ အလယ်တန်း ဗုဒ္ဓဘာသာ ဖြစ်ပါတယ် ။

## အထက်တန်းမရောက်

အလယ်တန်း။ ဗုဒ္ဓဘာသာဆိုတော့ သူက ကမ္မ သကတာ သမ္မာဒိဋ္ဌိပဲ ရှိသေးတယ်နော်၊ ရှေ့ လျှောက်ပြီးတော့ နာမ ရူပ ပရိစ္ဆေဒဉာဏ်တွေ ဘာတွေ မသိသေးဘူး၊ အဲဒီဉာဏ်လောက်နဲ့ "ဪ ဒါတို့ဖြင့် အင်မတန် ကံကောင်းထောက်မလို့ လူ့ပြည်ရောက် လာတာပဲ" ဆိုတဲ့ အသိလောက်နဲ့ကတော့ဖြင့် အလယ်တန်းဆိုတော့ အထက်တန်းနဲ့စာရင် အောက်ကျ သေးတယ် ခေါ်တာပေါ့၊ အထက်တန်းနဲ့စာရင် အောက်တန်းကျသေးတယ်၊ အဲဒီတော့ အင်မတန် ကံကောင်းထောက်မလို့ လူ့ပြည်ရောက်လာတဲ့အခါမှာ ကမ္မသကတာ သမ္မာဒိဋ္ဌိလောက်နဲ့ တင်းတိမ် နေလို့ရှိရင်လည်း အထက်တန်း မရောက်နိုင်ပါဘူး ။

## အတော်ကျွတ်သော ကြိုးကြာလို

ဒါကြောင့် ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်ဆိုတာ ဗုဒ္ဓ ဘာသာဝင် သူတော်စင်တွေအနေနဲ့ အဓိက သိရမှာက ကောင်းတဲ့ အကြောင်းတရားလုပ်ရင် ကောင်းတဲ့ အကျိုး တရားမရဘူးလား (ရပါတယ်ဘုရား) မကောင်းတဲ့ အကြောင်းတရားလုပ်ရင် (မကောင်းတဲ့အကျိုးရမယ်) အဲဒါကိုယုံတာက ကမ္မသကတာ ဉာဏ်လို့ခေါ်တယ်

မြန်မာလို အကြောင်းနဲ့ အကျိုးကို သိတဲ့ဉာဏ်၊ ကံ အကြောင်းနဲ့ ကံအကျိုးကို သိတဲ့ဉာဏ်၊ ကောင်းတဲ့ အကြောင်းသည် ကောင်းတဲ့အကျိုးကို မပေးဘူးလား (ပေးပါတယ်ဘုရား) ခုနက **"ကုသလာ အနဝဇ္ဇ သုခဝိပါကလက္ခဏာ"** လေ၊ မကောင်းတဲ့အကြောင်း လုပ်ရင် မကောင်းတဲ့အကျိုးကို ပေးမယ်။ အဲဒီတော့ ဒီနေရာမှာ ကလေးလူကြီး မှတ်လို့လွယ်အောင် ဆောင် ပုဒ်ကလေးတွေ ဆိုကြည့်ရအောင်နော် --

- ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မယ်
  မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မယ်
- ကောင်းတာကြံလျှင် ကောင်းတာဖြစ်မယ်
  မကောင်းတာကြံလျှင် မကောင်းတာဖြစ်မယ်
- ကောင်းတာပြောလျှင် ကောင်းတာဖြစ်မယ်
  မကောင်းတာပြောလျှင် မကောင်းတာဖြစ်မယ်

အဲဒီလို ကံနဲ့ အကျိုးပေးကို ယုံကြည်တယ်နော်၊ ဒါက ပါးစပ်ထဲမှာလည်း နှုတ်ကျိုးပြီးသား စကားတွ ပါနော်၊ ထပ်ပြီး သတိပေးတဲ့ သဘောပေါ့၊ အဲဒီတော့ **"ကောင်းတာလုပ် လျှင် ကောင်းတာဖြစ်၊ မကောင်း တာလုပ်လျှင် မကောင်းတာဖြစ်"** ဆိုတော့ ဘုန်းကြီး က တရားတော့ ဟောပြီးပြီ၊ ဒကာ ဒကာမတွေလည်း နာပြီးပြီ၊ တရားနာပြီး အဲဒီတရားက နာပြီးပျောက်

ရမှာလား ၊ ကျင့်သုံးရမှာလား (ကျင့်သုံးရမှာပါဘုရား) ဘယ်တော့ ကျင့်သုံးရမလဲဆိုရင် ဘယ်လိုပြောမလဲ ( )ယခုပဲ ကျင့်သုံးပါ။ မနက်ဖြန် မဆိုင်းပါနဲ့၊ ယခုပဲ ကျင့်သုံးရမယ့် ကိစ္စပါ။ ခုမှ မကျင့်သုံး ကြဘူးဆိုရင် ''အစရိတွာ ဗြဟ္မစရိယံ – အရွယ်ရှိခိုက် သူတော်ကောင်းတရားတွေကို မကျင့်လိုက်ရဘူးဆိုရင်၊ ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ –အတောင်ကျွတ်တဲ့ ကြိုးကြာအိုကြီးလို (အရွယ်လွန်မှ) မှိုင်တွေချနေရမယ်တဲ့။ ငါးမရှိတဲ့ ရေအိုင်မှာ ကြိုးကြာအိုကြီးလို မှိုင်တွေချနေရပါမယ် ဒကာ ဒကာမတို့ ။

## သတ္တဝါတွေရဲ့ သဘာဝ

ဘာပြုလို့လဲဆိုတော့ လောကမှာ သတ္တဝါတိုင်း သတ္တဝါတိုင်း အကုန်လုံး လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ဘယ်သူမှ မကောင်းတာ မဖြစ်ချင်ကြဘူး၊ ဖြစ်ချင် ကြသလား (မဖြစ်ချင်ပါဘူး ဘုရား) စားတာလည်း ဘယ်သူမှ မစားချင်ကြဘူးဗျနော်၊ ကဲ ဝတ်တာကျတော့ မကောင်းတာ ဝတ်ချင်လား၊ (မဝတ်ချင်ပါဘူး ဘုရား) ဘယ်သူမှ မဝတ်ချင်ဘူး၊ လူတွေမပြောနဲ့ ဘုန်းကြီးတွေတောင် ရွေးကြည့်စမ်း၊ ကိုယ်တော် သင်္ကန်းအစုတ်နဲ့အသစ် ဘယ်ဟာဝတ်မလဲ ဆိုရင် ဘယ်သူမှအစုတ်ဝတ်မယ် ပြောမှာမဟုတ်ဘူး၊

ဒီပြင်ဘုန်းကြီးတော့မပြောဘူး၊ အောင်ဆန်းဘုန်းကြီး လောက်လျှောက်ကြည့်နော်၊ အစုတ် ဘယ်တော့မှ ဝတ်မယ် ပြောမှာမဟုတ်ဘူး။ ဒါ အမှန်အတိုင်း ပြောတာ၊ အဲဒါ ဝတ်တာမှာ ဘာဝတ်ချင်သလဲ (ကောင်းတာ) ကောင်းတာ ဝတ်ချင် တယ်တဲ့၊ ဟိုမှာနေလည်းပဲ အိုးအိမ်တိုက်တာတွေ မကောင်းတာနဲ့ ကောင်းတာ ဘယ်ဟာ နေချင်ကြသလဲ၊ မော်တော်ကား စီးတာတောင်မှပဲ ကောင်းတာမှ စီးချင်တာလား၊ ကားစုတ်စီး ချင်တာလား (ကားကောင်း စီး ချင်ပါတယ်ဘုရား) အဲတော့ လောကမှာ သတ္တဝါတွေရဲ့ သဘာဝတရားပဲ၊ ဘယ်သူပဲဖြစ်ဖြစ် လောကမှာရှိတဲ့ ကိလေသာနယ်ပယ်ထဲမှာ နေကြတဲ့ ကာမဂုဏ်နယ်ပယ် မှာနေကြတဲ့ သတ္တဝါမှန်သမျှဟာ ဘယ်သူမှ မကောင်း တာတွေ မမြင်ချင်၊ မကြားချင်၊ မစားချင် နောက်ဆုံး တော့ မကောင်းတာမှန်သမျှ ဘာမှမဖြစ်ချင်ကြတာ သဘာဝတရား ဖြစ်ပါတယ်နော် ။

## ညုံဖွဲ့ဆိုပြီး မရ

အဲဒီတော့ မကောင်းတာတွေမမြင်ချင်ရင် မကောင်း မှုတွေကို လုပ်ရမှာလား၊ ကောင်းမှုတွေကိုလုပ်ရမှာလား (ကောင်းမှုတွေကို လုပ်ရမှာပါဘုရား) သို့ဖြင့် ကောင်းမှု တွေကိုလုပ်မှသာလျှင် ကောင်းကျိုးတွေ မရဘူးလား

(ရပါတယ်ဘုရား) အဲဒီတော့ ကောင်းမှုတွေ ပြုလုပ်တာက အကြောင်း(အကြောင်း) ကောင်းတာတွေ ဖြစ်တာက အကျိုး၊ ကောင်းတာတွေလုပ်တာက (အကြောင်းပါဘုရား) ကောင်းတာတွေ ဖြစ်နေတာက (အကျိုးပါ) အကျိုးပဲ၊ ဟောဒီနေ့ တရားပွဲ အလှူရှင်တွေ စဉ်ကြည့်လိုက်တာ မနည်းဘူးဗျ ၊ အလှူ့ရှင်တွေ အလှူတွေလှူထားလိုက်တာ၊ တရားနဲ့ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်တွေ အဲဒီလောက်ထိအောင် ကုသိုလ်ကောင်းမှု ပြုလုပ်နေတာဟာ စေတနာရှိလို့လား၊ မရှိလို့လား (ရှိလို့ပါဘုရား) သဒ္ဓါတရားတွေ ထက်လို့လုပ်တာ၊ သဒ္ဓါတွေ ရှိထားသော်လည်း လက်ထဲမှာ အသပြာမရှိရင် လုပ်နိုင်ပါ့မလား(မလုပ် နိုင်ပါဘုရား) အသပြာက ကောင်းကင်ကနေ လက်ခုတ်တီး ဥုံဖွဆိုပြီးမရဘူး၊ အတိတ်က ပြုခဲ့တဲ့ကံရယ်၊ ပစ္စုပ္ပန်မှာ ပြုလုပ်ခဲ့တဲ့ ဝီရိယရယ် ဉာဏ်ရယ် အားလုံးပေါင်းစပ်တဲ့ အခါကျတော့ ဟောဘာပဲဖြစ်ဖြစ် အထက်တန်းကျကျ မျက်နှာပန်းလှလှ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အဲဒါဟာ လူတိုင်း ဖြစ်ချင်ကြတာပဲ၊ ဒီလို မဖြစ်ချင်တဲ့သူ တစ်ယောက်မှ မပါဘူး၊ ဖြစ်ချင်ကြတာချည်းပဲနော်၊ သို့သော် အဲလို ဖြစ်ချင်တာ ဥုံဖွဆိုပြီး ရပါ့မလား (မရပါဘူးဘုရား)

## အရင်းမစိုက်လျှင် အမြတ်မထွက်

အဲဒီလို ဖြစ်ဖို့အတွက်ဟာ ဒကာ ဒကာမတွေ အရင်းမစိုက်ဘဲနဲ့ အမြတ်မထွက်ပါဘူး၊ အဲဒီတော့ ကောင်းတဲ့အလုပ်တွေလုပ်တယ်၊ ကောင်းတဲ့ အပြောတွေကိုပြောတယ်၊ ကောင်းတဲ့ အကြံအစည်တွေ ကြံတယ်ဆိုတာ တခြားလား အရင်းစိုက်တာလား (အရင်းစိုက်တာပါဘုရား) အရင်းစိုက်မှလည်းပဲ ကောင်းကျိုးဆိုတဲ့ အမြတ်ထွက်ပါတယ်။ အဲဒါကို ဒကာ ဒကာမတွေက နေပြီးတော့ ဒီတရားတွေနာပြီး ပျောက်ရမှာလား၊ ကျင့်သုံးရမှာလား (ကျင့်သုံးရမှာပါဘုရား)

## အယူမှန်ဖို့ အရေးကြီး

အဲဒီအတိုင်း ကျင့်သုံးတာဟာ အဲဒါ ဗုဒ္ဓဘာသာဝင်ပါပဲ ဒါကြောင့် ဗုဒ္ဓဘာသာဝင်အစ သမ္မာဒိဋ္ဌိကဆိုတဲ့ အခြေခံလေးကို ဘုန်းကြီးက ကျေးဇူးပြုတာပါပဲ၊ ပြီးတော့မှ အထက်တန်း ဗုဒ္ဓဘာသာဝင်ကို သွားရအောင် ဟုတ်လား (မှန်ပါ) အဲဒီတော့ အလယ်တန်း ဗုဒ္ဓဘာသာကလည်း အတော်အရေးကြီးတာပဲ ဒကာ ဒကာမတွေ (မှန်ပါ) ဘာကြောင့်လည်းဆိုတော့ ကံနဲ့ အကျိုးပေးကို လက်ခံယုံကြည်ရမှာကိုး၊ ကံနဲ့ အကျိုးပေးကို လက်ခံယုံကြည်မှု မရှိဘဲနဲ့ တခြားယုံနေတာတွေ မြန်မာပြည်မှာ အများကြီးရှိတယ်၊ ဒါလည်းပဲ ဘုန်းကြီးတို့ တွေ့တွေ့

နေတယ်နော်၊ အဲဒီတော့ တရားနာတယ်ဆိုတာမှာ အယူမှန်ဖို့ အရေးကြီးတယ်နော်၊ အလယ်တန်း ဗုဒ္ဓဘာသာ အကြောင်းကို ဘာပြုလို့အခြေခံ ဘုန်းကြီးက ပြောနေရတာလဲ၊ ဟာ နား မလည်လို့ မသိလို့ ပြောနေတယ်လို့ မယူနဲ့နော်၊ အရေးကြီး လွန်းလို့ပါ ဒကာ ဒကာမတို့။

## ကံနဲ့ အကျိုးပေးကို မယုံသော်

ဘာပြုလို့လဲ ( အရေးကြီးလို့ပါဘုရား) အခု ပြောနေတာက ကံနဲ့ အကျိုးပေးကို ယုံကြည်ဖို့ ပြောတာပါ၊ ကံနဲ့ အကျိုးပေးကို ကျင့်သုံးဖို့ ပြောတာ၊ ကံနဲ့ အကျိုးပေးကို ယုံကြည်မှုမရှိရင် ဒကာ ဒကာမများ အတွက် အင်မတန် ကြောက်စရာကောင်းတယ်၊ ဘာကြောင့်ကြောက် စရာကောင်းသလဲဆိုရင် ကံနဲ့ အကျိုးပေးကို မယုံကြည်ရင် နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်လို့တဲ့၊ တစ်ဆင့် တက်လာပြီ၊ အလယ်တန်းဗုဒ္ဓဘာသာအဆင့် တစ်ဆင့် တက်သွားပြီနော်၊ ကံနဲ့အကျိုးပေးကို မယုံကြည်ရင် ဘာဒိဋ္ဌိလဲ (နိယတ မိစ္ဆာဒိဋ္ဌိပါဘုရား) နိယတမိစ္ဆာဒိဋ္ဌိ၊ အဲ . . . . . နိယတမိစ္ဆာဒိဋ္ဌိဆိုတာ အမိမြန်မာစကား မဟုတ်ပါဘူး၊ ပါဠိစကားပါ၊ နိယတမိစ္ဆာဒိဋ္ဌိဆိုတာ ပါဠိစကား၊ မြန်မာလို ပြန်လိုက်တော့။ သေလွန်ပြီး နောက်ဘဝမှာ အကျိုးပေးမြဲတဲ့ ဒိဋ္ဌိအယူကို နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်

အဲဒါကို စာလိုပြောမယ်ဆိုရင် အဲဒီ နိယတမိစ္ဆာဒိဋ္ဌိ အယူမှား ၃-မျိုးရှိတယ်။ အဲဒီ အယူမှား ၃-မျိုးက ကဲ လိုက်ဆို့

၁။ အဲကြိယဒိဋ္ဌိ

၂။ နတ္ထိကဒိဋ္ဌိ

၃။ အဟေတုကဒိဋ္ဌိ

## ပဉ္စာနန္တရိယကံထက် ကြောက်စရာကောင်း

အဲဒီ ဒိဋ္ဌိသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်၊ ဘာဒိဋ္ဌိ (နိယတမိစ္ဆာဒိဋ္ဌိပါဘုရား) အဲဒီတော့ အမိစကား မဟုတ်တဲ့ အခါကျတော့ မှတ်ရတာလည်း ခက်ပါတယ်။ နိယတမိစ္ဆာဒိဋ္ဌိကို ဘာပြုလို့ အခြေခံကို ဒါလောက် ပြောရတာလဲဆိုလို့ရှိရင် ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေနဲ့ နိယတမိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေမယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်ဟာ ကြောက်စရာကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်တဲ့၊ ဒါကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီးက ပြတ်ပြတ်သားသားကြီး မိန့်တော်မူခဲ့တာ၊ "ပဉ္စာနန္တရိယကံထက် ကြောက်စရာ ကောင်းတယ်"တဲ့ ဒကာ ဒကာမများ၊ စကားလုံးက တစ်လုံးတက်လာ ပြီနော်၊ ပဉ္စာနန္တရိယကံထက် ကြောက် စရာကောင်းတယ်တဲ့၊ ဘာ ကံထက်ကြောက်စရာကောင်း (ပဉ္စာနန္တရိယကံထက် ကြောက်စရာကောင်းပါတယ်

ဘုရား) ပဉ္စာနန္တရိယကံဆိုတာ ဗုဒ္ဓဘာသာမှာ အတော် ကြီးတဲ့ ဂရုကံကြီးပေါ့တယ်နော်၊ ဘုရားကို သွေးစိမ်း တည်အောင်ပြုတာ၊ ရဟန္တာသတ်တာ၊ အမိသတ်တာ၊ အဖသတ်တာ၊ သံဃာကိုသင်းခွဲတာ ပဉ္စာနန္တရိယကံလို့ ခေါ်တယ်၊ အဲဒီကံမျိုး ကျူးလွန်တဲ့ ပုဂ္ဂိုလ်သေရင် ငရဲမကျဘူးလား၊ ( ကျပါတယ်ဘုရား) ဒီဘဝမှာလည်း နိဗ္ဗာန်မရ၊ မဂ်တားဖိုလ်တားဖြစ်၊ သေပြန်တော့လည်း ငရဲကျဆိုတော့ အဲဒီကံဟာ အကြီးဆုံးကံကြီးပဲ ဒကာ ဒကာမတို့ ဗုဒ္ဓဘာသာတွေမှာ ဖြစ်ခဲ့တယ်နော်၊ သို့သော် အဲဒီကံက ဘယ်ဖြစ်မလဲ၊ အင်မတန်ကြီးလေးတဲ့ ကံဆို တော့ မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား) ကြောက်တဲ့အတွက် ဖြစ်တဲ့ပုဂ္ဂိုလ် နည်းပါးတယ်နော်၊ ဟိုဘုရားလက်ထက်က အဇာတသတ်တို့လို အရှင် ဒေဝဒတ်တို့လို ဟုတ်လား၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဘုရားကို သွေးစိမ်းတည်အောင်ပြုခဲ့တဲ့ အတွက် ဒါ ပဉ္စာနန္တရိယကံတွေပေါ့ ၊ အဲဒီလိုကံမျိုး ဗုဒ္ဓဘာသာမှာ ဖြစ်ခဲ့ပါတယ်၊ သို့သော်လည်းပဲ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်မယ် ဆိုရင် အဲဒီကံထက် ကြောက်စရာကောင်းပါတယ် ဆိုတော့ ပဉ္စာနန္တရိယကံ ကျူးလွန်တဲ့ ပုဂ္ဂိုလ်များက သေလို့ရှိရင် အဝီစိငရဲကျမယ်ပေါ့၊ အဇာတသတ်ဟာ ဖခင်ကို သတ်တဲ့အတွက် အဝီစိငရဲကျဖို့ပါပဲ၊ သို့သော် လည်းပဲ မြတ်စွာဘုရားရဲ့ မျက်မှောက်မှာ သာမညသုတ်

တော်ကို နာကြားရလို့ အပြစ်ကိုဝန်ခံ၊ ဗုဒ္ဓဘာသာဖြစ်လာတော့ သံဃာယနာတင်တဲ့ ကုသိုလ်တွေ အခြားကုသိုလ်တွေ မြောက်မြားစွာ ပြုတဲ့အတွက် အထောက်အပံ့လေး ရသွားပြီးတော့ အကူအညီပေးလိုက်တဲ့အတွက်ကြောင့် လောဟကုမ္ဘီငရဲလောက်ပဲ ခံရတယ်၊ အဝီစိတော့ မဆင်းတော့ဘူး။ သို့သော် ငရဲတော့ကျသွားတာအမှန်ပဲ ၊ အဲဒီလောက်ကြီးမားတဲ့ ကံကြီးပါ ။

## သံသရာ သစ်ငုတ်

သူ့နှစ်လစေ့ရင် ဒကာ ဒကာမတွေ မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား) ငရဲသတ်တမ်း နှစ် ၊ လ စေ့ရင် လွတ်လိမ့်မယ်၊ နှစ် အပိုင်းအခြားနဲ့ လွတ်နိုင်ပါတယ်၊ ခုန၊ နိယတမိစ္ဆာဒိဋ္ဌိ သင့်ထားတဲ့ ပုဂ္ဂိုလ်များက နှစ်အကန့်အသတ် မရှိ၊ ဘယ်ဘုရားအဆူဆူ ချွတ်ချွတ် မကျွတ်တဲ့အတွက် သံသရာသစ်ငုတ်လို့ ခေါ်တယ်၊ စကားလုံး တစ်လုံးတိုးလာ ပြန်ပြီနော်။ သံသရာသစ်ငုတ်တဲ့၊ ဒီလိုဖြင့် ပဥ္စာနန္တရိယကံက လွတ်ရက် ကျွတ်ရက်ရှိတယ်၊ နိယတရှိတဲ့ပုဂ္ဂိုလ်က လွတ်ရက် ကျွတ်ရက် မရှိဘူးဆိုတော့ အပြစ်ပိုမကြီးဘူးလား (ကြီးပါတယ်ဘုရား) သို့သော် အဲဒီလို အပြစ်ကြီးတာက ဘာဖြစ်နေလို့၊ ဘယ်ဉစ္စာတွေ ကျူးလွန်နေလို့၊ ဘာတွေလုပ်နေလို့ အပြစ်ကြီးတယ်ဆိုတာ သိဖို့အရေးမကြီးဘူးလား၊

(အရေးကြီးပါတယ်ဘုရား) အဲဒါလေး တစ်လုံးကို ရအောင် ယနေ့ တရားနာပရိသတ်ကြီး သေဘောပေါက် နားလည် ကျင့်သုံးသွားပြီဆိုရင် ဘုန်းကြီး ဒီနေ့ တရား လာရောက်ပြီးတော့ ကျေးဇူးဆပ်ရကျိုးနပ်ပါတယ်။ အဲဒီတော့ နိယတမိစ္ဆာဒိဋ္ဌိက ခုန သုံးမျိုးနော်။ ဘယ်နှစ်မျိုး.....

'အကြိယဒိဋ္ဌိ'

'နတ္ထိကဒိဋ္ဌိ'

'အဟေတုကဒိဋ္ဌိ' ။

အဲဒီသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိ ခေါ်တယ်။ ဒီတော့ ဒါကို ဆောင်ပုဒ်ကလေးနဲ့ ကျက်ထားရင် ပိုးပြီးကျေးဇူး ကြီးမား တယ်နော်။

ကဲလိုက်ဆို.....

အကြိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အ ဟေ တု။

အကြိယဒိဋ္ဌိကို နည်းနည်းရှင်းမယ်နော်၊ အင်း နိယ တမိစ္ဆာဒိဋ္ဌိမှာ ဒီသုံးမျိုးပေါ့ဟုတ်လား၊ "အကြိကံပယ် နတ်ကျိုးပယ်၊ နှစ်သွယ် အဟေတု" အကြိကံ ပယ်ဆိုတာ ခုနက ပြောခဲ့တဲ့အထဲမှာ အကြိယဒိဋ္ဌိဆိုတာ မရှိဘူးလား (ရှိပါတယ်ဘုရား) အကြိယကံပယ်ဆိုတဲ့ စကားလေးမှတ်ထားလိုက် ပြော်– အကြိယဒိဋ္ဌိဆိုတာ ကံကိုပယ်တာပဲဆိုတော့ ကံကို လက်မခံတဲ့ အယူဝါဒ

သည် ဘာဒိဋ္ဌိ (အကြိယဒိဋ္ဌိပါဘုရား) ဘယ်ကံကိုမှ လက်မခံဘူး၊ လူဆိုတာ သူ့ဖြစ်ချင်တာ ဖြစ်နေတာပဲ၊ ဘုရားပွင့်ခါစတုန်းကနေ့ အယူဝါဒ အမျိုးမျိုးတွေပေါ့၊ အဲဒီလို အမျိုးမျိုး အယူဝါဒတွေ တစ်ခုချင်းရှင်းနေမယ် ဆိုရင် သိပ်ကြာနေမယ်၊ ထားလိုက်ပါတော့ ဟုတ်လား။ အဲဒီလို အယူဝါဒမျိုး၊ ကံပယ်အယူဝါးဒမျိုးကို ဘာဒိဋ္ဌိ ခေါ်သလဲ (အကြိယဒိဋ္ဌိပါဘုရား) ဒါကြောင့် "အကြိ ကံပယ်" ဆိုတဲ့ စကားလုံးလေးလည်း မှတ်ရပါတယ်။

## နတ်ကျိုးပယ်

"နတ်ကျိုးပယ်" တဲ့ ၊ နတ်ကျိုးပယ်တယ်ဆိုတာက အကျိုးတရားကို ပယ်လိုက်တယ်။ ဒကာ ဒကာမတွေ ဘာကို ပယ်တာလဲ (အကျိုးတရားကို ပယ်ပါတယ် ဘုရား) ဟာ– မင်းကွာ ဒီအကြောင်းတွေ လုပ်နေလို့ ဘာမှအကျိုးများမှာ မဟုတ်ပါဘူး ၊ လုပ်မနေစမ်းပါနဲ့၊ လောကစကား မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒါ ဘာပယ်တဲ့စကားလဲ၊ (အကျိုးပယ်တဲ့ စကားပါဘုရား) ဥပမာ ဆိုကြပါစို့၊ ကနေ့ည ဒကာကြီး ဦးသိန်းဝင်းတို့ ဒေါ်ဒေါ်နီနီတို့ ဒီမှာ တရားပွဲကြီးလုပ်၊ ဟာ– ခင်ဗျားတို့ ဒီတရားပွဲကြီးလုပ်နေလို့ ဘာအကျိုးများလဲ . . . . . စသည်ဖြင့်များ အဲဒီလို အယူအဆနဲ့ ပြောလိုက်မယ် ယူလိုက်မယ်ဆိုရင် အဲဒါ နတ္ထိကဒိဋ္ဌိ ဖြစ်သွားတယ်၊

ဘာဒိဋ္ဌိ (နတ္ထိကဒိဋ္ဌိပါဘုရား) အကျိုးမဲ့တာလား၊ အကျိုးရှိတာလား (အကျိုး ရှိပါတယ်ဘုရား) အကျိုးရှိတာကို အကျိုးမရှိဘူးလို့ယူလိုက်ရင် ဘာဒိဋ္ဌိ (နတ္ထိကဒိဋ္ဌိပါဘုရား) သိပ်ကြောက်စရာကောင်းတယ်နော်၊ အဲဒါကြောင့် အကြိကံပယ် နတ်ကျိုးပယ်။

**နှစ်သွယ် အဟေတု**

နှစ်သွယ် အဟေတု ဆိုတာကတော့ အကြောင်းပယ် အကျိုးပယ်ကို နှစ်သွယ်လို့ ယူရပါတယ် ။ အဲဒီတော့ အဟေတုကဒိဋ္ဌိကို အကြောင်းအကျိုး နှစ်မျိုးလုံးပယ်လိုက်ရင် အဟေတုကဒိဋ္ဌိလို့ မှတ်လိုက်၊ အကြောင်းတရားကိုပယ်ရင် ဘာဒိဋ္ဌိ (အကြိယဒိဋ္ဌိပါဘုရား) အကျိုးသက်သက်ကိုပယ်တော့ (နိတ္ထိက)၊ ကံအကြောင်းသက်သက်ကိုပယ်တာ အကြိယဒိဋ္ဌိ၊ ကံကိုပယ်တာက (အကြိယဒိဋ္ဌိပါဘုရား) ဒါကို ခုနက ဆောင်ပုဒ်ကလေးနဲ့ဆိုတော့ ပိုမှတ်လွယ်ပါတယ်နော်။ ကဲ လိုက်ဆို လိုက်ကြဦး – "အကြိကံပယ်၊ နတ်ကျိုးပယ်၊ နှစ်သွယ်အဟေတု" အဲဒီတော့ အကြိယဒိဋ္ဌိရယ်၊ အဟေတုကဒိဋ္ဌိရယ်၊ နိတ္ထိကဒိဋ္ဌိရယ်၊ အဲဒီသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒီလို နိယတမိစ္ဆာဒိဋ္ဌိရှိနေရင် ဒကာဒကာမများ ခုန ပဉ္စာနန္တရိယကံထက် ကြောက်စရာကောင်းတဲ့ သံသရာသစ်ငုတ်။ ဘာခေါ်ပါလိမ့် (သံသရာ

သစ်ငုတ်ပါဘုရား) သံသရာသစ်ငုတ် ဖြစ်သွားပြီ။ သံသရာသစ်ငုတ်ဆိုတာ ဘယ်ဘုရား အဆူဆူ ချွတ်ချွတ် မကျွတ်ဘူးနော်၊ အဲဒါက ဓမ္မသဘောနဲ့ ဒေသနာစဉ်ကို ဘုန်းကြီး ကျေးဇူးပြုနေတာ ။

## လောက၏ အားကိုးရာ

အဲဒါကို အများနားလည်တဲ့ စကားနဲ့ပြန်ပြီး ပြောရမယ်ဆိုရင် လောကမှာ သရဏဂုံသုံးပါး မရှိဘူးလား (ရှိပါတယ် ဘုရား) ခုန ရွတ်သွားပြီးပြီ၊ ဗုဒ္ဓံ ဓမ္မံ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ သရဏဂုံ သုံးပါးရှိတယ်နော်၊ ဘုရားကို ယုံကြည်ကိုးကွယ် ဆည်းကပ်တယ်ပေါ့၊ တရားတော်ကို ယုံကြည်ကိုးကွယ် ဆည်းကပ်ပါ၏ဘုရား၊ သံဃာကို ယုံကြည်ကိုးကွယ် ဆည်းကပ်ပါ၏ဘုရား ဆိုတော့ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်တာဟာ ယုံကြည်လို့လား မယုံကြည်လို့လား (ယုံကြည်လို့ပါဘုရား) အားမကိုးလို့ လား၊ အားကိုးလို့လား (အားကိုးလို့ပါဘုရား) သို့ဖြစ်၍ လောကမှာ အားကိုးစရာ ဘယ်နှစ်ပါးရှိ (သုံးပါး) သုံးပါးပဲရှိတယ်၊ သုံးပါးက ဘာတွေလဲ ဘုရားရယ် တရားရယ် သံဃာရယ်။ အဲဒါကသရဏဂုံသုံးပါးလို့ ခေါ်တယ် ၊ ဗုဒ္ဓံ သရဏံ-ဓမ္မံ သရဏံ သံဃံ သရဏံ၊ သရဏဂုံ ဘယ်နှစ်ပါး (သုံးပါးပါဘုရား) ဆိုတော့ ခုနက

အလယ်တန်း ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ယုံကြည်ရမယ်နော်၊ ဒါကြောင့် ဘုရား တရား သံဃာ ရတနာ သုံးပါးကို ယုံကြည်ရင် ဘယ်လိုရမယ် ဆိုတာ ဒါလေးကိုသိမှ အလယ်တန်း ဗုဒ္ဓဘာသာ ဖြစ်မယ်။

ဗုဒ္ဓဂုဏာ အစိန္တိယာ ၊ အစိန္တိယေ ပသန္နာနံ
ဝိပါကော ဟောတိ အစိန္တိယော ။
ဓမ္မဂုဏာ အစိန္တိယာ ၊ အစိန္တိယေ ပသန္နာနံ
ဝိပါကော ဟောတိ အစိန္တိယော ။
သံဃာဂုဏာ အစိန္တိယာ ၊ အစိန္တိယေ ပသန္နာနံ
ဝိပါကော ဟောတိ အစိန္တိယော –တဲ့ ။

ဗုဒ္ဓဂုဏာ အစိန္တိယာ – မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးရဲ့ ကျေးဇူးတော် ဂုဏ်တော် တန်ခိုးတော် အနန္တတို့ဟာ မကြံစည် မနှိုင်းယှဉ်အပ်တဲ့ ဂုဏ်တွေ ရှိတယ်တဲ့ ၊ ဘုရား ဂုဏ်တော်ဟာ ကြံစည်လို့ ရပါ့မလား (မရပါဘူးဘုရား) မကြံစည်နိုင်ဘူးတဲ့၊ ကြံလို့မရတာက များလွန်းအားကြီးလို့ ဘာဖြစ်လို့လဲ (များလွန်းအားကြီးလို့ပါဘုရား) မကြံစည်နိုင်တဲ့ ဘုရားဂုဏ်တော်ကို အရုံပြုပြီး ယုံကြည်ကိုးကွယ် ဆည်းကပ် အားထားပြီးတော့ ရှိခိုးနေကြမယ်ဆိုရင် မနှိုင်းယှဉ်အပ်တဲ့ အကျိုးတရားတွေ ရမယ်လို့ ဟိုက်ရိုက် ဒီလိုဟောတယ်နော်။

အဲဒီတော့ ဘုရားရဲ့ ဂုဏ်တော်သည် ဘယ်လိုရှိ

(မကြာစည် မနိုင်းယှဉ်အပ်တဲ့ ဂုဏ်တော်ရှိပါတယ်) မကြာစည် မနှင်းယှဉ်အပ် တဲ့ဂုဏ်ရှိတဲ့ မြတ်စွာဘုရားကို ယုံကြည်ကိုးကွယ် ဆည်းကပ် မယ်ဆိုရင် မကောင်းကျိုး ပေးမှာလား၊ ကောင်းကျိုး ပေးမှာလား (ကောင်းကျိုးပေး မှာပါဘုရား) မမျှော်မှန်းနိုင်တဲ့ ကောင်းကျိုးတွေရမှာနော်၊ ဟာ– ဥပမာ ဒီကောင်းကျိုးဟာ တစ်သန်းလောက် ရမယ်တွက်ထားပေမယ့် မမျှော်မှန်းဘူးဆိုတော့ ရေလို့မရတဲ့ ကောင်းကျိုးတွေ ရတာပဲလို့ ဒီလို ဝမ်းသာရမယ်နော်။ အဲ ဘုရားကိုယုံကြည်ရင် ဒီလိုကောင်းကျိုးရသလို ခုနေဒေသနာအတိုင်း တရားတော်ရဲ့ ဂုဏ်ကျေးဇူးတော် တွေဟာလည်း မကြာစည် မနိုင်းယှဉ်အပ်တဲ့ ဂုဏ်မရှိဘူးလား၊ (ရှိပါတယ်ဘုရား) မကြာစည် မနိုင်းယှဉ်အပ်တဲ့ ဂုဏ်ရှိတဲ့ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတွေ ယုံကြည်ကိုးကွယ် ဆည်းကပ် အားထားမယ်ဆိုရင် မကြာစည်မနိုင်း ယှဉ်အပ်တဲ့ အကျိုးတရားတွေ မရဘူးလား (ရပါ တယ်ဘုရား) ရတယ်၊ သံဃာဂုဏ်ဟာလည်း မကြာစည် မနိုင်းယှဉ်အပ်တဲ့ ဂုဏ်ရှိပါတယ်တဲ့။ မကြာစည်မနိုင်းယှဉ် အပ်တဲ့ ဂုဏ်ရှိတဲ့သံဃာတော်ကို ယုံကြည်ကိုးကွယ် ဆည်းကပ်ထားမယ်ဆိုရင်လည်းပဲ ဒကာ ဒကာမများ မကြာစည် မနိုင်းယှဉ်အပ်တဲ့ အကျိုးတရားတွေ မရဘူး လား၊ (ရပါတယ်ဘုရား) သေချာပေါက်ရမှာနော် ဒီလိုဖြင့်

အဲဒါကို ယုံကြည်တာဟာ ဗုဒ္ဓဘာသာ၊ ဘာပါလိမ့် (ဗုဒ္ဓဘာသာပါဘုရား)

**ကိုးကွယ်ရာ တခြားမရှိ**

အဲဒီလို ယုံကြည်ကြသည့်အတွက်ကြောင့် ဘုရား တရား သံဃာ ရတနာသုံးပါးကို မကိုးကွယ်ဘူးလား (ကိုးကွယ်ပါတယ်ဘုရား) ကိုးကွယ်တာ လောကမှာ ဘယ်နှစ်မျိုး (သုံးမျိုး) သို့ဖြင့် သုံးမျိုးဆိုတာက အောင်ဆန်းဆရာတော် ဟောတာ တစ်လုံးမှ မပါဘူး နော်၊ ဘုရားဟောတာကို၊ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဟောတာကို မှတ်သားမိသမျှ ကျေးဇူးဆပ် နေတာနော်၊ အဲဒီတော့ ရတနာသုံးပါးက လွဲပြီးတခြား ကိုးကွယ်စရာရှိရဲ့လား (မရှိပါဘူးဘုရား) အဲဒါကြောင့် မြတ်စွာဘုရားက ဗုဒ္ဓံ သရဏံ ၊ ဓမ္မံ သရဏံ၊ သံဃံ သရဏံလို့ ဒီလိုဟောတာပေါ့၊ အဲဒီလို ယုံကြည်ရင် ဘာ ဗုဒ္ဓဘာသာလဲ (အလယ်တန်း ဗုဒ္ဓဘာသာ) ဒီလိုဖြင့် အလယ်တန်းဗုဒ္ဓဘာသာဟာ အကြောင်းနဲ့ အကျိုးကိုယုံတာပဲ၊ ဘာနဲ့ဘာကို ယုံတာလဲ (အကြောင်း နဲ့အကျိုး)ကံအကြောင်းနဲ့ ကံအကျိုးကို ယုံကြည်တယ်ဆို လို့ရှိရင် ဘာဗုဒ္ဓဘာသာ (အလယ်တန်းဗုဒ္ဓဘာသာပါ ဘုရား) အလယ်တန်းဗုဒ္ဓဘာသာ ဖြစ်သွားပြီနော်၊

## ကိုးကွယ်ရာ သရဏဂုံတွေပျောင်းမှု

ဗုဒ္ဓဘာသာအတွက် ဒီနေရာမှာ ဘာတွေကြောက်စရာကောင်းလဲဆိုတော့ ဘုရားဟောတာက သရဏဂုံ သုံးမျိုးနော်၊ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား) ဒါပေမယ့် တဲ့ ဘယ်ဆရာတွေကနေ ဘယ်လိုလုပ် သင်လိုက်သလဲ မသိဘူး၊ သရဏဂုံတွေ အများကြီးဖြစ်တာတွေ မြန်မာပြည်မှာ တော်တော်ပေါတယ်၊ သရ ဏဂုံတွေ အများကြီးဖြစ်နေတယ်၊ ဒကာ ဒကာမတွေ ဘုရား ဟောတာက သရဏဂုံ ဘယ်နှစ်မျိုးလဲ(သုံးမျိုးပါဘုရား) သုံးခုရှိတယ်နော်၊ ဗုဒ္ဓံ သရဏံ၊ ဓမ္မံ သရဏံ ၊ သံဃံသရဏံ၊ သို့သော်လည်းပဲ တန္တရဝါဒ မဟာယာနကနေပြီးတော့ ဆက်နွယ်လာလိုက်တဲ့ အနွယ်ပွားတွေက ဟော ဘာတွေ ဖြစ်လာသလဲဆိုတော့ "ဒေဝါ သရဏံ"တွေ ပါလာတယ်၊ မရှိဘူးလား (ရှိပါတယ်) မြန်မာပြည် အများကြီးနော်၊ ဟော "ဝိဇ္ဇာ သရဏံ"တွေ ပါလာတယ်၊ မပါဘူးလား၊ ဟော"ဘိုးတော် သရဏံ၊ မယ်တော် သရဏံ"တွေ မပါဘူးလား(ပါပါတယ်ဘုရား) ဒီလိုဖြင့် အဲဒီသရဏံတွေဟာ သရဏံထိုက်သလား၊ မထိုက်တာလား (မထိုက်တာပါဘုရား) မထိုက်တာကို ထိုက်တယ်လို့ယူရင် ဘာဒိဋ္ဌိ (နိယတ) အယူမှန် ခေါ်မှာလား၊ အယူမှားခေါ်မှာလား

(အယူမှားပါဘုရား) အယူမှားကို နာမည်တပ်လိုက်တော့ (နိယတမိစ္ဆာဒိဋ္ဌိ) တဲ့၊ ဒကာ ဒကာမများ ကြောက်စရာ သိပ်ကောင်းပါတယ်၊ ဒါကြောင့် အလယ်တန်း ဗုဒ္ဓဘာသာမှာ အရေးကြီးတယ်နော် (မှန်ပါ) အောက်ခြေ နိုင်မှ အထက်တက်လို့ရပါတယ် ။

ဟော အထက်တန်း ဗုဒ္ဓဘာသာကျတော့ – ပဋိစ္စသမုပ္ပါဒ်နဲ့ တစ်ခါတည်း ခုနှ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပါဒ်၊ ပညတ်၊ ပရမတ် ဒီသဘောတရားတွေဟာ တစ်ခါတည်း အထက်တန်း ဗုဒ္ဓဘာသာ ကျလာပြီ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ထိတော့ တက်သွားပြီပေါ့နော်၊ ဟို အလယ် တန်းဗုဒ္ဓဘာသာ ကျတော့ အဘိဏှသုတ် ဒေသနာမှာလာတဲ့အတိုင်း ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ဆွေမျိုး မိမိရဲ့ ဥစ္စာ အမွေအနှစ် ဒီလိုဘုရားဟောမရှိဘူးလား (ရှိပါတယ် ဘုရား) အဲဒီလို ယုံကြည်ကိုးကွယ် အားထားဖို့အတွက် ခုအခြေခံ သရဏဂုံကို ဒကာ ဒကာမတွေ ကျေးဇူးပြု တာပါ မှန်ရဲ့လား ။ (မှန်ပါယ်ဘုရား)

အရေးအကြီးဆုံးက ဥပမာ ခုန ဗုဒ္ဓံ သရဏံ – ဓမ္မံ သရဏံ – သံဃံ သရဏံဆိုတော့ အရေးအကြီးဆုံး ကတော့ ဓမ္မံ သရဏံ ပေါ့ဗျာ၊ သို့သော် အားလုံးအရေး ကြီးတာပါပဲ ဟုတ်လား။

ဓမ္မံ သရဏံကို ရှုတ်ပြတော့ ဘုန်းကြီးက

ဘာကြောင့် ရှေ့တန်းတင်လိုက်တာလည်းဆိုတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တော်မူတော့ ၃၁-ဘုံကို ဉာဏ်တော်နဲ့ ကြည့်လိုက်တယ်။ ''ငါ့ထက် သီလ,သမာဓိ,ပညာသာတဲ့ ပုဂ္ဂိုလ်တွေ့ရင် ငါကိုးကွယ်မယ်၊ ဘုရားကိုယ်တော်မြတ်က သဗ္ဗညုတဉာဏ်နဲ့ ၃၁-ဘုံကို လှည့်ကြည့်လိုက်တယ်''၊ ဘုရားထက် သီလ သာတဲ့ပုဂ္ဂိုလ် မတွေ့ဘူး၊ ငါ့ထက် သမာဓိသာတဲ့ ပုဂ္ဂိုလ်တွေ့ရင် ငါ ကိုးကွယ်ဆည်းကပ်ဦး မယ်ဆိုပြီးတော့ ၃၁-ဘုံမှာ ဘုရားက သူ့ထက်သမာဓိ တွေသာတဲ့ အားကောင်းတဲ့ ပုဂ္ဂိုလ်ကို လှည့်ပြီးကြည့်လိုက်တာ တစ်ဦးမှမတွေ့ဘူး၊ ငါ့ထက် ပညာသာတဲ့ ပုဂ္ဂိုလ်တွေ့ရင် ငါကိုးကွယ်ဆည်းကပ်မယ် ဆိုပြီးတော့ ၃၁-ဘုံကို လှည့်ပြီးကြည့်လိုက်တဲ့အခါ မြတ်စွာဘုရားထက် ပညာသာတဲ့ပုဂ္ဂိုလ်တွေ မတွေ့ရဘူး၊ ပြောဘ် - လောကမှာ ငါ့ထက် သီလ သမာဓိ ပညာသာတဲ့ ပုဂ္ဂိုလ်မရှိပါလား ။

အဲဒီတော့မှ ဘုရားက ပုဂ္ဂိုလ်အနေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ကိုးကွယ်စရာ မရှိဘူးဖြစ်နေတယ်၊ ဒီတော့ ဉာဏ်တော်နဲ့ သုံးသပ်လိုက်တဲ့ အခါကျတော့မှ ငါကိုယ်တိုင် ဘုရားဖြစ်တော်မူလာတာက ''ဒီတရားတော်တွေကို အားထုတ်လို့သာလျှင် ဘုရားဖြစ်လာရတာပဲ''တဲ့ ။

ဒီတော့ တရားတော်ကို သာလျှင် ကိုယ်းကွယ်ရာ အဖြစ် ထားမှပဲဆိုပြီးတော့ နေတော်မူတယ်၊ ဒါကြောင့် ဝက္ကလိ ရဟန်းကို မြတ်စွာဘုရားက "ဝက္ကလိ၊ ငါ့ကိုချည်း ရှုန်းရှုန်းစားစား ကြည့်နေစရာမလိုဘူးကွာတဲ့၊ တရားမြင်ရင် ငါဘုရားမြင်တာပဲတဲ့၊ တရားမြင် အောင်ရှုကွာတဲ့" ဘုရားက ဒီလိုမဆုံးမဘူးလား (ဆုံးမပါတယ်)

တရားကိုမြင်မှ ငါဘုရားကိုမြင်တယ်ဆိုတော့ ဒကာဒကာမများ ဘာကိုဦးစားပေးရမှာလဲ (တရားကိုဦးစားပေးရမှာပါဘုရား) တရားကိုမြင်ရင် ဘာမြင်တာလဲ (ဘုရားမြင်တယ်) တရားကိုမြင်မှ (ဘုရားကိုမြင်တာပါဘုရား) ဒီတော့ ဘုရားကိုမြင်မှ သံဃာကိုမြင်တာပေါ့။ ဘုရားကိုမြင်မှ (သံဃာကို မြင်တာပါဘုရား)

ဒီတော့ တရားကိုမြင်မှ ဘုရားကိုမြင်၊ ဘုရားကိုမြင်မှ သံဃာကို မြင်ပြီးသား ဖြစ်ပါတယ်နော် ၊ အဲဒီတော့ ဘုရား ကိုယ်တော်မြတ်သည်ပင်လျှင် တရားတော်ကို ကိုးကွယ်ရာပြုပြီး နေတော့ တရားရှေ့တန်းတင်ဖို့ အရေးမကြီးဘူးလား (အရေးကြီးပါတယ် ဘုရား) ဒီလိုဖြစ်ရင် ဒကာမတွေရဲ့ယုံကြည် ကိုးကွယ်အားထားရာ သည် ဘုရား တရား သံဃာနော်။ အဲဒီတော့ တရားကို ရှေ့တန်းတင်ပြီး ပြောကြဦးဆိုတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့တဲ့ တရားတော်တွေ

အများကြီးမရှိဘူးလား၊ ဟော ဒါနတရား ဘုရားမဟော ဘူးလား (ဟောပါတယ်ဘုရား) သီလတရားလည်း မဟောဘူးလား (ဟောပါတယ်) သမထတရား မဟောဘူးလား (ဟောပါတယ်) အဲဒီလို ဟောတဲ့အခါမှာ နောက်ဆုံးတော့ဖြင့် သစ္စာတရားတွေထိ ဘုရားကိုယ် တော်မြတ်ကြီး ဟောတော်မူတယ်၊ သတ္တဝါတွေ နုတဲ့ပုဂ္ဂိုလ် နုတဲ့အလျောက် ရင့်တဲ့ပုဂ္ဂိုလ်တွေ ရင့်တဲ့ အလျောက် ဉာဏ်တွေနုနယ်တဲ့ ပုဂ္ဂိုလ်များကျတော့ ခုနပြောခဲ့တဲ့ အဘိဏှသုတ် တရားအတိုင်း ကံသာလျှင် အမိ ကံသာလျှင်အဖ ဆိုပြီးတော့ ကောင်းတဲ့ကံသည် ကောင်းတဲ့အကျိုးကို မပေးဘူးလား (ပေးပါတယ်ဘုရား) ကောင်းတဲ့ကံ (ကောင်းကျိုးပေးပါတယ်ဘုရား) အဲဒီတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အနေနဲ့က အဲဒီတရားလေးလည်း နားလည်ထားတဲ့ အခါကျတော့ ''ဟာ ငါမကောင်းမှုလုပ်လို့ မဖြစ်ဘူး၊ မကောင်းတဲ့ အကုသိုလ်တွေ ကျူးလွန်မယ်ဆိုလို့ရှိရင် ငရဲ တရိစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံကျမယ်၊ ကောင်း တဲ့ ကုသိုလ်တရားတွေ ပြုမယ်ဆိုလို့ရှိရင် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် စသည်ဖြင့် သုဂတိရမယ်ဆိုတော့ ကဲ အားလုံးသော တရားနာပရိသတ်ကြီး စဉ်းစားကြည့် စမ်း၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် လေးဘုံကို သွားချင်တဲ့ ပုဂ္ဂိုလ် ရှိရဲ့လား၊ (မရှိပါဘူး

ဘုရား) မရှိဘူးဆိုရင် တခြားရှောင်ရမှာလား၊ အကုသိုလ် ရှောင်ရမှာလား(အကုသိုလ်ရှောင်ရမှာပါဘုရား) သဂ္ဂတိနိဗ္ဗာန်ကို လူတိုင်း လိုချင်တယ်ပေါ့၊ ရချင်တယ်ပေါ့၊ လိုချင်ရချင်ရင် တခြားလုပ်ရမှာလား၊ ကောင်းမှုကုသိုလ်တွေကို လုပ်ရမှာလား (ကောင်းမှုကုသိုလ်တွေ လုပ်ရမှာပါဘုရား) ဒါဗုဒ္ဓဘာသာဝင်တွေ လက်ခံကျင့်သုံးရမယ့် ကိစ္စပေါ့နော်။

## ကောင်းမှုတွေ အထောက်အပံ့တွေ

အဲဒီတော့မှ အခြေခံဖြစ်တဲ့ ဉာဏ်နတဲ့ ပုဂ္ဂိုလ်တွေကို ''အဲ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို လုပ်ကြဟ၊ သီလ ဆိုတဲ့ ကောင်းမှုတွေလုပ်ကြဟ၊ အဲဒါ အလယ်တန်းဗုဒ္ဓဘာ သာဝင်တွေနော်၊ အဲဒီတော့မှ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ လိုက်လုပ်တော့ ကုသိုလ် အထောက်အပံ့ ပြုလိုက်တဲ့ ပုဂ္ဂိုလ်တိုင်း ဖြစ်လေရာ ဘဝါဘဝမှာ ချမ်းသာမှုအကျိုး မရဘူးလား (ရပါတယ်ဘုရား)လူချင်းတူပေမယ့် အသက်ရှုချင်း ကွဲတယ်ဆိုတဲ့ မြန်မာစကားလိုပဲ၊ လူချင်းတော့တူတာပေါ့ဗျာနော်၊ လောကမှာ ချမ်းသာတဲ့ ပုဂ္ဂိုလ်ရှိသလို ဆင်းရဲတဲ့လူတွေ ရောမရှိဘူးလား၊ (ရှိပါတယ်) အဆင်းလှတဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလား၊ ဒီတော့ လှတဲ့ပုဂ္ဂိုလ်တွေရှိသလို အကျည်းတန်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ပညာတတ်တဲ့ပုဂ္ဂိုလ်တွေ

ရှိသလို ပညာမဲ့တဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား (ရှိပါတယ်)

## အခြေခံလေး ရှိထားရင်

ဒီလိုဖြင့် အဲလိုအကျိုးပေးတွေ ကွာခြားနေတာသည် တခြားကွာလို့လား ၊ အကြောင်းကွာလို့လား (အကြောင်းကွာလို့ပါဘုရား) အဲဒီအကြောင်းကြောင့် ဒီလို အကျိုးပေးကွာတာပဲလို့ ယုံကြည်တာဟာ အလယ်တန်း ဗုဒ္ဓဘာသာပါ၊ အဲဒီလို ယုံကြည်တဲ့ အခါကျမှ မကောင်းမှုတွေကိုရှောင်ပြီး လူတိုင်းလူတိုင်း ကောင်းမှုတွေ မလုပ်ဘူးတဲ့လား၊ (လုပ်ပါတယ်ဘုရား) အဲဒီတော့ အဲဒီကောင်းမှုကုသိုလ်တွေလုပ်ရင် ကောင်းတဲ့စိတ်တွေမွေးမယ်၊ ကောင်းတဲ့အပြောတွေ ပြောမယ်၊ ကောင်းတဲ့အပြုတွေ ပြုကြမယ်ဆိုရင် ဒကာ ဒကာမတွေ ယခုပြုရင် ယခု မငြိမ်းချမ်းဘူးလား (ငြိမ်းချမ်းပါတယ်ဘုရား) မနက်ဖြန်မှပြုရင် မနက်ဖြန်ငြိမ်းချမ်းတယ်၊ ယခုပြုရင် ယခုငြိမ်းချမ်းတယ်ပေါ့၊ အဲဒီတော့ အခြေခံအလယ်တန်း ဗုဒ္ဓဘာသာဝင် တစ်ဦးတစ်ယောက်ရဲ့ အခြေခံလေး ရှိရင်တောင်မှ ဒကာ ဒကာမတွေ အင်မတန်ငြိမ်းချမ်းပါတယ်။

## ငြိမ်းချမ်းရေးတရား

ဒါကြောင့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာလို့

ရှိရင် ဘဝမှာငြိမ်းချမ်းမှု မရဘူးလား၊ တစ်ကိုယ်ရေ တစ်ကာယဖြစ်ရင် တစ်ကိုယ်ရေ တစ်ကာယငြိမ်းချမ်းပါတယ်၊ တစ်မိသားစုလုံးဖြစ်ရင် တစ်မိသားစုလုံး မငြိမ်းချမ်းဘူးလား၊ တစ် ရပ်ကွက်လုံးဖြင်ရင် တစ်ရပ်ကွက်လုံး မငြိမ်းချမ်းဘူးလား၊ (ငြိမ်းချမ်းပါတယ်ဘုရား) ဟို တစ်တိုင်းပြည်လုံးဖြစ်ရင် တစ်တိုင်းပြည်လုံး မငြိမ်းချမ်းဘူးလား(ငြိမ်းချမ်းပါတယ်) နောက်ဆုံး ဒီထက်ကြီးကြီး ကျယ်ကျယ်ပြောရင် တစ်ကမ္ဘာလုံး ဖြစ်ရင် တစ်ကမ္ဘာလုံး မငြိမ်းချမ်းဘူးလား (ငြိမ်းချမ်းပါတယ် ဘုရား) အဲဒီလို ငြိမ်းချမ်းခြင်းတရားသည် တခြားတရားလား ဗုဒ္ဓဘာသာတရားလား (ဗုဒ္ဓဘာသာတရားပါ ဘုရား)

အလယ်တန်းဗုဒ္ဓဘာသာတို့ ကျင့်ကြံပွားများအားထုတ် ရမည့်တရားပဲ၊ ဒါကြောင့် ဒီတရားဟာ တရားကို ရှေ့တန်း တင်တယ်ဆိုတော့ ခုန ဒါနတရားကလည်း ပြုလို့လွယ်တယ်၊ သီလတရားပြုလို့လည်း လွယ်တယ်၊ ဒါနနဲ့စာရင် သီလက နည်းနည်း ခက်တယ်၊ သီလနဲ့စာရင် ဒါနပြုလို့ မလွယ်ဘူးလား (လွယ်ပါတယ်ဘုရား) အဲဒီလို သူ့ဉာဏ်အဆင့်ကို အခြေပြု၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဒါနတရားဟော၊ နောက်သီလတရား၊ နောက် သမထ ဝိပဿနာ သစ္စာ ကိုက်အောင်အဆင့်ဆင့် ဒကာ ဒကာမတွေ မဟောဘူးလား (ဟောပါတယ် ဘုရား)

(ဒါနကထာ သီလကထာ သဂ္ဂကထာ မဂ္ဂကထာ ကာမာနံ အာဒီနဝကထာ) အဲဒီလို ဟောပါတယ်။

အေး ဒါကြောင့် အဲဒီကဲ့သို့ ဒါနတရားတွေ ပြုတဲ့အခါကျတော့ သူ့အဆင့်အတန်းလေးနဲ့သူ အကျိုး မပေးဘူးလား (ပေးပါတယ်ဘုရား) ဗုဒ္ဓဘာသာ တစ်ယောက်ဖြစ်ပြီးတော့ ကောင်းတဲ့ဒါနသည် ကောင်း တဲ့အကျိုးကို ပေးတာပဲလို့ယုံကြည်ရင် ဒကာ ဒကာမတွေ မလုပ်ရမှာလား လုပ်ရမှာလား (လုပ်ရမှာပါ ဘုရား) ဒီလိုဖြစ်ရင် စီးပွားဥစ္စာရတနာများကို ရှာကြထားတဲ့ ပုဂ္ဂိုလ်များဟာ ဒါနမပြုရင် အဲဒီပုဂ္ဂိုလ် အတွက်က အမြတ်ထွက်ပါ့မလား (မထွက်ပါဘူးဘုရား) အရှုံးထွက်မယ်၊ အမြတ်ထုတ်ရမှာကို၊ အလယ်တန်း ဗုဒ္ဓဘာသာက ကံနဲ့အကျိုးပေးကို မယုံရဘူးလား၊ (ယုံရပါတယ် ဘုရား) ဒီလိုဖြစ်ရင် လူတိုင်းလူတိုင်းဟာ ချမ်းသာခြင်းကို မလိုဘူးလား (လိုပါတယ်ဘုရား) ကျန်းမာခြင်းကို မလိုဘူးလား၊ ကျန်းမာခြင်း ချမ်းသာ ခြင်းဟာ သိကြား ဗြဟ္မာ ဝိဿ ဖန်ဆင်းရမှာလား ကိုယ်တိုင် ပြုရမှာလား (ကိုယ်တိုင်ပြုလုပ်ရမှာပါဘုရား)

အဲဒီလို ကျန်းမာခြင်း ချမ်းသာခြင်းကို လိုလားတဲ့ ပုဂ္ဂိုလ်တိုင်းပြုရမည့် အခြေခံ ဗုဒ္ဓဘာသာတရားဟာ ဒါန သီလ တရားပါပဲ၊ အဲဒီလို ဒါန သီလဆိုတဲ့ အကြောင်းတရားကိုလုပ်ရင် ကျန်းမာခြင်း ချမ်းသာခြင်း

ဆိုတဲ့ အကျိုးတရားတွေ ပေးမယ်လို့ ယုံကြည်တာသည် ဘာ ဗုဒ္ဓဘာသာလဲ (အလယ်တန်း) ဒီလိုဖြင့် အလယ်တန်းဗုဒ္ဓဘာသာဟာ ကိုယ့်ဘဝကို စပြီး အမြတ်ထုတ်တတ်သွားပြီပေါ့ (ထုတ်တတ်ပါပြီ ဘုရား) ကိုယ့်ဘာသာကိုယ် ဘာလုပ်တယ် (အမြတ်ထုတ်တာ ပါဘုရား) ဒါနနဲ့ အမြတ်ထုတ်တယ် ၊ သီလနဲ့ အမြတ်ထုတ်တယ်နော်၊

**အရှုံးနဲ့ ရင်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေ**

အဲဒီလို ဒါန သီလ မပြုတဲ့ပုဂ္ဂိုလ်များက ကိုယ့်ကိုကိုယ် အမြတ်ထုတ်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ အရှုံးနဲ့ ရင်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဒါကြောင့်မို့တရားတော်က ဒါနမပြုဘဲ အသက်တွေရှည်နေတာ အလကားပါပဲ။ ဒါနပြုပြီး အသက်တွေရှင်နေ တာ အင်မတန်မြတ်တယ်လို့ ဒေသနာစဉ်မလာဘူးလား (လာပါတယ်ဘုရား) အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အိမ်ပါအောင် ဆောင်ပုဒ်လေးတစ်ခုနဲ့ ကျေးဇူးပြုရအောင်နော်

- ဒါနမှုနော်မပြုသော် ရှစ်ဆယ်ကျော်လည်း မမြတ်ဘူး၊ ကိုးဆယ်ကျော်လည်း မမြတ်ဘူး၊ သက်ရာကျော်လည်းမမြတ်ဘူး
- သီလမှုနော်မပြုသော် ရှစ်ဆယ်ကျော်လည်း မမြတ်ဘူး၊ ကိုးဆယ်ကျော်လည်း မမြတ်ဘူး။ သက်ရာကျော်

လည်း မမြတ်ဘူး။

– ဘာဝနာမှုနော်မပြုသော် ရှစ်ဆယ်ကျော်လည်း မမြတ်ဘူး။ ကိုးဆယ်ကျော်လည်း မမြတ်ဘူး၊ သက်ရာကျော်လည်း မမြတ်ဘူး။

ကဲ ပရိသတ်ကြီး တစ်ခေါက်လောက် ညီတူညာတူလေး ဆိုလိုက်စမ်းပါ၊ အိမ်ပါသွားအောင်နော်။ အဲဒါလေး အိမ်ပါသွားရင် ယနေ့ည တရားလာပြီး နာရကျိုးလည်း နပ်သွားတာပေါ့။

**သာကေလေးပြမယ်**

အဲဒါကြောင့် အလယ်တန်း ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအနေနဲ့က ကိုယ့်ဘဝကိုယ် အမြတ်ထုတ်နိုင်ဖို့က ဒါန သီလ ဘာဝနာပေါ့နော်၊ ဒကာ ဒကာမတွေ ကိုယ့်ဘဝအမြတ် ထုတ်နိုင်ဖို့က ဘာတဲ့လဲ (ဒါနပြုရပါမယ်) အဲတော့ဒါနကို အမြတ်ထုတ်ခြင်းအားဖြင့် ကောင်းတာလုပ်ရင် (ကောင်းတာဖြစ်) မကောင်းတာလုပ်ရင် (မကောင်းတာဖြစ်) အဲတော့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတော့ ယနေ့ တရားလာနာတဲ့ ဒကာ ဒကာမတွေ သာကေလေးကို နည်းနည်းလေး အချိန်ယူပြီးပြပါဦးမယ်၊ အချိန်က မနည်းလုရမယ်နော်၊ နောက်တစ်ဆင့် ဟောဖို့ ကျန်သေးတယ်၊ အထက်တန်း

ဗုဒ္ဓဘာသာတို့ရဲ့အသိ၊ ခုအလယ်တန်းကို ကျေနပ်သွား ရင် အထက်တန်း တက်ကြရဦးမယ်၊ ဒီတော့ ကောင်း တာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတော့ ဘုန်းကြီးတို့ ဒီမြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီး လက်ထက်တော် အခါက ဇမ္ဗူလသူဌေးကြီးဆိုတာ ရှိတယ်၊ ပရိသတ်ကြီး ဘယ် သူလဲ (ဇမ္ဗူလသူဌေးကြီး) ဒကာ ဒကာမတွေ သဘော တရားလေးပေါ့နော်၊ အစအဆုံးတော့ မပြောတော့ပါ ဘူး၊ နည်းနည်းလေး ၊ ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်တယ် မကောင်း တာလုပ်ရင် မကောင်းတာဖြစ်တယ် ဆိုတဲ့ သာဓကလေး တစ်ခုအနေနဲ့ မှတ်တမ်းလေး ပြချင်တာပါ။ ဒီတော့ ဇမ္ဗုကသူဌေးဆိုတာဟာ နောက်တော့ ဇမ္ဗူလရဟန္တာကြီး ဖြစ်သွားတာပါပဲ၊ သူ့ရဲ့ အဆုံးစွန်သော ဘဝအခြေအနေပေါ့လေ။

## ရွှေတောင်ကြီးပေါက်

ဒီတော့ ကောင်းပြီ – သူရဲ့ ဘဝဖြစ်စဉ်လေးကို ပြန်ကြည့် ရမယ်ဆိုရင် ဇမ္ဗူလသူဌေးဟာ အိမ်ထောင် ကျပြီးတော့ သူ့ရဲ့မွေးစားဖခင်ဖြစ်တဲ့ ယောက္ခမကနေပြီး အိမ်ခွဲလည်းခွဲပေး လိုက်ရော တစ်ခါတည်း အိမ်နောက် ဖေးကနေ ရွှေတောင်ကြီး ထပေါက်ပါလေရောဗျို့၊ ဒကာ ဒကာမတွေ သူဌေး ဘာပေါက် တာလဲ (ရွှေတောင်ကြီး

ပေါက်ပါတယ်) ရွှေတောင်ကြီးပေါက်တော့ ရှင်ဘုရင်ကြီး သွားလျှောက်တယ်၊ ကျွန်တော်မျိုးအိမ်မှာ ဘုရား၊ ရွှေတောင်ကြီး ပေါက်ပါတယ် အရှင်မင်းကြီး၊ ဒီတော့ ရှင်ဘုရင်က ''အေး အဲဒါ မင်းနဲ့ထိုက်လို့ဖြစ်တာ''ဆိုပြီးတော့ သူဌေးဘွဲ့ထူး ဂုဏ်ထူးပေးရတာပေါ့၊ ဒကာ ဒကာမတွေ၊ ဘာဘွဲ့ထူးပေးရ (သူဌေးဘွဲ့ထူးပေးရပါတယ်) သူဌေးဘွဲ့ထူးပေးရတယ် ရှင်ဘုရင်က၊ အခုလည်းဒီမှာ 'သီဟသုဓမ္မမဏိဇောတဓရ'ဘွဲ့တွေ ဟုတ်လား၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တွေဆိုတာ သူဌေးကြီးတွေ သူဌေးမကြီးတွေပေးတဲ့ ဘွဲ့တွေပဲနော်၊ သာသနာမှာ သာသနာပြု သူဌေးဘွဲ့တွေ ပေးတာပဲ ဟုတ်လား၊ အဲဒီတော့ ဇဋိလကိုလည်းပဲ အဆောင်အယောင်နဲ့တကွ သူဌေးဘွဲ့ကို ပေးလိုက်ရတယ်။

## အကြောင်းမဲ့ မဟုတ်

ကောင်းပြီ အဲဒီတော့ ဇဋိလသူဌေးကြီးရယ်လို့ လောကမှာ အထက်တန်းကျ မျက်နှာပန်းလှ ဖြစ်သွားပြီ ဒကာ ဒကာမတွေ နော်၊ အဲဒီလို ရွှေတောင်ကြီးထ ပေါက်တော့ ဒီနေရာမှာ 'ဟာ ရွှေတောင်ကြီး ပေါက်လိုက်တာ ဘယ်ဘုရားက ဖန်ဆင်းပေးသလဲ၊ ဘယ်သိကြားမင်းက ဖန်ဆင်းပေးသလဲ ဘယ်နတ်က ဖန်ဆင်းပေးသလဲ' လို့ ဒကာ ဒကာမတွေ သံသယ

မရှိနဲ့နော်၊ တကယ်တော့ ရွှေတောင်ပေါက်တာဟာ အကြောင်းမဲ့ ပေါက်ပါ့မလား ( မပေါက်ပါဘုရား) အကြောင်းမဲ့ဆိုရင် တခြားဒိဋ္ဌိလား အကြိယဒိဋ္ဌိလား (အကြိယဒိဋ္ဌိပါဘုရား) ဟာ သူ့အလိုလို ဖြစ်သွားတာကွ ဆိုရင် အကျိုးပယ်တဲ့ ဒိဋ္ဌိမဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား) အကျိုးပယ်ရင်လည်း အခြားဒိဋ္ဌိလား နတ္ထိကဒိဋ္ဌိလား (နတ္ထိကဒိဋ္ဌိပါ ဘုရား) ဟာ သူပေါက်ချင်လို့ ပေါက်တာပဲဆိုရင် ကံပယ်ရာရော မရောက်ဘူးလား၊ အကြိယဒိဋ္ဌိ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ အဲဒီတော့ ရွှေတောင်ကြီးပေါက်တာလည်း မျက်ဝါးထင် ထင် ဘွားခနဲပေါက်တော့ ဒါအကြောင်းမဲ့လား၊ အကြောင်းရှိတာလား၊ (အကြောင်းရှိပါတယ်ဘုရား) ဒီလိုဖြင့် ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဥပနိဿယနဲ့ပြောရရင် အကြောင်းကို ပဋိစ္စလို့ မှတ်မယ် ပေါ့၊ အကြောင်းကို ဘယ်လိုခေါ်လဲ (ပဋိစ္စပါဘုရား) အကျိုးကို သမုပ္ပါဒ၊ သမုပ္ပါဒ်လို့ ခေါ်မှာပေါ့ အဲတော့ နောက်ဆုံး ရွှေတောင်ကြီးပေါက်တာဟာ ပဋိစ္စသမုပ္ပါဒ် ပေါ့ဗျာ၊ ရွှေတောင်ကြီး ပေါက်တာဟာ (ပဋိစ္စသမုပ္ပါဒ် ပါဘုရား) ကံအကြောင်းကြောင့် ကံအကျိုး ပေးတာလို့ ဒါလေးကို ယုံကြည်ပါ ဒကာ ဒကာမများ။

## ဘိုးတော်မလို့ ဖြစ်တာလား

ကောင်းပြီ အရှင်ဘုရာ ဘယ်လိုကံအကြောင်းနဲ့ ကံအကျိုး ပေးတာလဲဆိုတော့ ကဿပမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး လက်ထက်တော်အခါက ပဿပ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတော့ ဓာတ်တော်မွေတော်တွေ စေတီတည်ထား ကိုးကွယ်တဲ့ အချိန်မှာ ရွှေပန်းခိုင်လှူခဲ့ ဖူးတယ် ဒကာ ဒကာမများ၊ ဘာလှူခဲ့တာလဲ (ရွှေပန်းခိုင် လှူခဲ့ဖူးပါတယ်ဘုရား) ရွှေပန်းခိုင်လှူတဲ့အတွက် ဟော ဂေါတမမြတ်စွာဘုရား လက်ထက်မှာ ရွှေတောင်ကြီးပေါက်ပြီးတော့ သူဌေးကြီး ဖြစ်လာပါတယ်၊ ဒီလိုဖြင့် ဇဋိလသူဌေးကြီး ဖြစ်သွားတာ ပေါ့၊ ဥုံဖွဆိုပြီးဖြစ်တာလား (မဟုတ်ပါဘုရား) မဟုတ် ဘူး၊ ဒါလေး ပြောချင်ပါတယ်နော်၊ ဒီလိုဖြင့် သိကြားက ဖန်ဆင်းပေးလို့ ဖြစ်တာလား (မဟုတ်ပါဘုရား) ဘုရားက ဖန်ဆင်းပေးလို့ ဖြစ်တာလား (မဟုတ်ပါဘုရား) ဒီလိုဖြင့် ရင် ဘိုးတော်တွေ ဘွားတော်တွေက မလို့လား (မဟုတ်ပါဘုရား) မဟုတ်ဘူး၊ မိမိပြုတဲ့ အကြောင်း တရားကြောင့် ဖြစ်ပေါ်လာတဲ့ ကျိုးတရားပဲ၊ အဲတော့ ကောင်းတဲ့အကြောင်းတရားသည် ကောင်းတဲ့အကျိုး တရားမပေးဘူးလား (ပေးပါတယ်ဘုရား)

ဒါကြောင့် စောစောက ဆောင်ပုဒ်က ကောင်းတာ

လုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်၊ အဲဒီတော့ ခုဇမ္ဗူလသူဌေး ဖြစ်သွားတာဟာ ကောင်းတာလုပ်လို့လား မကောင်းတာ လုပ်လို့လား (ကောင်းတာလုပ်လို့ပါဘုရား) သို့ဖြင့် ဒီတရားကိုနာခြင်းအားဖြင့် ဒီပေါ်မှာ ယုံရမှာလား မယုံရ မှာလား၊ (ယုံရမှာပါဘုရား) ယုံပြီဆိုရင် ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ် ရတဲ့အတွက် အဲဒီအလယ်တန်း ဗုဒ္ဓဘာသာဖြစ်သွားတာပေါ့၊ ဒီလိုဖြင့် ဒီသူဌေးကြီးသည် ဘုရားမှာ ကောင်းတဲ့အလုပ်ဖြစ်တဲ့ ရွှေပန်းခိုင်လှူခဲ့ခြင်း ကြောင့် ဒီဘဝမှာ သူဌေးဘွဲ့မရဘူးလား၊ (ရပါတယ် ဘုရား) ဘယ်လောက်များ အထက်တန်းကျကျ မျက်နှာပန်းလှလှ ဖြစ်လိုက်သလဲ၊ ဒီနေ့ တရာဒကာများ လည်း ဘုန်းကြီးဝမ်းသာလိုက်တာ၊ နှစ်ယောက်လုံး ဘွဲ့တွေနဲ့နော် လူတိုင်းလူတိုင်း ရပါ့မလား၊ (မရပါ ဘူးဘုရား) နိုင်ငံတော်ကနေပြီး ချီးမြှောက်တဲ့ဘွဲ့လူတိုင်း မရဘူး၊ အင်မတန်ဘုန်းထူး ကံထူး ပါရမီထူးရှိလို့ ရကြတာပဲပေါ့နော် အေး အဲဒီလို ဘွဲ့ထူး ဂုဏ်ထူးရတာ ဘုရား လက်ထက်ကလဲ ဒီလိုပဲ ရှင်ဘုရင် ကိုယ်တိုင်က ဘွဲ့ထူးဂုဏ်ထူး သူဌေးဘွဲ့ထူး ပေးရတာပဲ၊ အဲတော့ သူဌေးဘွဲ့ထူး ရသွားတာဟာ အထက်တန်းကျကျ မျက်နှာပန်းလှလှပြုခဲ့တဲ့ ဒါနအကျိုးပေးကိုး ဒါကိုယုံတာ ဗုဒ္ဓဘာသာပဲ ၊ကောင်းပြီ ဒီတော့ အဲဒီ သူဌေးကြီးဟာ

သူဌေးမဖြစ်ခင် ဒကာ ဒကာမတွေ ဘယ်လောက် ဒုက္ခများလိုက်သလဲဆိုတာလေး သူ့ရဲ့မိခင်က အင်မတန် မှချမ်းသာတဲ့ ရာဇဂြိုဟ်သူဌေးသမီး၊ ဘုံ ၇- ဆင့်မှာ နေတဲ့အခါကျတော့ သူ့ရဲ့ ဘာသာဘာဝအလျောက် တစ်နေ့ကျတော့ ကောင်းကင်မှာမြေလျှိုးမိုးပျံနေတဲ့ ခုန ပြောတဲ့ ဝိဇ္ဇာပေါ့ဗျာ၊ လောကီယဝိဇ္ဇာနော်၊ လောကမှာ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဆိုတာ ရှိတယ် ပေါ့နော်၊ မရှိဘူးမပြောဘူး ရှိပါတယ်၊ အဲဒီတော့ အဲဒီလို ဝိဇ္ဇာတွေဟာ သူတို့ရဲ့အတက်ပညာအားဖြင့် မြေလျှိုးမိုး ပျံ သွားလာနေတာ၊ မြေပြင်တောင် မဆင်းသက်ပါဘူး၊ ကောင်းကင်ကနေ သွားလာနေတာ၊ဟုတ်လား၊ အေး ဒီလို ဒီခေတ်ဒီနေ့အချိန်အခါမှာ အဲဒီလို ကောင်းကင်က သွားတာများ တွေ့လိုက်ရရင် ဒကာ ဒကာမတွေဘယ် လောက်လူအုံ့လိုက်မလဲနော်၊ ကောင်းကင်ကနေ မပျံ တာတောင်မှ လူတွေများ အုံကြတာရှိတယ် ။

## ရင်နာစရာတွေ

အဲတော့ ဟိုမှာက ကောင်းကင်ကနေ ဖြတ်ပျံတာ၊ အေး အဲဒီလိုပျံရင်းနဲ့ သူဌေးသမီးနဲ့ ဘုံ ၇-ဆင့်မှာ တွေ့တာပေါ့ဗျာ၊(မှန်ပါဘုရား) ထားပါတော့ ဟုတ်လား၊ အဲတော့ သူဌေးသမီးနဲ့ ဘယ်သူနဲ့တွေ့တာလဲ (ဝိဇ္ဇာနဲ့ပါဘုရား) ဝိဇ္ဇာနဲ့၊ ဝိဇ္ဇာနဲ့တွေ့လိုက်တော့

သူ့သဘာဝ အတိုင်းနော်၊ နောက်ဆုံးတော့ သူဌေး သမီးဟာ ကိုယ်ဝန်ပဋိသန္ဓေတွေ ကိုးလဆယ်လ ဖြစ်လာတဲ့ အခါကျတော့ သားတစ်ယောက် ဖွားမြင်သွားပြီ ဒကာ ဒကာမတွေ၊ ဒီနေရာမှာ ဝိဇ္ဇာရဲ့ သီလကို စောကြောသင့်တာပေါ့၊ ဝိဇ္ဇာ သတ္တိနော်။ ဒါ အများကြီး သတိထားရမယ်၊ ခေတ်အဆက်ဆက် သမီးငယ်တွေ ဘိုးတော်ဆို တာတွေ အယုံအကြည်လွဲလို့ ဘဝပျက်ခဲ့ကြတာ အများကြီးပဲရှိတယ်၊ ကနေ့ခေတ် ထိအောင် ချဲဂဏန်း ၂-လုံးထီ ဆိုတာတွေ ဘိုးတော် ဘွားတော်တွေသာမက ဘယ်ဆရာတော်၊ ညာ ဆရာတော် စသည်ဖြင့် ဘုန်းကြီးတွေလည်း ဘိုးတော် အလုပ် လုပ်နေကြတာ၊ ကနေ့ သာသနာ မျက်စိနဲ့ ကြည့်ရင် ရင်နာစရာတွေ တွေ့နေရပြီ၊ သတိထားကြပါ၊ ကိုယ့်ဘဝ ဒါမျိုးတွေနဲ့ မနစ်မွန်းပါစေနဲ့၊ ဒါကြုလို့ သတိပေးတာပါ၊ ဒီမှာ ကြည့်လေ ---

## ဝိဇ္ဇာသီလ စိတ်မချ

ဝိဇ္ဇာဆိုတဲ့ပုဂ္ဂိုလ်ရဲ့ အကျင့်သီလဟာ ဘယ် လောက်ထိ စိတ်ချရသလဲဆို သူဌေးသမီး လင်ကောင် မပေါ်ဘဲ သားသမီးဖွားရတဲ့ အဖြစ်ရောက်ပါရောလား၊ သတိရှိကြပါ၊ ဘဝကို အလိမ်အညာနဲ့ ဖြားယောင်း နေတာတွေ ရှိတတ်ပါတယ်၊ ဆိုတော့ သူဌေးသမီး

သားတစ်ယောက် ဖွားမြောက်သွားပြီ၊ ကဲ မြန်မြန်သာ ဖွားလိုက်မယ်နော်၊

**ဝိဇ္ဇာက အဖေအမည် မခံရဲ**

အေး . . . . သူဌေးသမီး သားလေးတစ်ယောက် ဖွားမြောက်သွားပြီ၊ ဖွားမြောက်သွားတယ် ဆိုရင်ပဲ ဝိဇ္ဇာဆိုတော့ သူက အဖေအမည် ဘယ်ခံရဲမလဲ၊ ဒကာ ဒကာမတွေ စဉ်းစားကြည့်စမ်း၊ ဒါကြောင့် တချို့တလေက ဝိဇ္ဇာကိုအထင်ကြီးတာ ရှိတယ်နော်၊ ခုကြည့် ဝိဇ္ဇာက အဖေအမည် ခံရဲလား (မခံရဲပါ ဘုရား) အော် သူဌေးသမီးခက်ပြီ၊ ဒီတော့မှ အထိန်းတော်တွေက "ဟာ တို့တော့ဖြင့် ဒုက္ခရောက်လိမ့်မယ်၊ အဲတော့ မဖြစ်ဘူး၊ ဉပ္ပါယ်တံမျဉ်နဲ့ စဉ်းစားဦးမှပဲ" ဆိုပြီးတော့ အဲဒါနဲ့တင် ဘာမှပြောမနေနဲ့၊ ကလေးကို ရေအိုးထဲထည့် ပြီးတာနဲ့ ပန်းတွေ ဘာတွေနဲ့ဆင်ပြီးတော့ မနက်မိုးလင်းလည်း ရောက်ရော တစ်ခါတည်းမှ ဂင်္ဂါမြစ်ထဲ သွားပြီး မျှောတော့တာကိုး၊ ဘေးကနေပြီး ရပ်ထဲရွာထဲ ဆိုတော့ ဟာ ဘာကြီးရွက်လာတာလဲ၊ ပန်းတွေ ဘာတွေနဲ့ရေအိုးကြီးဟဲ့၊ ဟုတ်တယ် သူတို့ရဲ့ သူဌေးသမီး ဟာလေတဲ့၊ နတ်ပူဇော်တာတဲ့၊ ဒကာ ဒကာမတွေ ဘာလုပ်တာလဲ (နတ်ပူဇော်တာပါဘုရား) တကယ်တော့ နတ်ပူဇော်တာ မဟုတ်ပါဘူး၊ ကလေးမျှောချင်လို့

ဟုတ်လား။အဲဒါနဲ့ အိုးလေး မျှောပစ်လိုက်တော့ ဒီအိုးလေးဟာ ပေါလောပေါလောနဲ့ ဂါမြစ်ထဲ မျောသွားရော၊ မျောသွားတော့ နောက်ဆုံး တော့ ဥဇ္ဇေနီပြည် ရောက်သွား။

**ကလေးလုပွဲ**

အဲဒီမှာ အမျိုးသမီးနှစ်ယောက်ဟာ မြစ်ကမ်းပါး ရေချိုးနေတုန်း အိုးလေးလည်း မြင်လည်းမြင်ရော ဒကာမတစ်ယောက်က **"ဟဲ့– ဟိုမှာ အိုးလေးဟော့ အဲဒီအိုးလေးက ငါ့အိုးကွတဲ့"** ဒကာ ဒကာမတွေ အမျိုးသမီးတစ်ယောက်က ဘာပြောလဲ(ငါ့အိုးကွ) ချက်ချင်း ဒကာ ဒကာမတွေ ပိုင်ရှင်ပေါ်ပစ်လိုက် တယ်၊ ဒီတော့မှ တစ်ယောက်သော အမျိုးသမီးကလည်း အားကျမခံဘူး၊ **"အိုးထဲမှာရှိတဲ့ပစ္စည်း ငါ့ပစ္စည်း"** တဲ့၊ အမယ်လေး၊ ပိုင်ဆိုင်သွားပြီ ဟုတ်လား၊ တစ်ယောက်က အိုးကငါ့အိုး တစ်ယောက်က အိုးထဲ ရှိတဲ့ပစ္စည်း ငါ့ပစ္စည်း၊ အဲဒါတင် အိုးလေးအနားလည်း ရောက်ရော ဖွင့်ကြည့်လိုက်တော့ ဟာ ဖြူဖြူ စင်စင် လှလှပပလေး ကလေးလေး၊ ယောကျ်ားလေး သွားတွေ့ရော၊ မြင်မြင်ချင်း ချစ်လိုက်တာ၊ အဲဒါနဲ့ ငါ့အိုးဆိုတဲ့အမျိုး သမီးဒကာမကလည်းပဲ ဒီကလေး ငါ့ကလေးပေါ့၊အိုးထဲပစ္စည်း ငါ့ပစ္စည်းဆိုတဲ့ ဒကာမ

ကလည်းပဲ ဒီကလေး ငါ့ကလေးပဲဆိုပြီးတော့ ဒကာ ဒကာမတွေ ကလေးလုပွဲ ကျင်းပပြီပေါ့၊ လုကြပြီပေါ့နော်၊ အဲဒါနဲ့ အဆင့်ဆင့် အဆင့်ဆင့် လူကြီးတွေက ဝင်ပြီးတော့ ဆုံးဖြတ်ဘူး လည်းမရတော့ နောက်ဆုံး ရှင်ဘုရင်ဆီ ရောက်သွားတော့မှပဲ ရှင်ဘုရင်က ဆုံးဖြတ်ပေးလိုက်တာက **"ဟေး -အိုးပိုင်ရှင်က အိုးယူကွာ၊ အိုးထဲရှိတဲ့ ပစ္စည်းပိုင်ရှင်ကလည်း ကလေးယူကွ"** ဆိုပြီးတော့၊ အဲဒီမှာ ဒကာ ဒကာမတွေ ကလေးတရား ပြတ်သွားပြီပေါ့နော်၊ အဲဒီကလေးဟာ အရှင်မဟာကစ္စည်းရဲ့ ဆွမ်းဒကာမ ကပဲ ကျွေးမွေး စောင့်ရှောက်ထားပါတယ်၊ အရွယ်ရောက်တဲ့အခါ ကျတော့ သူကြွယ်ထံ တက္ကသိုလ်ပြည်မှာ သွားအပ် ထားတယ်၊ နောက်ဆုံးတော့ ဇဋိလသူဌေးဖြစ်တဲ့ အကြောင်းကို လိုရင်းပေါ့၊ ဒါကတော့ ဇာတ်လမ်း၊ ခုနက ပြောချင်တာက အဲဒီပုဂ္ဂိုလ် သူဌေးမဖြစ်ခင် ဘာလုပ်ခံ ရသလဲ (ရေမျောခံရပါ တယ်ဘုရား) စဉ်းစားကြည့်နော်၊ မွေးမွေးချင်း ရက်သားတောင် မရသေးဘူးနော် ဟုတ်လား၊ ရေမျောခံရတဲ့ ဘဝဟာ၊ တကယ်လို့များသာ ဂင်္ဂါမြစ်ရေဟာ လှိုင်းလေများ တစ်ချက် ပုတ်လိုက်လို့ အိုးမြုပ်သွားရင် ဘာဖြစ်သွားမလဲ (သေမှာပါဘုရား) သူဌေးလောင်း အဲဒီမှာတင် တစ်ခါတည်း သေချင်းဆိုး နဲ့သေမှာ၊ ကြောက်စရာကောင်းလိုက်တာနော်၊ သို့သော်

လည်း သူ့ကံကမသေဘူး၊ အဲဒီလို ရေမျှောခံရတဲ့ဘဝ ဟာ ကောင်းတဲ့အဖြစ်လား မကောင်းတဲ့အဖြစ်လား (မကောင်းတဲ့အဖြစ်ပါဘုရား) ဆိုလိုတာက ခုနက ကမ္ဘသကတာသမ္မာဒိဋ္ဌိဟာ ကောင်းတာလုပ်ရင် (ကောင်းတာဖြစ်) မကောင်းတာလုပ်ရင် (မကောင်းတာ ဖြစ်) ကောင်းတာပြောလျှင် (ကောင်းတာဖြစ်) မကောင်းတာပြောလျှင် (မကောင်းတာဖြစ်) အဲ အဲဒီ အကျိုးပေးလေးကို ပြောချင်တာပါ။

ဒီတော့ ဘာ သူအကျိုးပေးတာလဲ ၊ စောစောက ပြောခဲ့တဲ့ ကဿပမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီးရဲ့ စေတီတည်ထားတဲ့အခါမှာ အရပ်လေးမျက်နှာ ရှစ်မျက်နှာမှာရွှေ မရှိဘူး ရွှေချဖို့လိုတော့ ရဟန္တာ ကိုယ်တော်မြတ်ကြီးက ''အဲဒီအချိန်အခါမှာ ရွှေသွားပြီး အလှူခံတယ်၊ ရွှေသွား အလှူ ခံတဲ့အခါကျတော့ အဲဒီ ရွှေပန်းတိမ်သည် ဖနီးမောင်နှံထံ ရွှေသွားပြီး အလှူခံ လိုက်တော့ အဲဒီ အချိန်အခါမှာ ရွှေပန်းတိမ်သည် ဖနီးမောင်နှံကလည်းပဲ အဲ လင်နဲ့မယား လျှာနဲ့သွားဆို သလို အချင်းချင်း စကားများရန်ဖြစ်နေတာပေါ့လေ၊ ဖနီးမောင်နှံတွေ ရန်ဖြစ်နေကြ၊ ဒေါသတွေ ဖြစ်နေ ကြပေါ့၊

## စေတီကြီး ရေထဲမျှောလိုက်

အဲဒီ အချိန်အခါမှာ အလှူခံဖြစ်တဲ့ ရဟန္တာ ကိုယ်တော် မြတ်ကြီးကလည်းပဲ ပုံကြည့်ရတာ အိမ်ထဲပဲ အကဲမခတ်သလားတော့ မသိဘူး၊ လင်မယား နှစ်ယောက်က အတွင်းထဲမှာ ရန်ဖြစ်နေ၊ အလှူခံဖြစ်တဲ့ ရဟန္တာကလည်း ရှေ့က သူ့ကျွန်ခြေနဲ့သူ နေတာနဲ့တူပါ တယ်၊ ရန်ဖြစ်တာ မသိတော့ လှူခံရပ်နေတာ မြင်လည်းမြင်ရော "ဟာ - ကိုယ်တော် ဘာလို့ကြွလာ တာလဲပေါ့"လေသံက တစ်မျိုးပြောင်း သွားတယ် ဒကာ ဒကာမတွေနော်၊ လေသံမာသွားတာ တစ်ခြားလား ဒေါသသံလား (ဒေါသလေသံပါဘုရား) "ဒကာတော်တို့ တို့ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်မွေတော်တွေတည် ထားကိုယ်းကွယ်တဲ့ စေတီတော်ကြီးကိုလေ အဲဒါ ရွှေလှူချင်လို့၊ ငါရွှေလာပြီး အလှူခံတာပါ"ဆိုပြီး ဒီလိုပြော၊ အဲဒီအချိန်မှာ ဒကာ ဒကာမတွေ ဒေါသကမပြေ သေးဘူး၊ ဒေါသမပြေ သေးသည့်အတွက်ကြောင့် "ဟာ ဒါလောက်တောင်ရှိလှတာ အရှင်ဘုရားတို့ရဲ့ အဲဒီ စေတီတော်ကြီး ရေထဲသာမျှောလိုက်တဲ့" ဒေါသ ပေါက်ကွဲသွားတယ်၊ ဒကာ ဒကာမတွေ ဖနီးမောင်နှံ ရန်ဖြစ်တဲ့ ဒေါသက ရဟန္တာဆီရောက်သွား တယ်နော်။

ပြောရဦးမယ်၊ ဆွမ်းခံ ကိုယ်တော်လေး တစ်ပါးရဲ့

အတွေ့အကြုံ၊ ခုလိုပဲပေါ့လေ၊ ဆွမ်းခံချိန်မှာ လင်မယား ရန်ဖြစ်ကြ၊ ရန်ဖြစ်ပြီး ယောကျ်ားဖြစ်တဲ့သူက အပြင်ထွက်သွား၊ ဒါကို မီးဖိုချောင်ထဲက မိန်းမက မသိလိုက်ဘူး၊ ထမင်းဟင်းချက်တုန်း ဆိုပါတော့၊ အဲဒီအချိန်မှာ ကိုယ်တော်လေးက ရောက်သွား၊ ယောကျ်ားကအထွက်၊ ကိုယ်တော်လေးကအဝင် ကိုယ်တော်လေးက လင်မယားစကားများတာကို မသိဘူး၊ ကိုယ်တော်လေးရောက်လာတာလဲ အိမ်ရှင်မက မသိဘူး၊ ဒါနဲ့ အသံပေးမှုဆိုပြီး ကိုယ်တော်လေးက 'အဟမ်း' ဆိုလည်း ချောင်းဟန့်လိုက်ရော၊ အိမ်ထဲက အိမ်ရှင်မက သူ့အိမ်သားအထင်နဲ့ "ဘာအဟမ်းလဲ၊ ယောင်းမနဲ့ ထွက်ခေါက်လိုက်ရမလား" တဲ့ ဒါနဲ့ ကိုယ်တော်လေးလဲ ရှက်ရှက်နဲ့ ပြန်လှည့်လာရတာပေါ့၊ အဲဒါလည်း ဒေါသ ပေါ့၊ လင်မယားရန်ဖြစ်တာ အရှိန်ကမသေသေးဘူး၊ သတိရှိဖို့ အရေးကြီးတယ်၊ အဲဒီလို ဒေါသဖြစ်သွားတော့ ဝစီကံကျူးလွန်သွားပြီ၊ ဘာကျူးလွန်း တာလဲ (ဝစီကံ) ဟာ သိမ်ကြောက်စရာကောင်းတဲ့ ပါးစပ်ပါလား၊ အဲတော့ ဒေါသဆိုတာ ချက်ချင်းပဲ ဝစီကံကျူးလွန်သွားပြီ (ဒေါသော အတ္တံ နတာနာတိ) ဒါကြောင့် ဒေါသဆိုတဲ့တရားဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ကိလေသာ၊ ဒေါသနဲ့များ သေရင် ငရဲကို တန်းဆင်းမှာပဲ ပရိသတ်ကြီး ဒေါသနဲ့သေရင်

ဘယ်ရောက်လဲ (ငရဲပါ ဘုရား) အဲတော့ ဒေါသရှိရင် ကြောက်စရာမကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)

## အရှက်မရှိတဲ့ ပါးစပ်

သတိလွှတ်တဲ့ အခါကျတော့ တချို့မှာ အမယ်လေး ငါ့စိတ်က သူများနဲ့တူတာမဟုတ်ဘူး၊ ငါ့စိတ်က တင်စားတာ၊ တင်စားတာနော်၊ ငါ့စိတ်က ငါ့စိတ်က အင်မတန်ကြီးတာ စသဖြင့် အဲဒီစိတ်အပေါ်မှာ ဒေါသကို အမွှန်းတင်တင်ပြီးတော့ ဒကာ ဒကာမတွေ ဂုဏ်ယူ ပြောတာတွေကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) စဉ်းစာကြည့်ရင် တော်တော် အရှက်မရှိတဲ့ ပါးစပ်ပဲ၊ ဘာကြောင့် အရှက်မရှိဘူးလို့ ပြောရလဲဆိုရင် ဒေါသ နဲ့သေရင် ငရဲဆင်းမှာကိုး၊ ဒီလိုဖြင့် ငရဲရောက်မယ့် အလုပ်က ဂုဏ်ယူစရာ အလုပ်ဟုတ်ရဲ့လား၊ (မဟုတ်ပါ ဘုရား) ဂုဏ်ယူ စရာအလုပ်မဟုတ်ပေမဲ့ နားမလည် မသိတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် အဲဒီဒေါသကြီး တာကိုပဲ ဟုတ်လား၊ သူတော် ကောင်းတွေရှေ့မှာ ဂုဏ်ယူဝင့်ကြွားပြောတယ် ဆိုတော့ သြော် တော်တော် အရှက်မရှိတဲ့ ပုဂ္ဂိုလ်လို့ ပြောလို့မရဘူးလား (ရပါတယ် ဘုရား) ဒါကြောင့် ဒေါသဆိုတာ အတော်ကြောက် စရာကောင်းတဲ့ တရားပဲနော်၊ အဲဒီတော့ အဲဒီဒေါသရဲ့ အကြောင်းလေးကို လိုက်ဆိုကြရအောင်နော် ။

''ဒေါသနဲ့သေ ငရဲပြည်၊ ရောက်လေ ကောန်
သာ''

## ငရဲလက်မှတ် ယူနေ

ဒေါသနဲ့ သေရင်ဘယ်ရောက်(ငရဲ) အဲဒါ အိမ်ပါသွား အောင် နှစ်ခေါက်လောက်ဆိုလိုက်စမ်းပါ၊ ဒေါသနဲ့ သေရင် ဘယ်ရောက် (ငရဲပါဘုရား) ဒီလိုဖြင့် ဒကာ ဒကာမတွေ ဒေါသရှိလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား) အဲ ဒေါသနဲ့ သေရင် ငရဲ ရောက်မယ်မှန်းသိရင် ဘယ်ဖြစ်ရဲမလဲ၊ ကိုယ့်ကိုယ်ကို ဆင်ခြင်ရမှာပေါ့နော်၊ အဲဒါကြောင့် ဒေါသနဲ့သေရင် ဘယ်ရောက်လို့ ရောက်မယ် မှန်းမသိတဲ့ အခါကျတော့ ဒေါသတွေကို ဒကာမတွေ ပိုက်ဆံပေးမဝယ်ရတဲ့အတိုင်း တစ်ခါတည်း ရေလဲသုံး တော့တာကိုး၊ ဟိုနေရာတွေ့လည်း စိတ်နဲ့ အခန့်မသင့် ဒေါသဖြစ်၊ ဟာ ဒီဟာဆိုလည်းဒေါသဖြစ်၊ ဟို သားသမီးတွေ့လည်းဒေါသဖြစ်၊ ဟာ အိမ်ထောင်နဲ့ ဆိုလည်း ဒေါသဖြစ်၊ စီးပွားရေး လူမှုရေးဆိုလည်း အခန့်မသင့် ဒေါသဖြစ်ဆိုတော့ ဒေါသဖြစ်တိုင်း ဒေါသဖြစ်တိုင်း ဒကာ ဒကာမတွေ ငရဲကို ကျေးဇူးပြုမှာ သွားရဲလား၊ (မသွားရပါဘူးဘုရား) ခုတော့ မသွားရဲဘူး၊ အိမ်မှာနေ တဲ့အခါကျတော့ အလကားမှတ်ယူနေတာပဲ၊ တစ်နေ့ တစ်နေ့ ငရဲပြည်သွားဖို့ လက်မှတ်ယူနေတာ

ဒကာ ဒကာမတွေ မရေရနိုင်ဘူးနော်၊ ရှင်းရော ရှင်းရဲ့လား (ရှင်းပါတယ် ဘုရား)

**ဒေါသငြိမ်းတဲ့ နည်း**

ဪ ဒေါသနဲ့သေ ရေပြည်ဆိုတော့ ဪ တော်ပြီ ယနေ့ကစပြီး ဒေါသကို တက်နိုင်သမျှငြိမ်းတော့မယ်၊ ဒေါသ ကို ကြီးပွားအောင် လုပ်ရမှာလား ငြိမ်းရမှာ လား (ငြိမ်းရမှာပါ ဘုရား) ဒေါသငြိမ်းရမှာပေါ့နော်၊ ဒေါသငြိမ်းတဲ့ အလွယ်ဆုံး နည်းကတော့ မေတ္တာပဲ၊ ဒေါသကို ငြိမ်းအောင်လုပ်ရင် ဘာတဲ့ လဲ (မေတ္တာပါ ဘုရား) သဗ္ဗေ သတ္တာ အဝေရာ ဟောတ္တုပေါ့ ဟုတ် လား၊ ကိုယ်လည်းပဲ ချမ်းသာခြင်းကို အလိုရှိသလို အားလုံးသော သတ္တဝါတွေ ချမ်းသာပါစေ ကျန်းမာပါ စေဆိုရင် ဒေါသမရှိဘဲနဲ့ မေတ္တာမကိန်းဘူးလား၊ (ကိန်းပါတယ်ဘုရား) အဲလို မေတ္တာထားတော့ ကောင်းတဲ့ အလုပ်လုပ်ရင် ကောင်းတဲ့အကျိုးမပေး ဘူးလား၊ (ပေးပါတယ်ဘုရား) ဒီလိုဖြင့် ဒကာ ဒကာမတွေ ကောင်းတာကိုလိုချင်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မေတ္တာတရားလေး ကိန်းရမှာပေါ့၊ ဒါ အခြေခံပဲပေါ့နော် အဲတော့ ခုနစ်ရက်သားသမီး မုန်းတဲ့သူပဲဖြစ်ဖြစ် အချင်းချင်း ပဲဖြစ်ဖြစ် ဘယ်သူပဲ ဖြစ်ဖြစ် မေတ္တာထားနိုင်ဖို့ အရေးမကြီးဘူးလား ။

## ဖြဟ္မစိုရ်တရားက ရွတ်နေဖို့မဟုတ်

ဒီနေရာမှာ အလယ်တန်းဗုဒ္ဓဘာသာတွေ သိပ် အရေးကြီး တာလေးတစ်ချက် ပြောမယ်နော်၊ အဲဒီတော့ အတူတူဂုဏ်ရည်ချင်းတွေ့တဲ့အခါမှာ မေတ္တာထားရင် ကိုယ့်အတွက် ကျေးဇူးမများဘူးလား (များပါတယ် ဘုရား) ဥပမာ ကိုယ်နဲ့ စီးပွားရေးပဲဖြစ်ဖြစ် လူမှုရေးပဲ ဖြစ်ဖြစ် ရားထူးဂုဏ်သိန် စည်းစိမ်ပဲဖြစ်ဖြစ် အချင်းချင်း တွေ့တဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး မေတ္တာထားဖို့ အရေး မကြီးဘူးလား (ကြီးပါတယ်ဘုရား)

အဲဒီတော့ အချို့က အဲဒီလို မေတ္တာမထားဘဲနဲ့ မနာလို ဝန်တိုတာလေးတွေ ရှိတက်တယ်နော် ၊ ဥပမာ ကိုယ့်ထက် မြင့်တဲ့ပုဂ္ဂိုလ် တွေ့ရင်လည်းပဲ အဲ မုဒိတာ ပွားရတယ်၊ ကိုယ့်ထက်နိမ့်တဲ့သူ တွေ့ရင်လည်းပဲ ကရုနာပွားရတယ်၊ ကိုယ့်ရဲ့ ရန်သူနဲ့တွေ့ရင်လည်း မေတ္တာပွားရမယ်၊ တန်းတူရည်တူတွေ့ ရင်လည်း မေတ္တာပွားရမယ်၊ အေး ရန်သူတွေ့ရင် ဥပေက္ခာပွား လိုက်မယ်ဆိုရင်လည်း ဗြဟ္မစိုရ်တရား ၄-ပါး မကိန်းဘူးလား၊ ဒီလိုဖြင့် မြတ်စွာဘုရား ဟောလိုက်တဲ့ ဗြဟ္မစိုရ် တရားလေးပါးဟာ ရွတ်ဖို့တရားမဟုတ်ဘူး၊ ကျင့်သုံးဖို့ တရားပဲလို့မှတ်၊ ရွတ်ဖို့ထက် ကျင့်သုံးရင် ပိုအကျိုးမများဘူးလား၊ ဗြဟ္မစိုရ် တရားလေးပါးက ပါးစပ်ကနေရွတ်နေရင် ကုသိုလ်ရတယ် ကျင့်သုံးရင်

ဒကာ ဒကာမတွေ ဒီထက်ပိုပြီး အကျိုးမရဘူးလား၊ (ရပါတယ်ဘုရား) အဲဒီတော့ မေတ္တာရယ် ကရုဏာရယ် မုဒိတာရယ် ဥပေက္ခာရယ် ဆိုတဲ့တရားကို လက်ကိုင် ကျင့်သုံး မယ်ဆိုရင် ဒေါသတွေဆိုတာ လာဦးမလား အဲတော့ ဒီနေရာမှာ ကျင့်သုံးရမယ့်တရား ဗြဟ္မစိုရ် တရားလေး၊ ပြောရမယ်ဆိုရင် မိမိနဲ့ တန်းတူရည်တူ တွေ့ရင် ဒကာမတွေတခြားပွားရမှာလား မေတ္တာပွား ရမှာလား (မေတ္တာပွားရမှာပါဘုရား) ကိုယ့်ထက် ရာထူးအားဖြင့် ဂုဏ်အားဖြင့် စီးပွားအားဖြင့် သိက္ခာ အားဖြင့်ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေ့ရင်လည်း ဝမ်းမြောက် ဝမ်းသာဆိုတဲ့ မုဒိတာမပွားရဘူးလား၊ ဒီနေရာမှာ မုဒိတာမပွားနိုင်ဘဲနဲ့ ဣဿာမစ္ဆရိယတရား ပွားလိုက် မယ်ဆိုရင် နေရင်းထိုင်ရင်း အပါယ်ရောက်သွားလိမ့်မယ်၊ ဒါကြောင့် ကိုယ့်ထက်မြင့်တဲ့ ပုဂ္ဂိုလ်တွေ့တိုင်းတွေ့တိုင်း တခြားလား မုဒိတာလား (မုဒိတာပါဘုရား) ဝမ်းသာပါ ကိုယ့်ထက် နိမ့်ကျတဲ့ ပုဂ္ဂိုလ်ကို တွေ့တိုင်းတွေ့တိုင်း ကရုဏာပွား ရမယ်နော်၊ အဲတော့ ရန်သူတွေ့နေလို့ ရှိရင်လည်း ဒေါသမဖြစ်နဲ့၊ ကိုယ့်နဲ့ မသင့်တဲ့သူတွေ့လို့ ဒေါသ ဖြစ်ရင် တခြားသွားမှာလား ငရဲသွားမှာလား (ငရဲသွားမှာပါဘုရား) အဲဒီလို မသွားရအောင် မေတ္တာပွား နိုင်လည်းပွား၊ မပွား နိုင်လည်း ဥပေက္ခာ ထားလိုက်ရုံ ပေါ့၊ အဲဒါ ဗြဟ္မစိုရ်တရား လို့ခေါ်တယ်နော်၊ ကဲဒီတော့

ခုနပြောသလို ဒေါသနဲ့သေရင် ဘယ်ရောက်မလဲ၊ (ငရဲ) အဲဒီတော့ ဒေါသဆိုတာဟာ ဖြစ်လာပြီ ဆိုလို့ရှိရင် မကျူးလွန်သင့်တာတွေ ကျူးလွန်တဲ့အတွက် ခုန ဇာတ်လမ်းကို ပြန်ဆက်ရင် ရွှေပန်းထိမ်သည် ဖနီးမော်နဲ့ ဒေသဖြစ်ပြီးတော့ အရှင်ဘုရားတို့ ဘုရားရေထဲမျှော လိုက်ဆိုတာဟာ တခြားလား၊ ဝစီကံလား (ဝစီကံပါ ဘုရား) အဲတော့ အဲဒီဝစီကံသည် မကောင်းတဲ့ဝစီကံ ကျူးလွန်သွားပြီဆိုတော့ မကောင်းတာပြောရင် မကောင်းကျိုးပေးမယ်ဆိုတဲ့ ခုန ဗုဒ္ဓဘာသာတို့ လက်ကိုင်ထားရမယ့် အင်္ဂါမရှိဘူးလား (ရှိပါတယ်ဘုရား) အဲတော့ မကောင်းတာ ပြောမိတဲ့အတွက်ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ သူသည် ရေမျှောမခံရဘူးလား (ခံရပါတယ်ဘုရား) အဲဒီလို ရေမျှောခံရတာ ကောင်းတာ လုပ်လို့လား၊ မကောင်းတာလုပ်လို့လား (မကောင်းတာ လုပ်လို့ပါဘုရား) ရွှေတောင်ကြီးပေါက် ပြီးတော့ သူဌေးဖြစ်တာက ကောင်းတာလား မကောင်း တာလား (ကောင်းတာပါဘုရား) ကောင်းတဲ့အလုပ်သည် ကောင်းတဲ့သူဌေးဖြစ်သလို မကောင်းတဲ့ ဝစီကံသည် လည်း ဒကာ ဒကာမတွေ မကောင်းတဲ့အကျိုး မပေးဘူးလား၊ (ပေးပါတယ်ဘုရား )

**အထက်တန်း ဗုဒ္ဓဘာသာ**

ရှေ့ကနေပြီးတော့ မြှင့်တင်ဖေးမတဲ့ ကံတွေကြောင့် လူ့ပြည်တော့ ရောက်လာပြီတဲ့၊ ဒါကြောင့်–

“မြှင့်တင်ဖေးမ ရှေးကကံကူ
လူ့ပြည်လူသား ဖြစ်ငြားလျက်မူ
ရှုပ်နှပ်နှစ်ပါး မရှုပွားသူ
မမြင့်ကန်း အောက်တန်းငယ်ကလူ –

ဆိုတော့ အလယ်တန်း ဗုဒ္ဓဘာသာဟာ အထက်တန်းနဲ့ယှဉ်လိုက်ရင် အောက်တန်းပဲ ရှိပါသေးတယ်၊ အဲတော့ လူရယ်လို့ဖြစ်လာပြီးတော့ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား ပရမတ်၊ ဤကားပညတ်၊ ဤကား ဓာတ်၊ ဤကား ခန္ဓာ အာယတနစသည်ဖြင့် ဒါကိုမသိဘဲနဲ့ လူရယ်လို့ ဖြစ်လာခြင်းသည် အထက်တန်းစားမဟုတ်သေးဘူးတဲ့ ဒကာ ဒကာမတွေ ခုန ဗုဒ္ဓဘာသာမှာ ၃–မျိုးခွဲပြီး ပြောခဲ့တယ်နော်၊ မူလတန်း ဗုဒ္ဓဘာသာရယ်၊ အလယ်တန်းဗုဒ္ဓဘာသာရယ် ယခုတက်မှာက ဘာတဲ့တုန်း (အထက်တန်းဗုဒ္ဓဘာသာပါဘုရား) အေး– အထက်တန်းကို တက်လှမ်းတဲ့ အခါကျတော့ အလယ်တန်းသည် အထက်တန်းနဲ့ ယှဉ်လိုက်ရင် အောက်တန်းပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့ “မြှင့်တင်ဖေးမ၊ ရှေးကကံကူ၊ လူ့ပြည်လူသား၊ ဖြစ်ငြားလျက်မူ၊ ရုပ်နာမ်နှစ်ပါး၊ မရှုပွားသူ၊

မမြင်ကန်း၊ အောက်တန်းနယ်ကလူ''တဲ့။ ရုပ်နာမ် တွေကို တကယ်ရှုလာတဲ့ အခါကျတော့ အထက်တန်း ရောက်တာပေါ့နော်။

မြင့်တင်ဖေးမ ရှေးကကံကူ၊
လူ့ပြည်လူသား ဖြစ်ငြားလျက်မူ၊
ရုပ်နာမ်နှစ်ပါး ပြတ်သားမြင်သူ၊
အထက်တန်း တက်စမ်းအာဂလူ–တဲ့၊

ရုပ်နာမ်နှစ်ပါးကို မြင်ရင် ဒကာ ဒကာမတွေ အထက် တန်းစား မဖြစ်ဘူးလား ၊ ကဲဒီဆောင်ပုဒ်လည်း ဆိုကြည့်ကြ နော်။

## ရုပ်နာမ်မြင်လျှင် အထက်တန်းရောက်ပြီ

အဲဒီတော့ ရုပ်နာမ် ၂–ပါးကို မြင်လာရင် အထက်တန်း ရောက်ပြီပေါ့နော်၊ ရုပ် နာမ် နှစ်ပါးကို ပိုင်းခြားပြီးသိလိုက်ရင် နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ရသွားပြီ၊ ရုပ်နာမ်ကိုသိရင် ဘာ ဉာဏ်ရတာလဲ (နာမရူပ ပရိစ္ဆေဒ ဉာဏ်ပါဘုရား) စောစောက ကံကျိုးနဲ့ပေးပုံကို သိတာက ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်။ ဟော ရုပ်နဲ့နာမ်ကို သိလာပါက နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတော့ နာမရူ ပရိစ္ဆေဒဉာဏ်သည် ရုပ်ကို ပိုင်းခြားပြီးတော့ သိခြင်း၊ နာမ်ကို ပိုင်းခြားပြီးတော့သိခြင်း အဲဒီလို ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီးတော့ သိလိုက်ပြီဆိုရင် ဒကာ

ဒကာ ဒကာမများ ဘာဗုဒ္ဓဘာသာခေါ် (အထက်တန်းဗုဒ္ဓဘာသာ) ရုပ်နဲ့နာမ်ဆိုတာ ဘုရားပွင့်တဲ့ အခါမှာသာ ခွဲခြားသိနိုင်တဲ့ တရားကိုး၊ အဲတော့ ဘုရားပွင့်တဲ့ အခါမှာသာ ခွဲခြားသိနိုင်တဲ့ တရားကိုး၊ အဲတော့ ဘုရားပွင့်တဲ့အခါမှပေါ်တဲ့ နာမရူပ ပရိစ္ဆေဒ ဉာဏ်လောက်ကို သိလာပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ အထက်တန်း ဗုဒ္ဓဘာသာ ဖြစ်သွားပြီနော်၊ ဒါကြောင့် အထက်တန်း ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်လာပြီဆိုရင် ရုပ်နာမ်နှစ်ပါးကို ဒကာ ဒကာမတွေ ရှုရမယ်နော်၊ ဘာကို ရှုရမလဲ (ရုပ်နာမ်နှစ်ပါး) ရုပ်နှစ်ပါးကို မရှုဘဲနဲ့ အသက်တွေရှည်နေရင် ဒကာ ဒကာမများ ဒါ အချည်းအနှီးပါပဲ။

## ဘဝဖြစ်စဉ်

အဲဒီတော့ ယခု ရုပ်နာမ်နှစ်ပါးကို ရှုရမယ်ဆိုတော့ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်ကို ပြန်ကြည့်မယ်ဆိုရင် အားလုံးပရိသတ်ကြီး ဟောဒီမှာ စက်ဝိုင်းကြီး မရှိဘူးလား (ရှိပါတယ်ဘုရား) ဘုန်းကြီး ဒီက ပွိုင့်လေးနဲ့ ပြမယ်နော်၊ **''ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ''** ဒေသနာစဉ်၊ အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကိုမသိ၊ ထိုသူသည် တရားမသိဆိုတော့ ယောဂီ စက်ဝိုင်းကြီးဆိုတာ ဒကာ ဒကာမတွေရဲ့ဘဝဖြစ်စဉ် ဆိုတဲ့ ပဋိစ္စမုပ္ပါဒ်ပါပဲ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘဝရဲ့

ဖြစ်စဉ်နော်၊

## လူဖြစ်ရကျိုး မနပ်

ကောင်းပြီ တရားဟောတဲ့ ဘုန်းကြီး တရားနာတဲ့ ဒကာ ဒကာမတွေ ဘဝရဲ့ဖြစ်စဉ်ဟာ အဲဒီ စက်ဝိုင်းကြီးအတိုင်း သွားနေတာ၊ ဒါက သာမကန်နဲ့ ဒီမှာပြတာ ပေါ့နော်၊ အဲတော့ ပဋိစ္စသမုပ္ပဒ် မသိသေးဘူးရင် လူဖြစ်ကျိုး မနပ်သေးဘူးလို့ ခေါ်ပါတယ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို အကျယ်တဝင့် အများ ကြီးပြောနေလို့ တော့မဖြစ်ဘူး၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ဘုန်းကြီး ဒီမှာထောက်လိုက်တာနဲ့ တစ်ပြိုင်နက် အရေးကြီးတာ ဟောဒီ ဘုရားဟော ဒေသနာပါဠိမရွတ် ဘဲနဲ့ မြန်မာပြန်လေးနဲ့ပေါ့နော်၊ အဲ ဘုန်းကြီးတို့ နာယကဆရာတော် ဘုန်းကြီးဖြစ်တဲ့ ဆရာတော် ဦးဃောသိက လင်္ကာတွေ စပ်ဆိုပြီးတော့ ပေးခဲ့တာ လေးတွေကို ဒကာ ဒကာမများ အဲဒီလင်္ကာနဲ့ ဘုန်းကြီးတို့ အထက်တန်း ဗုဒ္ဓဘာသာများ ဖြစ်အောင်နော်၊ ကဲစက်ဝိုင်းကို အားလုံး ကြည့်လိုက်စမ်းပါ၊ ဒီမှာ ဘုန်းကြီး ဘာထောက်ပြနေလဲ (အဝိဇ္ဇာပါဘုရား) ကဲ လိုက်ဆိုလိုက်၊ လင်္ကာနဲ့ သွားရအောင်–

– အဝိဇ္ဇာ ဘယ်မှာနေ၊ မိမိစိတ်မှာနေ ။

– တစ်ခါတလေ မိုက်မဲမှု ၊ သင်္ခါရကိုပြု ။

– သခါရပြုတော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကို ဆွယ်။

– အမှီခြေကိုသွယ် မှန်တံခါး၊ ကောင်းစွာတပ်ဆင်ထား၊

– အာရုံခြောက်ပါး တွေ့ဆုံသော်၊ ဝိညာဏ်ခြောက်ပါး ဆိုင်ရာပေါ်၊

– ပေါ်လေတဲ့ အာရုံများ၊ ကောင်းစွာသူခံစား။

– ခံစားပြီးတော့ လိုချင်ပြန်၊ စွဲလမ်း ဥပါဒါန် ။

– ဥပါဒါန်ကြောင့် ရလိုမှု၊ ကံတွေ ကံတွေ ထပ်ဆင့်ပြု။

– ကံပြုမိတော့ ဇာတိပေါ်၊ နာမ်ရုပ် အသစ်ခေါ်

– နာမ်ရုပ်ပေါ်တော့ အို နာ ဆုံး၊ သေတော့ခေါင်းတစ်လုံး။

## ကိုယ်ပိုင်နှင့် ဘုံပိုင်ပစ္စည်း

ဒီအလင်္ကာဆောင်ပုဒ်အရ အားလုံး ဒကာ ဒကာမတွေရဲ့ ကိုယ်ပိုင်ပစ္စည်းမှာ ခေါင်းတစ်လုံးပဲ ရှိတယ်လို့ဆိုလိုတာ။ ကိုယ်ပိုင်ပစ္စည်း ဘာလဲ (ခေါင်းတစ်လုံးပါဘုရား) အဲဒီတော့ လူ့ဘဝရောက်လာပြီးတော့ ကိုယ်ပိုင်စွည်း ခေါင်းတစ်လုံးနဲ့ အများကြီး ပိုင်ဆိုင်သွားအောင် ''ဩော် – ဒကာ ဒကာမတွေ ဒါနတွေ မပြုရဘူးလား၊ သီလတွေ မဆောက်တည်ရဘူးလား၊

သမာဓိတွေ မပွားများရဘူးလား၊ ဝိပဿနာတွေ အားမထုတ်ရဘူးလား၊ အဲဒါ ကိုယ်ပိုင်စွည်း တွေနော်၊ ကျန်တဲ့ကိစ္စတွေက ဘုံဆိုင်ပစ္စည်း တွေ''၊ လောကမှာ သားရေး သမီးရေး စီးပွားရေး လူမှုရေး သာရေး နာရေး လောကရေးမှန်သမျှ အဲဒါ ဘုံပိုင်ပစ္စည်းတွေ၊ ကိုယ်နဲ့ မဆိုင်ဘူး။ ကိုယ်ပိုင်ပစ္စည်း ဆိုတာကတော့ ခုန ပြောသလို ဘာမှမဟုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်ပိုင် ပစ္စည်းဟာ ခေါင်းတ႑စ်လုံးပဲရှိတယ်၊

အဲဒီတော့ ခေါင်းတစ်လုံးပဲဆိုရင် ဒကာ ဒကာမတွေ အရှုံးမထွက်ဘူးလား။ အဲဒီတော့ အမြတ်ထွက်အောင် ကိုယ်ပိုင်ပစ္စည်းကို ဒါန သီလ ဘာဝနာ ဝိပဿနာ အဲဒါတွေဟာ ကိုယ်ပိုင်ပစ္စည်းအနေနဲ့ စုသွားဖို့ အရေး မကြီးဘူးလား။ (ကြီးပါတယ် ဘုရား) ဒီတော့ လူ့ဘဝ လူ့လောက ရောက်လာတဲ့ အားလုံးသော ဒကာ ဒကာမတွေ တရားဟောတဲ့ ဘုန်းကြီး တရားနာတဲ့ ဒကာ ဒကာမတွေဟာ တစ်နေ့တော့ တခြားဖြစ်မှာလား သေမှာလား။ (သေမှာပါဘုရား)

ဒါကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး အထက်တန်း ဗုဒ္ဓဘာသာရဲ့ လိုက်နာရမယ့် အရေးကြီး တဲ့တရားသည် ''ငါသည် မုချသေရမည့် အချိန်ပိုင်း သာလိုတော့သည်'' လို့ ဆိုထားတယ်နော်၊

ဒါ သံဝေဂနော်၊ ဒီလိုဖြစ်ရင် ဒီလောကာဆောင်ပုဒ်

လေးကို ခုလိုရွတ်ပြီးတော့ ''နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်လိုက်'' တဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားကြည့်စမ်း သေဖို့ဆိုတာ အဲဒီ တရားနာတဲ့ ပရိသတ်ကြီးထဲ မသေမယ့် ပုဂ္ဂိုလ် ပါရဲ့လား၊ နောက် အနှစ်ငါးဆယ် ခြောက်ဆယ် ခုနှစ်ဆယ်လောက်ကျရင် ဒီထဲက တစ်ယောက်မှရှိမှာ မဟုတ်ဘူး၊ နောက်အနှစ်လေးငါး ခြောက်ဆယ် ခုနှစ်ဆယ်လောက် ကျရင်ဒီ ဘုန်းကြီးကိုလည်း ခများတို့ မြင်ရတော့မှာ မဟုတ်ဘူး၊ ဟောဒီ တရားနာတဲ့ ပရိသတ်ကိုလည်း ဘုန်းကြီးက တွေ့ပါဦးမလား၊ (မတွေ့ရတော့ပါဘုရား) ဘယ် သွားလည်ကြမှာလဲ၊ ပရိတ်သတ်ကြီး မတွေ့တာ ဘယ်သွားလည်ကြမလို့လဲ အမယ် . . . အင်း . . . ဒီကြားထဲ နတ်ပြည်သွားလို့ မတွေ့တဲ့သူပါသလို အဝီစိသွားတဲ့ ပုဂ္ဂိုလ်ပါနေ ဘယ့်နှယ်လုပ်ပါ့မလဲ၊ ပါမှာပေါ့ အစုံပေါ့နော်၊ အဲတော့ နောက်နှစ်ပေါင်း လေးငါးခြောက်ဆယ်ကျရင် အကုန် သေကြမှာပဲ၊ သေမှာများ ကြောက်နေလား၊ အင်း ဒီဘုန်းကြီးနဲ့ တရားနာရတာ ဘယ့်နှယ် အထက်တန်း ဗုဒ္ဓဘာသာ ဟောမယ်ဆိုတာ စလာကတည်းက အသေအကြောင်း ပြောနေတယ်ဆိုတော့ ဟုတ်လား၊ တကယ်တော့ မင်္ဂလာစကားပြောနေတာ ဒကာ ဒကာမတို့ ဘယ်တရား ဟောနေတာလဲ၊ (မင်္ဂလာ)

မင်္ဂလာစကားနဲ့ မင်္ဂလာတရားပါပဲ။ အမှန်ဟာ မင်္ဂလာနော်။

## ဘဏ်မှာ အပ်ထားပါ

ဘာကြောင့်လဲဆိုတော့ ဒီနေ့ ဒါန သီလ ဘာဝနာ ကောင်းမှုတွေ ပြုနေတာဟာ ဒကာ ဒကာမများ ကိုယ့်အတွက် တခြားလုပ်တာလား၊ ကိုယ်ပိုင်ပစ္စည်းတွေ လုပ်နေတာလား (ကိုယ်ပိုင် ပစ္စည်းတွေလုပ်နေတာ ပါဘုရား) တစ်နည်းအားဖြင့် ယနေ့လောကမှာ ကိုယ့်ရှိတဲ့ပစ္စည်းတွေ ဘဏ်မှာအပ်သလို ယခု ဒါနတွေ ပြုကြ၊ သီလတွေ ဆောက်တည်ကြ၊ ဘာဝနာတွေ ပွားကြတာကလည်း ဒကာ ဒကာမများ ကိုယ့်ဘဝ အတွက် တကယ့် ရိက္ခာထုတ်အနေနဲ့ ဘဏ်အပ်တာနဲ့ မတူဘူးလား၊ (တူပါတယ်ဘုရား) အဲဒါမှ ကိုယ်ပိုင်ပစ္စည်း အစစ်ဖြစ်ပါတယ် နော်၊ အဲဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် သတိထားပြီး ဆင်ခြင်လိုက်တဲ့ အခါကျတော့ သေမှာ လည်း မုချအမှန်ဖြစ်တော့ မသေခင်မှာ ဒါန သီလပြုတဲ့ ကုသိုလ်ကံတွေပါတာကို ယုံကြည်တာက အလယ်တန်း ဗုဒ္ဓဘာသာ။

## အဖိုးတန်ရတနာ

အဲဒီထက် အထုပ်တွေထုပ်တဲ့အခါမှာ ကဲ -

ဆိုကြပါစို့ ဒင်္ကာ ဒင်္ကာမတွေ ကြေးတွေ ထုပ်တာနဲ့ ရွှေငွေ ထုပ်တာ ဆိုလို့ရှိရင် ရွှေဟာပိုပြီး တန်ကြေး မရှိဘူးလား၊ (ရှိပါတယ် ဘုရား) အဲဒီတော့ ရတနာမှာ အဖိုးမတန်တာနဲ့ အဖိုးတန်တာ ဘယ်ဟာ လိုချင်တာလဲ၊ (အဖိုးတန်တာလိုချင်ပါတယ်) ဆိုကြပါစို့၊ ကြေးခွက်နဲ့ ရွှေခွက်ပေးရင် ဘယ်ဟာယူမလဲ၊ (ရွှေခွက်ကိုယူပါမယ် ဘုရား) အေး – ရွှေခွက်က ကြေးနဲ့စာရင် အဖိုးတန်တာ ပေါ့၊ အဲဒီရွှေခွက်ထက် ခုန ပြောသလို ကျောက်သံ ပတ္တမြား အစရှိသဖြင့် အဖိုးတန်တဲ့ ရတနာတွေနဲ့ယှဉ် လိုက်ရင်လည်း အဖိုးတန်တဲ့ ရတနာတွေ မယူဘူး လား၊အဲဒီလို လောကမှာယူသလို ဒင်္ကာ ဒင်္ကာများ ဘုရား တရား သံဃာ ရတနာ ၃– ပါးဟာ လောကမှာ လောကီရတနာတို့ထက် လူ့ပြည် နတ်ပြည် နဂါး ဂဠုန် အစရှိတဲ့ ပြည်တွေမှာရှိသော ရတနာတို့ထက် ကဲလွန်ပြီး တော့ တန်ဖိုးမရှိဘူးလား၊ (ရှိပါတယ်ဘုရား) အေး ကဲလွန်ပြီး တန်ဖိုးရှိတဲ့ ရတနာသည် တရားရတနာပါပဲ၊ ခယံ ဝိရာဂံ အမတံ မဏီတံ ယဒဇ္ဈဂါ – ကိုး၊ ဘာရတနာလဲ (တရား) အဲဒီ တရားရတနာကို စောစောက ဆရာတော်ဘုရားကြီး ဩဝါဒအတိုင်း ''ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့ သည်၊ မအို မနာ မသေမီ ဥာဏ်ဦးအောင် အားထုတ်ဖို့ အရေးမကြီးဘူလား (ကြီးပါတယ်)

အသေမဦးမီ ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်,လို့ဆရာတော်က အဓိဋ္ဌာန်ပြုခိုင်းတယ်နော် ၊ အသေမဦးခင်။

အဲဒီတော့ ခုန စကားပြန်ဆက်ရရင် ဟောဒီက တရားဟောတဲ့ဘုန်းကြီး တရားနာတဲ့ ဒကာ ဒကာမတွေ တစ်နေ့နေ့ တစ်ချိန်ချိန် တခြားဖြစ်မှာလား သေမှာလား (သေမှာပါဘုရား) အေး ဘုန်းကြီးအနေနဲ့တော့ ယဉ်ယဉ်ကျေးကျေး သိမ်သိမ် မွေ့မွေ့ ပျံလွန်တော်မူတယ်ပေါ့ဗျာ။ ဒီတော့ ဘာပဲဖြစ်ဖြစ် နောက်ဆုံး ပျံလွန်တော်မူတယ်ဆိုတာလည်း တခြားဖြစ်တာလား သေတာလား၊ အဲဒီတော့ သင်္ကေတ်နဲ့ဒြပ် ဟတ်ပြီးတော့ ဘုန်းကြီးကျတော့ ပျံလွန်တော်မူတယ်၊ ရှင်ဘုရင်ကျတော့ နတ်ရွာစံတယ်၊ ဘုရားကျတော့ ပရိနိဗ္ဗာန်ပြုတယ်၊ လူကျတော့ အနိစ္စရောက်တယ်၊ သေတယ် ဘာဖြစ်တယ် ညာဖြစ်တယ် အမျိုးမျိုး ပြောချင်တာပြော နောက်ဆုံးတော့ အနိစ္စဆိုတဲ့ သဘောနဲ့ ဒကာ ဒကာမတွေ ဇရာမရဏ သေခြင်းတရားပါပဲ။ အဲဒီလို သေခြင်းတရားဆိုတာ အခု တရားဟောတဲ့ ဘုန်းကြီးလည်း အသေဘက်ကို သွားနေရင်းနဲ့ ဟောရ။ တရားနာတဲ့ ဒကာ ဒကာမတွေလည်း ဘယ်ဘက်ကို သွားရင်းနဲ့ နာရ (အသေဘက် သွားရင်းနဲ့ နာရပါတယ်) သြော် အားလုံးဟာ အသေကို သွားနေရင်းနဲ့ တရားဟော၊

အသေကို သွားနေရင်းနဲ့ တရားနာတဲ့အတွက် မသေခင်လေး အရေးအကြီးဆုံး ကိစ္စတွေ လုပ်ကြရမယ်နော်၊ အဲဒီလို မသေခင်လေး အရေးအကြီးဆုံးကိစ္စသည် တခြားလား၊ တရားလား (တရားပါ ဘုရား) တရားပါပဲ၊ ဒါကြောင့် အထက်တန်းဗုဒ္ဓဘာသာတွေမှာ သိသင့်သိထိုက်တဲ့ တရားသည် ခုနပြောတဲ့ ပဋိစ္စသမုပ္ပါဒ်ပါပဲ။

## အသိနဲ့ ပြုတ်ရင်

ပဋိစ္စသမုပ္ပါဒ်တရားကို သိမယ်ဆိုရင် 'အရှင်ဘုရား ဘာကျေးဇူးများလဲ' တဲ့ ပဋိစ္စသမုပ္ပါဒ် ဆိုတာ အကြောင်းတရားကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးတရား၊ သို့ဖြင့် အကြောင်းနဲ့ အကျိုးကို သဘောပေါက်နားလည်ရင် ဒကာ ဒကာမများ တစ်ဘဝ နှစ်ဘဝ အပါယ်တံခါး ပိတ်တယ်လို့ ဆိုလိုတာပေါ့နော်။ ဘယ်လောက် ကျေးဇူးများလိုက်လဲနော်၊ အဲဒီပဋိစ္စသမုပ္ပါဒ်ကို တကယ် သိလာမယ်ဆိုရင် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေ မပြုတ်ဘူးလား၊ (ပြုတ်ပါတယ်) အဲဒီ သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိတွေကို အသိနဲ့ ဆရာသမားတရားဟောလို့ နာပြီးတော့ ပြုတ်သွားပြီးရင် တကယ်လည်း ဝိပဿနာ အားထုတ်လိုက်တော့ အားကြီးသော ဝိပဿနာဖြစ်ပြီး ဒကာ ဒကာမတွေ ဗုဒ္ဓဘာသာဝင် သူတော်စင်ရဲ့

ရည်ရွယ်ချက် ပန်းတိုင် ကြီးဖြစ်တဲ့ နိဗ္ဗာန်သည် သေမှမဟုတ်ပါဘူး၊ ယခုပင်လျှင် မျက်မှောက် ပြုနိုင်ပါလိမ့်မယ်။

ဒီကနေ့ တရားဒကာ ဒကာမများနှင့်တကွ အားလုံးသော တရားနာပရိသတ်တွေ ဝေယျာဝစ္စဆောင် ရွက်တဲ့ ပုဂ္ဂိုလ်တွေ ယခုလို ပြုလုပ်ဆောင်ရွက်တာ အပျော်တမ်း လုပ်နေတာ မဟုတ်ဘူးနော်၊ ရည်ရွယ်ချက် ကဘာလဲ "နိဗ္ဗာန်"၊ တပည့်တော်တို့ ယခုလို လှူဒါန်း နေတဲ့ ဒါနကုသိုလ်တွေ သီလကုသိုလ်တွေဟာ အဓိက အားဖြင့် နိဗ္ဗာန်ကိုသာလျှင် အထောက်အပံ့ အနေနဲ့ လုပ်ပါတယ်ဆိုရင် ဘာရည်ရွယ်ချက်နှင့် လုပ်တာလဲ၊ (နိဗ္ဗာန်) နိဗ္ဗာန်တဲ့၊ အဲဒီနိဗ္ဗာန်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ လုပ်တဲ့လုပ်ငန်းရပ်ကြီးဟာ နိဗ္ဗာန်ဆိုတာ သေမှမ ဟုတ်ဘူး၊ ယခုဘဝမှာပင် မျက်မှောက်ပြုနိုင်ဖို့ အရေးမကြီးဘူးလား၊ ယခုဘဝ ယခုခန္ဓာနဲ့တင် နိဗ္ဗာန် ကို မျက်မှောက်ပြုနိုင်ဖို့ရန် အခြေခံနားလည်ရမှာက ဟောဒီပဋိစ္စသမုပ္ပါဒ်ပဲ၊ ဘာကိုနားလည်ရမှာလဲ (ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမှာပါဘုရား) ဒီပဋိစ္စသမုပ္ပါဒ် ကိုနားလည်ရင် ခုနပြောတဲ့ ဒိဋ္ဌိသုံးပါး မပြုတ်ဘူးလား၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဒိဋ္ဌိသုံးပါး မပြုတ်ဘူးလား၊ အဲဒီ ဒိဋ္ဌိသုံးပါးတွေ ပြုတ်ပြီးတော့

ဝိပဿနာကို အားထုတ်ခဲ့သော အားကြီးသော ဝိပဿနာဖြစ်၍ ဒကာ ဒကာမတွေရဲ့ အင်အားအလျောက် ၇-ရက်အတွင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်၊ ဒါက အောင်ဆန်းဆရာတော် ဟောတဲ့တရားမဟုတ်ဘူးနော်၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဒေသနာတွေကို မွှေနှောက်ပြီးတော့ ထုတ်နုတ်ပြီးတော့ အများနားလည်အောင် ဟောခဲ့တဲ့ ဒေသနာ ဖြစ်ပါတယ်။ ခန္ဓာဉာဏ်ရောက် ဟောလိုက်ခြင်းဖြစ်ပါတယ်။

## မနက်အားထုတ် ညနေရ

သူကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် ဂယနကာ အားထုတ်တဲ့အခါကျမှ အဲဒီမှာအခက်တွေ အများကြီးတွေ့တယ်၊ ဒီလိုအခက်အခဲတွေ တွေ့တဲ့အခါမှာ ဘယ်လိုအခက်အခဲတွေ့ရင် ဘယ်လိုကျော်လွှားရမယ်ဆိုတဲ့ အဲဒီနည်းလမ်းတွေ စည်းကမ်းတွေကို ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို မွှေနှောက်ပြီးတော့ လက်တွေ့ကျကျ အားထုတ်ပြီးတော့မှ **"ဟော - တကယ် တရားအားထုတ်မယ့်ပုဂ္ဂိုလ်တွေ ပဋိစ္စသမုပ္ပါဒ် နားလည်အောင်သင်ကြရမယ်"**လို့ ဆရာတော်ဩဝါဒ မပေးဘူးလား၊ (ပေးပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်

ဘဲနဲ့ ဝိပဿနာအားထုတ်ရင် အားနည်းသော ဝိပဿနာဖြစ်၍ နိဗ္ဗာန်မရနိုင်ဘူးဆိုတာ ဆရာတော် လက်တွေ့အားထုတ် ပြီးဟောခဲ့ တဲ့ဒေသနာပဲ ယောဂီတို့ အဲဒါကို အထောက်အထား နိုင်လုံအောင် ဆရာတော် သည် ရှင်ဆန္နသုတ္တန်ကို သေသေချာချာ ပိဋကတ်ဆိုတဲ့ အာဂမယုတ္တိနဲ့ အသေအချာ မဟောဘူလား (ဟောပါ တယ်ဘုရား) သာဓကယုတ္တိအနေနဲ့ ရှင်ဆန္နကို လက်ညှိုး ထိုးမပြဘူးလား (ပြပါတယ်) သဘာဝ ယုတ္တိအနေနဲ့ မိမိရဲ့ခန္ဓာတွေကို ပြန်ပြီးလှည့် ကြည့်စမ်းပါ ဆိုပြီးတော့ တရားဟောတဲ့အခါမှာ ယုတ္တိ ၃–မျိုးနဲ့ သဘာဝ ကျကျ ဆရာတော်ဘုရား မဟောဘူး လား။ (ဟောပါတယ်) အဲဒီလိုဟောတဲ့ ဒေသနာကို တကယ်လက်တွေ့ ကျင့်သုံး မယ်ဆိုရင် ဗောဓိကုမာရ သုတ္တန်မှာ ဗောဓိကုမာရ မင်းသားကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောခဲ့တာ **''ဟေ့ တကယ်အားထုတ်ရင် မနက်အား ထုတ်ရင် ညနေရပါတယ်''** တဲ့ ဒကာ ဒကာမများ ဘယ်လောက်များ ဝမ်းသာစရာကောင်း လိုက်သလဲ၊ မနက်အားထုတ်ရင် ညနေ (ညနေရပါတယ် ဘုရား) ညနေအားထုတ်ရင် မနက်ရပါတယ်။ ဒီထက် ကြာရင် ၇–ရက်၊ ဒီထက်ကြာရင် ၇–ရလ၊ ဒီထက်ကြာ ရင် ၇–နှစ်၊ ပထမဗောဓ စေတနာကြောင့် နိဗ္ဗာန်ကို ဒကာ ဒကာမတွေ မျက်မှောက် မပြုနိုင်ဘူးလား။

## တရားပွဲကြီး၏ ရည်ရွယ်ချက်

ဒါကြောင့် ယနေ့တရားပွဲကြီး ဆင်ယင်ကျင်းပတဲ့ ရည်ရွယ်ချက်သည် ဒကာ ဒကာမတွေဘာလဲ၊ (နိဗ္ဗာန်) အဲဒီနိဗ္ဗာန်ကို ဒီဘဝ တကယ် မျက်မှောက်ပြုနိုင်ဖို့ အတွက်က တခြားလုပ်ရမှာလား တရားလုပ်ရမှာလား။ (တရားလုပ်ရမှာပါဘုရား) တရားအား ထုတ်ရမယ်၊ ဒီတော့ အလုပ်လုပ်ဖို့အတွက်မှာ ဘာကိုနားလည်ရမလဲ၊ (ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမှာပါဘုရား) ဟောဒီ ပဋိစ္စသမုပ္ပါဒ် အနေကတော့ ဒီည ဘုန်းကြီးအများကြီးပြောလို့ မရဘူးပေါ့နော်၊ ပဋိစ္စသမုပ္ပါဒ်မှာ ခုန အထက်တန်းဗုဒ္ဓဘာသာတစ်ယောက်ရဲ့ အရည်အချင်းလေးကိုပဲ ပြောချင်တာပေါ့နော်၊ အထက်တန်း ဗုဒ္ဓဘာသာဆိုတာ ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီးတော့ ဘာလုပ်ရမလဲ (သိရတယ်) ဒါကို နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ **''နာမရူပေပရိဉာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယံ''** ဆိုတဲ့ဒေသနာနဲ့လည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောဖော်ညွှန်ကြားတော်မူခဲ့တယ်။

နာမရူပေ–ရုပ်နဲ့နာမ်ကို၊ ပရိဉာတေ– ပိုင်းခြားသိမယ်ဆိုရင်တဲ့၊ အရိယာသာဝကဿ နတ္ထိ ကိဉ္စိဥတ္တရိကရဏီယန္တိ ဆိုတော့ ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီး သိမယ်ဆိုရင် အဲဒီရုပ်နာမ်ပေါ်မှာသာ ဉာဏ်လေးကပ်ပြီး

ရှုနေမယ်ဆိုရင် ဒကာ ဒကာမတွေ တခြားဘာမှ လုပ်နေဖို့ မလိုတော့ဘူးတဲ့။ ပဋ္ဌိစ္စသမုပ္ပါဒ် ရုပ်နာမ်ပေါ်မှာ ဉာဏ်လေးသာ ကပ်နေမယ်ဆိုရင် အဲဒါ ဘာမှ လုပ်နေစရာမရှိတော့ဘူး။ ဗုဒ္ဓဘာသာဝင် သူတော်စင် အထက်တန်း ဗုဒ္ဓဘာသာ အနေနဲ့ လိုချင်တဲ့နိဗ္ဗာန်ဆိုတဲ့ တရားသည် "လမ်းဆုံး ရွာတွေ့" ဆိုတဲ့စကားအတိုင်း မမြင်နိုင်ဘူးလား။

## အထက်တန်း ဗုဒ္ဓဘာသာဖြစ်ဖို့

ဒီလိုဖြင့် ရုပ်နာမ်ကို ပိုင်းခြားသိဖို့ဆိုတော့ နံပါတ်တစ် နာမရူပ ပရိစ္ဆေဒဉာဏ်ရဖို့လိုတယ်၊ အဲဒီတော့ အထက်တန်းဗုဒ္ဓဘာသာ တစ်ယောက်ဖြစ်ဖို့ အတွက်က ဘာကိုမြင်ဖို့လိုလဲ (ရုပ်နှင့်နာမ်ကိုမြင်ဖို့လို ပါတယ်ဘုရား) ရုပ်နဲ့နာမ်ကို ပိုင်းခြားမြင်ဖို့ လိုတယ်နော်။ အဲဒီတော့ ရုပ်နာမ် ၂–ပါးကို ဒကာ ဒကာမများ ရှုပွားရမယ်လို့ တိုက်တွန်းပါတယ်။ ဘာကိုရှုပွားရ (ရုပ်နှင့်နာမ် ရှုပွားရပါမယ်ဘုရား) ရုပ်နာမ် ၂–ပါးကို ရှုပွား ရမယ်နော်။ ဒါကြောင့်......

ရုပ်နာမ်နှစ်ပါး ရှုပွားဖို့ရာ၊
ဘာဝမျှဝန်လေး သင်ပေးနေတာ၊
နေ့ရက်လဖြုန်း သေဆုံးတော့မှာ၊

သင့်ဘဝ သင်မှ အားမနှာ၊

ဆိုတဲ့ ဆောင်ပုဒ်လေးကို ဒကာ ဒကာမများကို အိမ်ပါ မွေ့လက်ဆောင် ဘုန်းကြီးက အခုပေးလိုက်မယ် . . . . . ။

ဘယ်လောက် အဓိပ္ပါယ်ရှိလိုက်လဲ–နော်၊ ဒီလိုဖြင့် ရုပ်နာမ်နှစ်ပါး ရှုနေတဲ့ သူတော်ကောင်းတွေ အများကြီး မရှိဘူးလား၊ အေး သူများတွေရှုနိုင်ပြီးတော့ ကိုယ်မရှုနိုင်လည်း ဒကာ ဒကာမတွေ ရှက်စရာကြီးပဲနော်––သူများ ရှုပြီးကိုယ်မရှုနိုင်တာ ဘာဖြစ်လဲ၊ (ရှက်စရာကြီးပါဘုရား) ရှက်စရာကြီးပဲနော် ဒါကြောင့်မို့ . . . . . .

ရှုကြမှတ်ကြ နောက်ကျနေမယ် ၊

အဟူတူပဲ သူပဲလိုက်ကွယ် ၊

သူတို့လိုမှ မရလေတယ် ၊

အများထဲ အားနည်းရှက်စဖွယ် – တဲ့ ။

ဒါလည်း ဆုံးမသွားတာပေါ့။

ရုပ်နာမ်နှစ်ပါးကို ရှုပွားဖို့ ဒကာ ဒကာမတွေ တိုက်တွန်းနေတာပေါ့နော်၊ အဲတော့ သူများရှုနိုင်ဘာလို့ ကိုယ်မရှုနိုင်ရမှာတုန်း၊ ဟော ရုပ်နာမ်ရှုဖို့ တိုက်တွန်းနေပြီနော်၊ ဒီတော့၊ ဒကာ ဒကာမတွေကို ဘုန်းကြီးဘာ တိုက်တွန်းနေတာလဲ (ရုပ်နာမ်ရှုဖို့ တိုက်တွန်းနေတာပါ ဘုရား) သူများတွေတောင် ရှုနိုင်ရင် ငါဘာလို့ မရှုနိုင်ရမှာလဲ၊ အင်းစီးပွားရေးနဲ့ ကြီးပွားရေးနဲ့၊ သားရေးနဲ့၊

သမီးရေးနဲ့၊ လောကရေးနဲ့၊ ဘာရေးနဲ့၊ ညာရေးနဲ့ မအားသေးလို့ဆိုပြီး ရှိးမယ်ဖွဲ့ မပြောနဲ့နော်၊ သေခြင်းက တောင်းပန်လို့ရပါ့မလား၊ (မရပါဘူးဘုရား) နက်ဖြန်မှ အားထုတ်မယ်၊ သန်ဘက်မှ အားထုတ်မယ်ဆိုပြီးတော့ ဒကာ ဒကာမတွေ တောင်းပန်လို့တော့ ရချင်ရမယ်၊ ဒကာ ဒကာမတွေ သေခြင်းကျတော့ ရပါ့မလား (မရပါ ဘုရား)၊ ဒါကြောင့် လောကမှာ မအားလို့မသေတာ မရှိဘူး၊ အားလို့သေတဲ့ မသာရယ်လို့လည်း မရှိဘူးနော်၊ ဘယ်သူတော့ အားလို့အလုပ်မရှိလို့ သေတဲ့ မသာရယ် လို့ တစ်ယောက်မှမရှိဘူးနော်၊ မအားတဲ့ကြားထဲက ဘာဖြစ်သွားလဲ၊ (သေသွားပါတယ်ဘုရား) စီးပွားရေး ကြောင့် မအားဘူးဆိုပြီးတော့ ဒကာ ဒကာမတွေ သေမင်းခေါ်ရင် မလိုက်လို့ရမလား၊ (မရပါဘူးဘုရား) အေး အဲဒါကြောင့်မို့ အသေမဦးခင် တခြားဦးရမှာလား၊ ဉာဏ်ဦးရမှာလား (ဉာဏ်ဦးရမှာပါဘုရား) ဒါကြောင့် အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါလို့ ဆရာတော်ကြီးက တိုက်တွန်းတယ်နော်။

## အထက်တန်း ဗုဒ္ဓဘာသာ အရည်အချင်း

ကဲ ဒီတော့ကောင်းပြီ အသေမဦးခင် ဉာဏ်ဦးအောင် တပည့်တော်တို့ ဘာအားထုတ်ရမလဲ၊ အားထုတ်ဖို့တော့ တိုက်တွန်းနေပြီ၊ ဘာ အားထုတ်ရမှာလဲ ဆိုတော့

ခုနပြောတဲ့ရုပ်နာမ်ကို ကြည့်ရမှာပေါ့၊ ဘာကိုကြည့်ရမယ် (ရုပ်နာမ်ကို ကြည့်ရမှာပါဘုရား) ရုပ်နာမ်ကို ကြည့်ရမယ်ဆိုတော့ "နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ" ဆိုတဲ့ စောစောက ရွတ်သွားတဲ့ ပါဠိတော်ထဲမှာ ရုပ်နာမ်ကို ပိုင်းခြားသိဖို့ဆိုတော့ ရုပ်ကနှစ်မျိုး၊ နာမ်က နှစ်မျိုးဒါလေးသိဖို့လိုတယ်၊ ဘယ်နှစ်မျိုးလဲ၊ (နှစ်မျိုးပါဘုရား) ဟောဟုတ်ပြီ စကားလုံးမြင့်လာပြီနော်၊ အထက်တန်းဗုဒ္ဓဘာသာ အနည်းလေး နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ လက္ခဏာဉာဏ်၊ မဂ်ဉာဏ် ဆိုပြီးတော့ အဲဒီ ဉာဏ်လေးခုလောက်ကိုရရင် အထက်တန်းဗုဒ္ဓဘာသာ ဖြစ်လာပါတယ်၊ ဘာဗုဒ္ဓဘာသာဖြစ် (အထက်တန်းဗုဒ္ဓဘာသာ ဖြစ်ပါတယ်ဘုရား) ဒီလိုဖြင့်ရင် ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ အရည်အချင်းတွေ အများကြီးလိုနေပါလားနော်၊ ဒါခု ဘုန်းကြီး ဒီနေရာကနေကျေးဇူးပြုခဲ့တာ မူလတန်းဗုဒ္ဓဘာသာရယ်၊ အလယ်တန်းဗုဒ္ဓဘာသာရယ် ခုဘာဗုဒ္ဓဘာသာကို ပြောနေတာလဲ (အထက်တန်းဗုဒ္ဓဘာသာပါဘုရား) ဒီလိုဖြင့် အထက်တန်းဗုဒ္ဓဘာသာဖြစ်ဖို့ ဘယ်လောက်အတိုင်းအတာလိုသေးတယ်ဆိုတာ ယခုဘုန်းကြီးက ကျေးဇူးပြုလိုက်လို့ ဒကာ ဒကာမများ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချနိုင်ပြီဆိုရင် တရားနာရတာ အမြတ်မထွက်ဘူးလား

(ထွက်ပါတယ် ဘုရား) ဘုန်းကြီးလည်း ပင်ပန်းရကျိုးနပ်ပါတယ်နော်၊ ဒါကြောင့် ပလ္လင်ပေါ်စတက်ကတည်းက ဟောဒီငါ့ဆွေ မျိုးတော်တွေ ဟောဒီတရားပွဲထဲမှာကို တစ်ခါတည်း မဂ်ဆိုက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်ပါစေဆိုတာ ဘုန်းကြီးရဲ့ မေတ္တာစေတနာပါပဲနော်၊ မဂ်ဆိုက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်ဖို့အတွက်က အထက်တန်းဗုဒ္ဓဘာသာဝင်တွေသိရမယ့် နာမရူပ ပရိစ္ဆေဒ ဉာဏ်လောက်နဲ့ မသိဘဲနဲ့ ဒကာ ဒကာမတွေရပ့်မလား (မရပါဘူးဘုရား)

ဪ် ဒီနေရာလောက်နဲ့ပဲ ကျေနပ်နေလို့လည်းမဖြစ်ဘူးပေ့၊ အနည်းလေး ပစ္စယပရိဂ္ဂဟဉာဏ်၊ လက္ခဏာဉာဏ် မဂ်ဉာဏ်ထိအောင် ဒကာ ဒကာမတွေ တက်သွားမယ်ဆိုရင် ခုနဘုန်းကြီးရဲ့ မေတ္တာစေတနာ အကောင်အထည်ပေါ်တယ်လို့ ခေါ်ရမှာပေ့၊ ရှင်းရဲ့လား။

## ဝိပါကဝဋ် ရုပ်နာမ်

ကဲ ဒီတော့ကောင်းပြီ ရုပ်မှာလည်း ဝိပါကဝဋ်ရုပ်နာမ်နဲ့ ပစ္စုပ္ပန်တည့်တည့် ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်နှစ်မျိုးလို့ ဒါမှတ်လိုက်ပါနော်၊ ဝိပါကဝဋ် ရုပ်နာမ်နဲ့ ပစ္စုပ္ပန် တည့်တည့် ပဋိစ္စသမုပ္ပါဒ်ရုပ်နာမ် ဘယ်နှစ်မျိုး (၂မျိုးပါ ဘုရား) ဝိပါကဝဋ်ရုပ်နာမ်ဆိုတာက အာလုံးသောပရိ သတ်ကြီး စက်ဝိုင်းကိုကြည့်လိုက်စမ်းပါ၊

ဒီမှာဘာရေးထားလဲ (အဝိဇ္ဇာပါဘုရား) ဒီမှာဘာရေးထားလဲ (သင်္ခါရ ပါဘုရား) ဒီတော့ပါဠိလို ရွတ်လိုက်တော့ အဝိဇ္ဇာ ပစ္စယာ (သင်္ခါရာ) ပြော် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတာက ဟိုပြီးခဲ့တဲ့ လွန်လေပြီးသော အတိတ်ကာလက သစ္စာကို မသိတာက ဘာခေါ်ပါလိမ့် (အဝိဇ္ဇာပါဘုရား) ဒါန သီလ မကောင်းတာလား ကောင်းတာလာ (ကောင်းတာပါ ဘုရား) ကောင်းတာတွေလုပ်လို့ လူဖြစ်တာပါ။

လက်ာလေးနဲ့ ပြောရမယ်ဆိုရင်တော့ ''**အဝိဇ္ဇာ ဘယ်မှာနေ မိမိစိတ်မှာနေ တစ်ခါတလေ မိုက်မဲမှု သင်္ခါရကိုပြု**''ဟော စောစောက အဝိဇ္ဇာ ပစ္စယာ သင်္ခါရာက ပါဠိလို ရွတ်လိုက်တာ လက်ာဆောင်ပုဒ်လေးနဲ့သွားလိုက်တော့ အဝိဇ္ဇာ ဘယ်မှာနေတယ် (မိမိစိတ်မှာနေပါတယ်) ကဲပြန်ဆို၊ ''**အဝိဇ္ဇာ ဘယ်မှာနေ၊ မိမိစိတ် မှာနေ၊ တစ်ခါတလေမိုက်မဲမှု၊ သင်္ခါရကိုပြု။ သင်္ခါရပြု တော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကို တွယ်**'' ဟုတ်ပြီ ခုနကပြောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ် ဝိပါကဝဋ် ရုပ်နာမ်ဖြစ်တဲ့ အကြောင်းပြောမလို့နော်။

**သစ္စာမသိတဲ့စိတ်**

ဟောဒီ အဝိဇ္ဇာဆိုတာက ကိလေသဝဋ်၊ သင်္ခါရက ကမ္မဝဋ် သင်္ခါရက (ကမ္မဝဋ်ပါဘုရား) အဝိဇ္ဇာက ဘာဝဋ်

(ကိလေသဝဋ်) သင်္ခါရက (ကမ္မဝဋ်) အဲဒီ ကိလေသဝဋ်နဲ့ ကမ္မဝဋ် ဟောဒီနံပါတ်၂–အကွက်သည် ဟိုး လွန်လေပြီးသောအတိတ်ကာလက ဒကာ ဒကာမတွေ ပြုလုပ်ခဲ့တယ်လို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဘုရားဟောပါတယ်။

ဘယ်တုန်းက လုပ်ခဲ့တာလဲ (လွန်လေပြီးသော အတိတ် ကာလကပါဘုရား) ဟိုး လွန်လေပြီးသော အတိတ်ကာလက အဝိဇ္ဇာ သင်္ခါရတွေ လုပ်ခဲ့တယ်နော်၊ အဲတော့ အဝိဇ္ဇာက အပြင်မှာရှိတာလား မိမိစိတ်မှာရှိတာလား (မိမိစိတ်မှာရှိပါတယ်ဘုရား) သစ္စာမသိတဲ့စိတ်ကို ဘာစိတ်ခေါ် (အဝိဇ္ဇာစိတ်ပါ ဘုရား)

**အားလုံးခြုံလိုက်တော့**

သစ္စာမသိဘဲ ဒါန သီလပြုတာက (သင်္ခါရပါဘုရား) အဲဒီ ဒါနသီလဆိုတဲ့ သင်္ခါရတွေက ကောင်းတာလား မကောင်းတာလား၊ (ကောင်းတာပါဘုရား) ကောင်းတဲ့ ဒါန သီလ သင်္ခါရတွေပြုခဲ့လို့ ယခုလူ့ဘဝ သုဂတိရောက်ပါတယ်။ အခု ဒကာ ဒကာမတွေ ဘုန်းကြီးလည်းပဲ လူ့ဘဝ သုဂတိကနေ တရားဟောတယ်၊ တရားနာတဲ့ ပရိသတ်ကြီးကလည်း လူ့ဘဝ သုဂတိအနေနဲ့ တရားမနာဘူးလား (နာပါတယ်ဘုရား) ဒီလိုဖြင့် အဲဒီလို တရားနာနေတာဟာ သမုတိသစ္စာအနေနဲ့

ဘုန်းကြီးဟောနေတယ်၊ ဒကာကြီးတွေ တရားနာနေတယ်၊ ဒကာမကြီးတွေ တရားနာနေတယ်၊ သမုတိသစ္စာနဲ့ပြောငြား သော်လည်းပဲ ပရမတ်သဘောနဲ့ ကြည့်ပြီးအားလုံးခြုံလိုက်တော့ တခြားလား၊ ခန္ဓာ ၅–ပါးလား (ခန္ဓာ ၅–ပါးပါဘုရား) အဲဒီခန္ဓာ ၅–ပါးက ဝိပါကဝဋ်ခန္ဓာ ၅–ပါးလို့မှတ်ပါ။

## ကံမြင်ရှုပ်

ဘာခန္ဓာ ၅–ပါးလည်း (ဝိပါကဝဋ် ခန္ဓာ ၅ပါးပါဘုရား) ဝိပါကဝဋ်ခန္ဓာ ၅–ပါးမှာ အတိတ်ကကံ စိတ်ဥတု အဟာရ အကြောင်းတရား ၄–ပါး မပါဘူးလား၊ (ပါပါတယ်ဘုရား) အဲဒီ အကြောင်းတရား ၄–ပါးပါတဲ့အတွက် ဟောဒီ ခန္ဓာကြီးမှာ ဇာတိတွေ ဇရာတွေဗျာဓိတွေ မရဏတွေနဲ့ ရင်ဆိုင်နေတဲ့ ဝိပါကဝဋ်ရုပ်တုံးကြီး ရုပ်ခဲကြီးနဲ့တရားဟောနေတဲ့အတွက် ''ဩော်လက်စက်သတ်တော့ ဒီရုပ်ဒီနာမ်ကြီးသည် ကံမြင်ရုပ်ကြီးသည် ဝိပါကရုပ်လို့မှတ်။ အခု ပလ္လင်ပေါ်မှာဘုန်းကြီးထိုင်နေတာ မမြင်ဘူးလား (မြင်ပါတယ်ဘုရား) အဲဒါ ကံမြင်လို့ခေါ်ပါတယ်။ ဘာမြင်တာလဲ (ကံမြင်တာပါဘုရား) ဒကာ ဒကာမတွေ ထိုင်နေတာ ဘုန်းကြီးမြင်ပါတယ်။ အဲဒီကံမြင်ရုပ် နာမ်ကို ဝိပါကဝဋ်ရုပ်နာမ်လို့ခေါ်ပါတယ်။ ဘာရုပ်နာမ်လဲ (ဝိပါကဝဋ်ရုပ်နာမ်ပါဘုရား)

## ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်

သို့ဖြစ်၍ အဲဒီဝိပါကဝဋ်ရုပ်နာမ်တစ်ခု ပြောပြပြီဆိုရင် ပဋိစ္စသမုပ္ပါဒ်ရုပ်နာမ်ကို ပြောပြမယ်နော်၊ ဒီမှာ ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်ဆိုတာ သဠာယတန ပေါ်တာပေါ့နော်။ "အာရုံ ၆-ပါး တွေ့ဆုံသော်၊ ဝိညာဏ် ၆-ပါး၊ ဆိုင်ရာပေါ်" စာစောကနော် "ပေါ်လာလေတဲ့၊ အာရုံများ၊ ကောင်းစွာသူခံစား" ဒီလက်ာက ဒီလိုသွားတယ်နော်၊ ကဲလိုက်ဆိုကြ "အာရုံ ၆-ပါး တွေ့ဆုံသော်၊ ဝိညာဏ် ၆-ပါးဆိုင်ရာပေါ်၊ ပေါ်လာလေတဲ့ ဝိညာဏ် များကောင်းစွာသူခံစား" ပစ္စုပ္ပန်တည့်တည့် ပဋိစ္စသမုပ္ပါဒ်ရုပ်နာမ် ပေါ်တာလေးကို ဟောဒီ သဠာယတနကနေ ဘုန်းကြီးရှင်းပေးမယ်နော်။ ပြော်ဒါမှ ခုနပြောခဲ့တဲ့ ပဋိစ္စရုပ်နာမ်ပါလားဆိုတာ ဒကာ ဒကာမတွေ သိမယ်နော်။

## စာအုပ်ထဲမှာက ပရိယတ်

ဒီတော့ ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်ပေါ်ဖို့အတွက် ခုန သဠာယတနနော်။ ဘာတဲ့လဲ (သဠာယတနပါဘုရား) သဠာယတနဆိုတာ ဒီပြင်မဟုတ်ဘူး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဘယ်နှစ်မျိုးလဲ (၆ မျိုး) ၆ - မျိုးက ဒကာ ဒကာမတွေ မသိတဲ့ စကားလုံး

တစ်လုံးမှ မပါဘူး၊ မျက်စိ သည် တခြားမှာရှိတာလား၊ ကိုယ်မှာရှိတာလား၊ (ကိုယ်မှာရှိတာပါဘုရား) နားလည်းပဲ အပြင်မှာရှိတာလား၊ ကိုယ်မှာ ရှိတာလား (ကိုယ်မှာရှိတာပါဘုရား) နှာခေါင်းလည်း ဘယ်မှာရှိ (ကိုယ်မှာရှိတာပါဘုရား) လျှာလည်းဘယ်မှာရှိ (ကိုယ်မှာ ရှိတာပါဘုရား) ကာယပသာဒအကြည် ခေါင်းကနေ ခြေဖျားဆိုတဲ့ ကာယပသာဒအကြည်လည်း ဘယ်မှာရှိ (ကိုယ်မှာရှိတာပါဘုရား) စိတ်ဆိုတာလည်း ကိုယ်မှာမရှိဘူးလား (ရှိပါ တယ်ဘုရား) ဒီလိုဖြင့် အဲဒါက အတွင်းအာယတန ၆–ပါးလို့ခေါ်တယ်၊ ဘာအာယတန (အတွင်းအာယတနပါဘုရား) ဒီလိုဖြင့် ယခုဘုန်းကြီးဟောနေတဲ့တရားတွေက ဒကာ ဒကာမတွေ စာအုပ်ထဲလှန်ကြည့်တာက ပရိယတ်၊ ကိုယ့်ကိုယ်ကိုယ် မြင်အောင်ကြည့်တာက ပဋိပတ်၊ ပရိယတ်နဲ့ပဋိပတ် မတွဲရင် မရဘူးနော်၊ အထက်တန်း ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်ဖို့လွယ်ပါ့မလား (မလွယ်ပါဘူးဘုရား) ရုပ်နဲ့နာမ်ကို ပိုင်းခြား သိရမယ်နော်၊ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိအောင် စောစောက ဝိပါကဝဋ်ရုပ်နာမ်ကို ပြောပြပြီးပြီ၊ ယခု ပဋိစ္စသမုပ္ပါဒ်ရုပ်နာမ် ကိုပြောမှာ၊ ဘယ်ရုပ်နာမ်ကိုပြောမှာလဲ (ပဋိစ္စသမုပ္ပါဒ် ရုပ်မ်နာပါဘုရား) ကဲ ဒီတော့ကောင်းပြီ ပြန်ပြောပါ မျက်စိ နား နှာခေါင်း လျှာကိုယ် စိတ် အဲဒါ ကိုယ့်မှာရှိတာ၊ ဘယ်သူ့မှာရှိတာလဲ

(ကိုယ့်မှာရှိတာပါဘုရား) ကိုယ့်မှာရှိနေတာ မသိတဲ့ စကားလုံး တစ်လုံးမှ မရှိဘူး။ ကောင်းပြီ ဒီတော့ ပစ္စုပ္ပန် တည့်တည့် ပဋိစ္စသမုပ္ပါဒ်ရုပ်နာမ် ဘာပေါ်သလဲဆိုတော့ အာရုံနဲ့ဒွါရနဲ့တိုက်လို့ ပေါ်တဲ့အခါကျတော့ ကဲ ရှေ့က အာရုံအကြောင်းလေး လိုက်ပြောလိုက်ကြဦးစို့၊ အဆင်း အသံ အနံ့ အရသာ တွေ့ထိစရာ ကြံစည်စရာ ၆– မျိုး။ ဘယ်နှစ်မျိုးလဲ (၆–မျိုးပါဘုရား) ဒီလိုဖြင့် အဲဒီ ၆–မျိုးဟာ ဒကာ ဒကာမတွေ မကြာခဏ မဆုံဘူး လား (ဆုံပါတယ်ဘုရား) အမြဲတမ်း ဆုံနေတယ်၊ ဒီတော့ မျက်စိသည် အဆင်းနဲ့ မဆုံဘူးလား (ဆုံပါတယ်ဘုရား) အဲဒီတော့ အာရုံ ၆–ပါး တွေ့ဆုံသော် ဝိညာဉ် ၆–ပါး ဆိုင်ရာပေါ်ကိုး။

**အဆက်တန်း ဗုဒ္ဓဘာသာမဖြစ်**

ဝိညာဏ်အကြောင်း ပြောမယ်နော်၊ မျက်စိနဲ့ အဆင်းနဲ့ တိုက်တဲ့အခါကျတော့ စာလိုဆိုတော့ စက္ခုံစ ပဋိစ္စရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ ဆိုတော့ စက္ခု ဝိညာဏ်ပေါ်တယ်၊ ဒီလိုဖြင့် နားနဲ့အသံနဲ့ တိုက်တော့ စာလိုပြောတော့ သောတ ဝိညာဏ်ပေါ်တယ်၊ ဟိုမှာ ဝိညာဏ်ပေါ်တယ် ဆိုပြီးတော့ ခုနလက်က မလာဘူးလား (လာပါတယ်ဘုရား) ဘာတွေပေါ် နေတာလဲ (ဝိညာဏ်) ဒီလိုဖြင့် နှာခေါင်းနဲ့ အနံ့နဲ့တိုက်တော့ ဃာနဝိညာဏ်

မပေါ်ဘူးလား၊ ဘာဝိညာဏ် ပေါ်တာလဲ (ဃာန ဝိညာဏ်) လျှာနဲ့ အရသာနဲ့ တိုက်တော့ ဇိဝှာဝိညာဏ် မလာဘူးလား (လာပါတယ်ဘုရား) ဘာဝိညာဏ်ပါလိမ့် (ဇိဝှာဝိညာဏ်) ကာယပသာဒ ကိုယ်နဲ့ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ တိုက်တော့ ကာယဝိညာဏ် မပေါ်ဘူး လား။ (ပေါ်ပါတယ်) မနောနဲ့ ဟိုကကြံစည်စရာတွေနဲ့ တိုက်တော့ မနောဝိညာဏ် မပေါ်ဘူလား။ (ပေါ်ပါတယ် ဘုရား) မနောဝိညာဏ်နော်၊ အဲတော့ မနောဝိညာဏ် ပေါ်ပြီပေါ့၊ ဒီလိုဖြင့် ဝိညာဏ် ဘယ်နှစ်ပါးဖြစ်ပြီလဲ (၆–ပါး) အဲဒီဝိညာဏ်ဟာ ရုပ်နာမ်ပေါ်တာပဲ၊

ယောဂီတို့ စောစောက ပြောပြီနော်၊ ရုပ်နာမ်နှစ်ပါး မရှုပွားလို့ရှိရင် အောက်တန်းပဲ ၊ ရုပ်နာမ်နှစ်ပါး ရှုပွားရင် ဘာတဲ့လဲ (အထက်တန်းပါဘုရား) အထက်တန်းဖြစ် တယ်၊ အဲတော့ ရုပ်နာမ်ကို ရှုမယ်ဆိုတော့ ယခု ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်တဲ့ ဘာရုပ်နာမ်လဲ (ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်တဲ့၊ အင်း ဟုတ်ပြီနော်၊

ယခု ဝိညာဏ်ပေါ်ပြီနော်၊ **''အာရုံ ခြောက်ပါး တွေ့ဆုံသော်၊ ဝိညာဏ်ခြောက်ပါး ဆိုင်ရာပေါ်''** ဆိုတော့ စာလိုပြောတော့ စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယ ဝိညာဏ်၊ မနောဝိညာဏ်ပေါ့၊ အဲဒီ ဝိညာဏ် ၆–

မျိုးကိုမသိရင် အထက်တန်းဗုဒ္ဓဘာသာ မဖြစ်ဘူး၊ အခုခြေဘ် ကိုယ့်ဆွေတော် မျိုးတော်များ ယနေ့ည အထက်တန်းကို အတင်းတွန်း တင်နေတာနော်၊ အလယ်တန်းနဲ့ မကျေနပ်ပါနဲ့၊ အထက်တန်းကို တွန်းတင်နေတာ ခင်ဗျားတို့အရပ်ပြော ပြောတော့ **Jump promotion** ပေါ့ဟုတ်လား၊ မထူးဘူး၊ အထက်တန်းကိုတင်တော့မယ်၊ မတတ်နိုင်ဘူး၊ အဲတော့ အထက်တန်းတင်ဖို့က ဘာကို နားလည်ရမှာလဲ (ဝိညာဏ်ကိုပါဘုရား) ဝိညာဏ်ကိုနားလည်ပြီး ရင် ရုပ်နာမ်ကို နားလည်တော့မယ်၊ ပြော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်၊ ဒီလိုဖြင့် စက္ခု ဝိညာဏ် ဆိုတည်းက ဝိညာဏ်တည်ရာ စက္ခုသာဒက ရုပ်၊ စက္ခုဝိညာဏ်က နာမ်ဆိုတော့ ရုပ်နဲ့နာမ်ပဲ။ သောတ၊ ဃာန၊ ဝိညာဏ်က နာမ်ဆိုတော့ ရုပ်နဲ့ နာမ်ပဲ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန (ရုပ်နဲ့နာမ်ပါဘုရား) ဝိညာဏ် ဆိုတာက မျက်စိက ရုပ်၊ ဟိုက အဆင်းကရုပ်၊ မျက်စိနဲ့ အဆင်းတိုက်တဲ့ အခါကျတော့ ဝိညာဏ်ဆိုတဲ့ မြင်စိတ်မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား) ဝိညာဏ်ဆိုတဲ့ မြင်စိတ်တစ်လုံး ပေါ်ရင် ရုပ်နဲ့နာမ် ပေါ်တယ်လို့မှတ်လိုက်ပါ၊ ဘုန်းကြီး အသေးစိတ်တော့ ပြောချိန်မရဘူးနော်၊ နို့မို့ဆိုရင်ဒီ

သင်တန်းက (၁၀)ရက်လောက် မနည်းဟောရတဲ့ သင်တန်း။ ဒီတော့ ယနေ့တော့ဖြင့် ဗုဒ္ဓဘာသာသုံးမျိုးမှာ အထက်တန်းဗုဒ္ဓဘာသာ ဒါပါပဲဆိုတဲ့ မိတ်ဆက်သဘော လောက်ပဲ ကျေးဇူးပြုပါ့မယ်၊

အဲဒီတော့ ယခုရှေ့လဆန်း ၁-ရက်နေ့ဆိုရင် ဘုန်းကြီးရိပ်သာမှာ စခန်းပွဲတွေစပြီးတော့ ဖွင့်တော့မယ်၊ ယောဂီကတော့ ၆၀၀-ကနေ ၈၀၀-ထိပဲလက်ခံပါတယ်၊တစ်နှစ်က ၈၅၀အထိလက်ခံတော့ နေရာထိုင်ခင်းတွေအကုန်လုံး ဒုက္ခတွေများကုန်တယ်၊ အေးဒီနှစ်တော့ ၈၀၀-ထိပဲလက်ခံတယ်ဆိုပြီးတော့ ကန့်သတ်ထားရပါတယ်၊ အဲဒီမှာလည်းပဲ ဒီသင်တန်းတွေကို ဘုန်းကြီးတတ်စွမ်းသမျှလေး ၁၀-ရက်လုံးလုံးကျေးဇူးပြုတယ်၊ယနေ့ည တော့ဖြင့် အကြမ်းဖျင်းလောက်ကလေးနဲ့ ဒကာ ဒကာမများ ဒီလိုသွားပါမယ်နော်၊ လိုအပ်တာတွေရှိရင်လည်း ဒီမှာယောဂီတွေလည်းပါတော့ သည်းခံပါလို့ ဘုန်းကြီးတောင်းပန်ပါတယ်နော်၊ ဒီည တရားပွဲအတိုင်းအတာတော့ဒီလောက်နဲ့ပဲ အဆင်ပြေလောက်ပါတယ်နော်၊

## မြင်တိုင်းရှုပ်နာမ်

ခု ဒီညမှာ ဝိညာဏ်ဘယ်နှစ်ပါး (၆-ပါးပါဘုရား) ဒီလိုဖြင့် စက္ခုဝိညာဏ်ဆိုတာက မျက်စိအကြည်ပေါ့၊ စက္ခုဝိညာဏ်ဆိုတာက ဘာတဲ့လဲ (မျက်စိအကြည်ပါ

ဘုရား) အဲဒီ ဝိညာဏ်ဆိုတဲ့ တစ်လုံး ပေါ်တိုင်းပေါ်တိုင်း ရုပ်နဲ့နာမ်နဲ့ပါပြီးသား၊ ယခု မျက်စိနဲ့အဆင်း တိုက်တဲ့ အခါကျတော့ မြင်စိတ်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲလို မြင်တိုင်းမြင်တိုင်း ရုပ်နာမ်လို့မှတ်လိုက်ပါ၊ မြင် တိုင်းမြင်တိုင်း ဘာတဲ့လဲ (ရုပ်နာမ်ပါဘုရား) အဲဒီတော့ ဒီဆောင်ပုဒ်ကလေးတွေနဲ့ သွားတာပိုပြီးတော့ရှင်းတယ်

မြင်တာဘာတဲ့လဲ၊ မြင်သိ ရုပ်နာမ်ပဲ ။<br>
မြင်သိမမြဲ မြင်ဆင်းရဲ မြင်ထဲ ငါမပါ ။<br>
အဲဒါ သဘာဝအနတ္တာ ။

ကြားတာဘာတဲ့လဲ၊ ကြားသိ ရုပ်နာမ်ပဲ ။<br>
ကြားသိမမြဲ ကြားဆင်းရဲ ကြားထဲ ငါမပါ ။<br>
အဲဒါ သဘာဝ အနတ္တာ ။

မွှေးတာ ဘာတဲ့လဲ၊ မွှေးသိရုပ်နာမ်ပဲ ။<br>
မွှေးသိမမြဲ မွှေးဆင်းရဲ မွှေးထဲ ငါမပါ ။<br>
အဲဒါ သဘာဝ အနတ္တာ ။

စားတာဘာတဲ့လဲ၊ စားသိ ရုပ်နာမ်ပဲ ။<br>
စားသိမမြဲ စားဆင်းရဲ စားထဲ ငါမပါ ။<br>
အဲဒါ သဘာဝ အနတ္တာ ။

တွေ့တာဘာတဲ့လဲ၊ တွေ့သိ ရုပ်နာမ်ပဲ ။<br>
တွေ့သိမမြဲ တွေ့ဆင်းရဲ တွေ့ထဲ ငါမပါ ။<br>
အဲဒါ သဘာဝ အနတ္တာ ။

ကြံတာဘာတဲ့လဲ၊ ကြံသိ ရုပ်နာမ်ပဲ ။

ကြံသိမမြဲ ကြံဆင်းရဲ ကြံထဲ ငါမပါ ။
အဲဒါ သဘာဝ အနတ္တာ ။

ဒါက ဒကာ ဒကာမတွေရဲ့ ခေါင်းကနေခြေဖျား အထိ အာရုံ ၆-ပါး၊ ဒွါရ ၆-ပေါက်မှ ရုပ်နာမ်တွေ ပေါ်ပုံပြောပါတယ် မြင်တိုင်းမြင်တိုင်း ရုပ်နာမ်သိပါ၊ ကြားတိုင်းကြားတိုင်း (ရုပ်နာမ် သိပါဘုရား) အဲဒီ ရုပ်နာမ်ထဲမှာ ငါပါရဲ့လား (မပါပါဘူးဘုရား) ငါမပါဘူး၊ ငါမပါဘူးနော်၊ မြင်တိုင်းမြင်တိုင်း ဘာကြောင့် ရုပ်နာမ် လဲဆိုတော့ အခုဆိုကြပါစို့၊ ကဲ မျက်စိ၊ မျက်စိဆိုတော့ သန်းဦးခေါင်း ပမာဏရှိတဲ့ မျက်လုံးအိမ်ထဲက အကြည် ဓာတ်ကလေးက မျက်စိလို့ခေါ်တယ်၊ အဲဒီမျက်စိအကြည် သည် ယောကျ်ားဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား) ဒီလိုဖြင့် အဲဒီမျက်စိအကြည်သည် ရုပ်တရားပါ၊ ဒကာ ဒကာမတွေ၊ ဘာတရားလဲ (ရုပ်တရားပါဘုရား) ဒီလိုဖြင့် ရုပ်တရားလို့ သိတဲ့အချိန်သည် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ပျောက်တာ တခြားကြောင့်ပျောက်တာ မဟုတ် ဘူးနော်၊ ဩော် - မျက်စိ အကြည်သည် ရုပ်ပဲ၊ ဓာတ်၄-ပါးစုဖွဲ့တဲ့ ရုပ်ပဲလို့ သိလိုက်တာနဲ့ ယောကျ်ား မိန်းမ သတ္တဝါ ပျောက်နေတယ်နော်၊ အဲဒီရုပ်သည် အဆင်းနဲ့ တိုက်တော့ အဆင်းလည်းပဲ တခြားလား ရုပ်တရားလား (ရုပ်တရားပါဘုရား) အဲဒီ ရုပ်နှစ်ခုတိုက် သည့်အတွက်ကြောင့် ဟောဒီမှာ နာမ်နှစ်ခုပေါ်တယ်၊ ရုပ်နှစ်ခု တိုက်တဲ့အတွက် (နာမ်တစ်ခုပေါ်ပါတယ်ဘုရား)

အဲဒီနာမ်ထဲမှာလည်း ယောကျ်ား မိန်းမ ရှာလို့ရပါ့မလား (မရပါဘူးဘုရား) ဒီလိုဖြင့် တခြားကြောင့်မရတာလား နာမ်ကိုတွေ့လို့လား (နာမ်ကိုတွေ့လို့ပါဘုရား) ရုပ်ကို တွေ့လည်းယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါရှာလို့ မရတော့ ဩော်- ပုဂ္ဂိုလ်သတ္တဝါ ပျောက်အောင်မြင် တာသည် ရုပ်နာမ်ကိုမြင်လို့၊ ဘာကိုမြင်လို့ (ရုပ်နာမ်ကို မြင်လို့) ဒီလိုဖြင့်ရင် အထက်တန်းဗုဒ္ဓဘာသာတစ် ယောက်သည် ရုပ်နဲ့နာမ်ကိုပိုင်းခြားပြီး မြင်ရတယ်ဆို တော့ ရုပ်နဲ့နာမ်ကိုမြင်ရင် ဒကာ ဒကာမတွေ ပုဂ္ဂိုလ် သတ္တဝါ မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)

**ငရဲမျိုးစေ့**

ပုဂ္ဂိုလ်သတ္တဝါ ပျောက်လိုက်ခြင်းအားဖြင့် အဲလို စာလိုပြောတော့ သက္ကာယဒိဋ္ဌိ သေပါတယ်၊ ဘာသေ တာလဲ (သက္ကာယဒိဋ္ဌိသေပါတယ်ဘုရား) ဒီတော့ သက္ကာယဒိဋ္ဌိဆိုတာ အင်မတန် ကြောက်စရာကောင်း တဲ့ ငရဲမျိုးစေ့ခေါ်ပါတယ်၊ ရုပ်နဲ့နာမ်မသိတဲ့ပုဂ္ဂိုလ် တိုင်း ပုဂ္ဂိုလ်တိုင်းမှာ ရင်ထဲမှာ ငရဲမျိုးစေ့ရှိတယ်၊ ဘာရှိလဲ (ငရဲမျိုးစေ့ပါဘုရား)ဒီတော့ အထက်တန်းဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ အဲဒီ ငရဲမျိုးစေ့ တန်းလန်းကြီးနဲ့ ဒါန သီလ ဘာဝနာတွေလုပ်ချင်တာလုပ်၊ ငရဲမျိုး စေ့ရှိတဲ့ ပုဂ္ဂိုလ်သည် အပါယ်ကနေ လွတ်ပါ့မလား၊

သို့သော် အပါယ်တော့ တိုက်ရိုက်မကျဘူး၊ သုဂတိကနေပြီးတော့ ဒကာ ဒကာမတွေ အဲဒီ ငရဲမျိုးစေ့က အောက်ကိုမဆွဲချဘူးလား (ဆွဲချပါတယ်ဘုရား) အဲဒီလို ဆွဲချတဲ့အတွက် ငရဲမျိုးစေ့ဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ သက္ကာယဒိဋ္ဌိကို ပြောပါတယ်၊ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိတဲ့အခါကျတော့ အဲဒီသက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား (ပြုတ်ပါတယ်ဘုရား) အဲဒီရုပ်နာမ်ဟာ အလိုလိုမိုးပေါ်က ကျလာတဲ့ရုပ်နမ်လား၊ အကြောင်းအကျိုးလား (အကြောင်းအကျိုးပါဘုရား ) ဒီလိုဖြင့် အကြောင်းဆိုတဲ့ မေ့ဟာလည်း အကြောင်းမှာပင် ချုပ်၍၊ အကျိုးပေါ် သာလျှင် ကျေးဇူးပြု၍ အကျိုးတွေထပ်ဖြစ်လာတယ် ဆိုတော့ ချုပ်တာကိုသိလိုက်ရင် သဿတဒိဋ္ဌိစင်၍ အစားထိုးတာကို သိလိုက်တဲ့အခါကျတော့ ဥစ္ဆေဒဒိဋ္ဌိစင်တယ် ဆိုတော့ အကြောင်းနဲ့ အကျိုးကိုသိရင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ စင်တယ်လို့ ဒေသနာစဉ်ဘုရားဟော ရှိပါတယ် ။

**အနုမောဒနာ**

ဒီတော့ အကြောင်းအကျိုးဆိုတာ ဒကာ ဒကာမတွေ ပဋိစ္စသမုပ္ပါဒ်ပါပဲ၊ အကြောင်း အကျိုးဆိုတာ ဘာတရားလဲ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်

ဆိုတာ အကြောင်းအပေါ်မှာ ဉာဏ်ရှင်းလို့ အကြောင်း သည်အကျိုးထဲမှာ မပါဘဲနဲ့ပျက်သွားတဲ့ သဘောကို သိလိုက်ရင် သဿတဒိဋ္ဌိသေတယ် လို့မှတ်လိုက်ပါ၊ ဘာဒိဋ္ဌိသေ (သဿတဒိဋ္ဌိ သေပါတယ်ဘုရား) အကျိုး သည်လည်း အကြောင်းကြောင့်ဖြစ်တာပဲလို့ ဖြစ်တာကို သိလိုက်ပြန်ရင်လည်းပဲ ဥစ္ဆေဒဒိဋ္ဌိသေပါတယ်။ ဘာသေပါလိမ့် (ဥစ္ဆေဒဒိဋ္ဌိ သေပါတယ်ဘုရား) ဒီလိုဖြင့် အကြောင်း နဲ့အကျိုးကို သိလိုက်တဲ့အခါကျတော့ သဿတဥစ္ဆေဒ မသေဘူးလား (သေပါတယ်ဘုရား) အဲဒီထဲမှာ ယောကျ်ား၊ မိန်းမ၊ သတ္တဝါ မပါမှန်းသိပြီး သက္ကာယ ဒိဋ္ဌိသေတော့ တရားနာတာနဲ့ ဆရာရဲ့ ဉာဏ်ကိုမှီပြီးတော့ သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ မသေ ဘူးလား (သေပါတယ်ဘုရား) အနုမောဒဉာဏ်လို့ ခေါ်တယ်၊ အဲဒီ အတိုင်းသာ ဒကာ ဒကာမတွေ အိမ်မှာပဲဖြစ်ဖြစ်၊ ရိပ်သာမှာပဲဖြစ်ဖြစ် ကိုယ်တိုင်ကိုယ်ကျ မိမိသင့်တော်တဲ့ နေရာမှာ အဲဒီအတိုင်းသာ ဆရာ သမားနဲ့ လက်ထပ်သင်ပြီးတော့ ပွားများအားထုတ် လိုက်မယ်ဆိုရင် အဲဒါသည် ပရိဝေဉာဏ်ရတယ်။

### ဘဝ အာမခံချက်

အဲဒီဉာဏ်နဲ့သာ သက္ကာယ သဿတ ဥစ္ဆေဒတွေကို အသိနဲ့ အပွားနဲ့ အပယ်နဲ့များ ပြုတ်သွားမယ်ဆိုရင်

ဒကာ ဒကာမတွေ အထက်တန်းဗုဒ္ဓဘာသာဝင်တွေရဲ့ ရည်ရွယ်ချက် နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကြီးသည် ယခုဘဝ မှာမျက်မှောက်မပြုနိုင်ဘူးလား (ပြုနိုင်ပါတယ်ဘုရား) အဲဒီလို မျက်မှောက်ပြုနိုင်ပြီဆိုရင် ဒကာ ဒကာမများ အတွက် ဘဝဟာအာမခံချက်ရပြီ၊ အင်မတန် ရင်အေး ရပါတယ်၊ ရင်မအေးရဘူးလား (အေးရပါ တယ်ဘုရား) အဲဒီတရားတွေ ရင်ထဲမှာမရသမျှကာလပတ်လုံး ဒကာ ဒကာမများ ရင်မအေးရပါဘူးနော်၊ ဒါကြောင့်မို့လို့ တရားကိုသိမှသာလျှင် ရင်အေးရပါတယ်၊ တရားကို မသိရင် (ရင်မအေးရဘူး) ရင်မအေးရဘူးတဲ့၊ ဒီတော့ တရားကိုသိရင် ဘာဖြစ်မလဲ (ရင်အေးရပါတယ်ဘုရား) တရားကိုမသိရင် (ရင်လေးရတယ်) ရင်လေးရတယ်၊ ဒါကြောင့်မို့ ဒီတရားတွေကို သိမှသာလျှင် ဘဝမှာအာမ ခံချက်နဲ့ ရင်အေးဖို့ အရေးကြီးတယ်နော်၊

ဒါကြောင့်မို့ ဒီတရားတွေကို သိဖို့ဆိုတာကတော့ ဟောဒီ ဝိညာဏ်လို့ခေါ်တိုင်းခေါ်တိုင်းမှာ ရုပ်နာမ်တွေ ပါတဲ့အတွက် "**နာမရူပေ ပရိညာတေ အရိယ သာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယံ**" စောစောကပါဠိတော်အတိုင်း အဲဒီရုပ်နဲ့နာမ်ကိုမြင်တော့ နာမရူပ ပရိစ္ဆေဒဉာဏ် မရဘူးလား၊ (ရပါတယ်ဘုရား) ရပြီနော်၊ ဒီလိုဖြင့် ဒီရုပ်နာမ်သည် မိုးပေါ်က ကျလာ တာလား အကြောင်းအကျိုးလား (အကြောင်းအကျိုး

ဘုရား) အကြောင်းအကျိုးကြောင့် ဒီရုပ်နာမ်ပေါ်တယ် ဆိုရင် ပစ္စယပရိဂ္ဂဟဉာဏ် မရဘူးလား (ရပါတယ် ဘုရား) ဟော အထက်တန်းဗုဒ္ဓဘာသာမှာ တစ်တန်း ချင်းဖြစ်သွားပြီနော်၊ အေး ဒီတော့မှ ယခုဖြစ်လာတဲ့ ရုပ်နာမ်သည် ဖြစ်ပေါ်ဆဲမှာ မပျောက်သွားဘူးလား (ပျောက်သွားပါတယ်ဘုရား) ခုဆိုကြပါစို့ နားနဲ့အသံနဲ့ တိုက်တော့ ကြားစိတ်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒီ ကြားစိတ်ကလေးတစ်လုံး ပေါ်တိုင်းပေါ်တိုင်း ဘာပါတာလဲ (ရုပ်နာမ်) အဲဒီရုပ်နာမ်ကြားစိတ် ကလေး သည် ယခုကြားပြီးပြီးချင်း မပျောက်သွားဘူးလား (ပျောက်သွားပါတယ်ဘုရား)

**စမ္မတာစန်**

အခု ဘုန်းကြီးကနေ 'ဗုဒ္ဓ' ဆိုတော့ 'ဗုဒ္ဓ' ဆိုတဲ့ ရုပ်နာမ် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒီ ဗုဒ္ဓဆိုတဲ့ ရုပ်နာမ်သည် ကြားပြီးတော့ ဘာဖြစ်တာလဲ (ပျောက်ပါတယ်ဘုရား) အထက်တန်းဗုဒ္ဓဘာသာ တစ်တန်းချင်း တက်လာပြီနော် အဲဒီလိုလက္ခဏာဉာဏ် ကနေပြီးတော့ ဒကာ ဒကာမတွေ "ဘာဝိတာ ဗဟု လီကတာ"နော်၊ အကြိမ်ကြိမ်အခါခါ ပွားပါ၊ မျက်စိက မြင်ရင်လည်း ခုန လက္ခဏာဉာဏ် မြင်အောင်ပွားပါ၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ

မြင်အောင်ပွားပါ၊ နားက ကြားရင်လည်း ပွားပါ၊ နှာခေါင်းကမွှေးရင်နံ့ရင်လည်း ပွားပါ၊ ပါးစပ်မှာ စားတိုင်းစားတိုင်း လျှာမှာစားတိုင်းစားတိုင်းလည်း ပွားပါ၊ ကိုယ်မှာ အဝတ်ဝတ်တိုင်းဝတ်တိုင်း တွေ့ထိတိုင်း တွေ့ထိတိုင်း ထိုင်တိုင်းထိုင်တိုင်း အိပ်တိုင်းအိပ်တိုင်း လည်း ပွားပါ၊ စိတ်ကလည်း ကြံစည်တိုင်းကြံစည်တိုင်း ပွားပါဆိုရင် အာရုံနဲ့ဒွါရတိုက်တိုင်းတိုက်တိုင်း ပွားနေရင် ဒကာ ဒကာမတွေ လက္ခဏာဉာဏ်တွေ မရဘူးလား (ရပါတယ်ဘုရား) လက္ခဏာဉာဏ်ဆိုတာ အနိစ္စလက္ခဏာ ဉာဏ်တွေ့လာရင် ဟော အထက်တန်းဗုဒ္ဓဘာသာတွေ တစ်တန်းချင်း တစ်တန်းချင်း တစ်ဆင့်ချင်းတစ်ဆင့်ချင်း မတက်ဘူးလား၊ (တက်ပါယ်ဘုရား)အဲဒီလို လက္ခဏာ ဉာဏ်ကနေပြီးတော့ တဖြည်းဖြည်း အားထုတ်ရင်း အားထုတ်ရင်းနဲ့ လက်တွေ့လည်း တရားအားထုတ်ရော ဟော ဒကာ ဒကာမတွေ မဂ်ဉာဏ်ဆိုပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဉာဏ်တွေ မလာဘူးလား (လာပါတယ်ဘုရား) အဲဒီလို နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် တဲ့ ဉာဏ်တွေကတော့ဖြင့် ဓမ္မကနေ ကျေးဇူးပြုမယ့် ဓမ္မတာဝန် ဖြစ်ပါတယ်။

**တာဝန်ကြီး သုံးရပ်**

အဲဒီ ဉာဏ်တွေကို သဘောပေါက် နားလည်အောင် ပြောဖို့က ဆရာ့တာဝန်ဖြစ်ပါတယ်၊ နားလည်ပြီးတဲ့ အခါမှာ ကျင့်ကြံပွားများအားထုတ်ဖို့က ဒကာ ဒကာမ တွေ တာဝန်ဖြစ်ပါတယ်၊ ဒီတော့ တရားအလုပ် လုပ်နေတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ နိဂုံးချုပ်အနေနဲ့ ပြောလိုက်မယ်ဆိုရင် တာဝန်ကြီး ၃- ရပ်ရှိတယ်လို့မှတ်ပါ၊ တာဝန်ကြီး ဘယ်နှစ်ရပ် (သုံးရပ်ပါဘုရား) ဒီလိုဖြင့် ယောဂီတို့ ထမ်းရမယ့် တာဝန်ကြီးဘယ်နှစ်ရပ် (သုံးရပ်ပါဘုရား) ဆရာ့ တာဝန်ရယ်၊ ဒကာ့တာဝန် ရယ်၊ မဂ္ဂတာဝန်ရယ် တာဝန်ကြီး ဘယ်နှစ်ရပ်ရှိလဲ (သုံးရပ်ရှိပါတယ်ဘုရား)

ဆရာ့တာဝန်ကို ခုနပြောခဲ့တဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ရုပ်တရား၊ နာမ်တရားတွေ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်၊ လက္ခဏာဉာဏ် အဲဒီလိုဉာဏ်တွေကို နားလည်အောင် ပြောဖို့တော့ ဆရာ့တာဝန်ပေါ့၊ နားလည် သွားပြီဆိုရင် ဒကာ ဒကာ့မတွေ အလကားနေလို့ မရဘူး၊ ဘာလုပ်ရမှာလဲ (အားထုတ်ရပါမယ်ဘုရား) အဲဒီလို အရိုးကြေကြေ အရေခန်းခန်း မရမချင်း အားထုတ်မယ်ဆိုတဲ့ ဖွဲလုံ့လ အပြည့်ဖြင့် အားထုတ်ဖို့ကတော့ ဒကာ့တာဝန်ပဲနော်၊ ယောဂီတို့ရဲ့ တာဝန်ပါ၊

အဲဒီလိုဆို အားထုတ်တဲ့အခါကျတော့ **"ဟာ တပည့်တော်တို့ တစ်နှစ်နေလည်း ဘာမှမတွေ့ရ"** ပြောမနေနဲ့ ကိုယ့်ကိစ္စမပါဘူး၊ **ဓမ္မတာဝန်**၊ ဘာတာဝန်လဲ (ဓမ္မတာဝန်ပါဘုရား) တရားကိုသာ ရှေ့နောက်အစဉ် မှန်အောင်ကြိုးစားဖို့ကတော့ ဒကာ ဒကာမတွေအလုပ်၊ မှန်အောင်တည့်ပေးဖို့ သင်ဖို့ကတော့ ဆရာ့အလုပ်၊ အဲဒီလို ဆရာ့တာဝန် ဒကာ့ တာဝန်ကျေရင် **ဓမ္မတာဝန်** ကလည်း ဆုတောင်းမနေနဲ့ ဒကာ ဒကာမတွေ၊ အလိုအလျောက် မလာနိုင်ဘူးလား။

## ဒိဋ္ဌိပြုတ်ဝါဒ

အဲဒီကဲ့သို့ လာနိုင်ဖို့အတွက် လာပြီဆိုရင် ဩဇ်ငါတို့ ဘုရား အလိုတော်ကျ ဗုဒ္ဓဘာသာဟာ ဘာလဲဆိုတော့ ဘုရားဝါဒ အပြည့်မရဘူးလား၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဘုရားဝါဒကို ပြောစမ်းပါ လို့ ပုဏ္ဏားကမေးတဲ့အခါကျတော့ **'ငါ့ဝါဒက ဒိဋ္ဌိပြုတ်တဲ့ ဝါဒ'** ဘုရားဝါဒက ဘာဝါဒလဲ (ဒိဋ္ဌိပြုတ်ဝါဒပါဘုရား) ဒီနေ့ ဟောဒီလို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပါဒ်တွေကို သင်တာသည် တခြားပြုတ်ဖို့လား ဒိဋ္ဌိပြုတ်ဖို့လား။ အဲဒီတော့ ဒိဋ္ဌိပြုတ်ဖို့ အသိဉာဏ်နဲ့ဖြုတ်၊ အပွားဉာဏ်နဲ့ဖြုတ်၊ အပယ်ဉာဏ် နဲ့ဖြုတ်ဆိုတော့ ဒိဋ္ဌိပြုတ်နည်း ဘယ်နှစ်နည်း (၃-

နည်းပါဘုရား) အဲဒီတော့ အသိဉာဏ်နဲ့ ဖြုတ်ဖို့က သရာ့တာဝန်၊ ကြိုးစား ပွားများအားထုတ်ပြီးတော့ အပွားဉာဏ်နဲ့ ဖြုတ်ဖို့ကတော့ ယောဂီဒကာ ဒကာမတွေရဲ့တာဝန်၊ ဆိုင်ရာဆိုင်ရာ ပယ်ဖို့ ကတော့ မပွတာဝန်ဖြစ်ပါတယ်။

အဲဒီလို တာဝန်ကြီးသုံးရပ်မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေမှာ ငါတို့ခေါင်းပေါ်မှာ တာဝန်ကြီးသုံးရပ် ရှိပါတယ်ဆိုပြီး ဒကာ ဒကာမများ သဘောမပေါက်ရ ဘူးလား (ပေါက်ရပါတယ်ဘုရား) အေး အဲဒီကဲ့သို့ သဘောပေါက်ရမယ်နော်။

## စည်းပျက်ကမ်းပျက် ဘုန်းကြီး

အဲဒီတော့ ဘုန်းကြီးလည်း အများကြီး ဟောချင် တယ်ဟုတ်လား၊ ခုနဟောတဲ့ အချိန်ဟာလည်းပဲ ၂– နာရီလည်းကျော်ပြီပေါ့၊ တကယ်တော့ မိုးကုတ်မွေက ထိက တွေရဲ့ ထုံးစံကစည်းကမ်းက တစ်နာရီပဲဟော ရတယ်၊ ဘုန်းကြီးက စည်းကမ်းပျက်ဘုန်းကြီး ဖြစ်သွားပြီ၊ အဲဒီတော့ နှစ်နာရီ ကျော်ကျော်ဟောလိုက်ရ တယ်၊ သို့သော်မစုံပါဘူး၊ အဲဒီတော့ မစုံတဲ့အတွက် ယောဂီများကတော့ သည်းခံပါလို့ ဘုန်းကြီး တောင်းပန် ပါတယ်၊ ဟုတ်လား၊ အေး ခုနဆောင်ပုဒ်ကလေးတွေ

ပြန်ပြီးဆိုရင်းနဲ့ပဲ နိဂုံးချုပ်ရမယ်နော်။

- အဝိဇ္ဇာ ဘယ်မှာနေ၊ မိမိစိတ်မှာနေ ။
- တစ်ခါတလေ မိုက်မဲမှု ၊ သင်္ခါရကိုပြု ။
- သင်္ခါရပြုတော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကို ဆွယ်။
- အမှီခြောက်သွယ် မှန်တံခါး ကောင်းစွာတပ် ဆင်ထား
- အာရုံခြောက်ပါး တွေ့ဆုံသော်၊ ဝိညာဏ် ခြောက်ပါး ဆိုင်ရာပေါ်၊
- ပေါ်လာလေတဲ့ အာရုံများ ၊ ကောင်းစွာသူခံစား။
- ခံစားပြီးတော့ လိုချင်ပြန်၊ စွဲလမ်းဥပါဒါန် ။
- ဥပါဒါန်ကြောင့် ရလိုမှု၊ ကံတွေ ကံတွေ ထပ်ဆင့်ပြု
- ကံပြုမိတော့ ဇာတိပေါ် ၊ နာမ်ရုပ် အသစ်ခေါ်။
- နာမ်ရုပ်ပေါ်တော့ အို နာ ဆုံး၊သေတော့ ခေါင်း တစ်လုံး။

အဲဒီတော့ အထက်တန်းဗုဒ္ဓဘာသာဝင် တစ်ဦး တစ်ယောက်ရဲ့ သိသင့်သိထိုက် ကျင့်သင့်ကျင့်ထိုက် မျက်မှောက်ပြုသင့် မျက်မှောက်ပြုထိုက်တဲ့ တရားများကို ကြိုးစား ပွားများအားထုတ် မျက်မှောက်ပြုနိုင်ပါစေဆိုတဲ့ အနေအားဖြင့် ယနေ့ တရားဒေသနာကို ဟောဖော်ညွှန် ကြားရတဲ့အတွက် ယခုတရားကို နိဂုံးချုပ်မယ် အားလုံးပဲ

လက်အုပ်ချီပြီးတော့ ဆုတောင်းမေတ္တာ ပို့လိုက်ကြရအောင်နော်။

အားလုံးသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား ဤကဲ့သို့ တရားဒေသနာ အစဉ်အားဖြင့် ဟောဖော် ညွှန်ကြားရတဲ့ ဓမ္မဒါန ကောင်းမှုကုသိုလ်ကံစေတနာနဲ့တကွ ထိုတရားဒေသနာများကို ရိုသေစွာ နာခံမှတ်သားရတဲ့ ကောင်းမှုပေါင်းစုတို့ကြောင့် တရားဟောတရားနာ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့နှင့်တကွ ဤတရားပွဲ ကြီးဖြစ်မြောက်ရန် စီမံဆောင်ရွက်ကြတဲ့ တရားဒကာ တရားအမများနဲ့တကွ မီးအလှူရှင်၊ ဝေယျာဝစ္စအလှူရှင် ယာဉ်အလှူရှင်၊ ပလ္လင်အလှူရှင်၊ အစရှိသည်ဖြင့် ဤတရားပွဲ ကြီးနှင့် ဆက်စပ်သမ္ဗန္ဓသော အားလုံးသော အလှူဒကာ ဒကာမ (၇)ရက်သားသမီး အပေါင်းတို့မှာ ဘေးဘယာ ဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ ဟူသော ပတ္ထနာဆုပြု၍ ဝမ်းမြောက်နှမော် သာဓုသံမြိုင်မြိုင် ခေါ်လိုက်ကြပါတော့ ။

"သာဓု သာဓု သာဓု"